# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# သတ္တမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း | ၂ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၆ |
| ၄ | မြစ်သားမြို့တွင် နှစ်စဉ်နှစ်တိုင်း ရေကြီးမှုဒဏ်ကို ခံစားနေရသော ဘူတာရပ်ကွက်နှင့် ယွေးကျေးရွာရှိ ပြည်သူများအတွက် ရေကြီးရေလျှံမှုများမှ ကာကွယ်တားဆီးရန် လုပ်ငန်းအစီအမံများ အမြန်ဆုံး ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၅ | မြေပုံမြို့နယ်(အငူ-ထူးချေ)ကျေးရွာချင်းဆက် ပင်လယ်ကမ်းခြေပတ်လမ်း လှိုင်းကာကျောက်စီနံရံ အရှည် ၂၈၀၀ ပေ၏အမြင့်အား နှစ်ပေထပ်မံမြှင့်တင်ပေးရန်၊ မြေသားလမ်းနှစ်မိုင်အား ကျောက်ချော လမ်းခင်းပေးရန်၊ ရွာနှစ်ရွာကြားရှိ မတ်စောက်၍ အန္တရာယ်များသော တောင်အား ဖြတ်တောက်ပြီး လမ်းနှင့်ရွာအကြား တစ်ဆက်တစ်စပ်တည်း ဖြစ်စေရန် မြေသားဖို့ပေးခြင်းနှင့် လိုအပ်နေသော ရေပြွန်များအတွက် မြေထိန်းနံရံများ တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိတို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၆ | ကစ္စပနဒီ(ကုလားတန်)မြစ်ကူးတံတားကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ဆောင်ရွက်စီစဉ် ထားသော်လည်း ယခုတိုင် မဆောက်လုပ်နိုင်ခြင်းကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၆ |
| ၇ | လက်ပံတန်းမြို့နယ်ရှိ ကမ်းရင်းတာဟောင်းအား ကျေးရွာချင်းဆက်လမ်း အဖြစ်လမ်းအဆင့် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၉ |
| ၈ | ကျောင်းကုန်းမြို့နယ်ရှိ အစုကြီး-ကွမ်းခြံကုန်းလမ်းအား ရာသီမရွေး သွားလာနိုင်သော ကျောက်ခင်းလမ်းအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၃၂ |

၉ မင်းဘူး(စကု)မြို့နယ်၊ အိုင်မရွာနှင့် အိုးပြင်မဲရွာတို့ ဆက်သွယ်သော နေရာတွင် ရာသီမရွေးသွားလာနိုင်သော မန်းချောင်းတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၃၅

၁၀ ပူတာအိုမြို့နယ်အတွင်းရှိ ပမ္မတီး-နမ်ရှယ်-မလိခေါင်လမ်းတွင် ကျောက်ချော လမ်းခင်းရန် ကျန်ရှိနေသော ၂ မိုင် ၁ ဖာလုံအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းဆက်လက်ခင်း ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၄၀

၁၁ ဒေါ်နန်းခမ်းအေး၊ နမ္မတူမဲဆန္ဒနယ်က ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ ဌာနအဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် တင်ဒါများကိုဖိတ်ခေါ်ရာတွင် သက်ဆိုင်ရာ လုပ်ငန်းများ၏တည်နေရာ၊ Design Drawing နှင့် Estimate (ခန့်မှန်းရန်ပုံငွေများ)ကို ပြည့်စုံစွာဖော်ပြပြီး သက်ဆိုင်ရာဌာနများ၏ Website များတွင် စတင်ဖိတ်ခေါ် သည်သာမက တင်ဒါအောင်မြင်သွားသည့် ကုမ္ပဏီများကိုပါ အတူယှဉ်တွဲပြီး လုပ်ငန်းပြီးစီးသည်အထိ သက်ဆိုင်ရာ ဌာန၏ Website များတွင် တရားဝင်ဖော်ပြပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း ၄၃

၁၂ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၁၃၂

# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# သတ္တမနေ့ အစီအစဉ်

# (၂၅-၁၁-၂၀၁၉)(တနင်္လာနေ့)  နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၏ **မြစ်သားမြို့တွင် နှစ်စဉ်နှစ်တိုင်း ရေကြီးမှုဒဏ်ကို ခံစားနေရသော ဘူတာရပ်ကွက်နှင့် ယွေးကျေးရွာရှိ ပြည်သူများအတွက် ရေကြီးရေလျှံမှုများမှ ကာကွယ် တားဆီးရန် လုပ်ငန်းအစီအမံများ အမြန်ဆုံးချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **မြေပုံမြို့နယ် (အငူ-ထူးချေ) ကျေးရွာ ချင်းဆက် ပင်လယ်ကမ်းခြေပတ်လမ်း လှိုင်းကာ ကျောက်စီနံရံ အရှည် (၂၈၀၀) ပေ၏ အမြင့်အား (၂) ပေ ထပ်မံ မြှင့်တင်ပေးရန်၊ မြေသားလမ်း (၂) မိုင်အား ကျောက်ချောလမ်းခင်းပေးရန်၊ ရွာနှစ်ရွာကြားရှိ မတ်စောက်၍**

**အန္တရာယ်များသောတောင်အား ဖြတ်တောက်ပြီး လမ်းနှင့်ရွာအကြား တစ်ဆက်တစ်စပ်တည်းဖြစ်စေရန် မြေသားဖို့ပေးခြင်းနှင့် လိုအပ်နေသော ရေပြွန်များအတွက် မြေထိန်းနံရံများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ တို့ကိုသိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအောင်ကျော်ဇံ၊ ပေါက်တော မဲဆန္ဒနယ်၏ **ကစ္စပနဒီ (ကုလားတန်) မြစ်ကူးတံတားကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်ပြီး ဆောင်ရွက်ရန် စီစဉ်ထားသော်လည်း ယခုတိုင် မဆောက်လုပ်နိုင်ခြင်းကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ **လက်ပံတန်းမြို့နယ်ရှိ ကမ်းရင်း တာဟောင်းအား ကျေးရွာချင်းဆက်လမ်းအဖြစ် လမ်းအဆင့်တိုးမြှင့် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **ကျောင်းကုန်းမြို့နယ်ရှိ အစုကြီး-ကွမ်းခြံကုန်းလမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်ခင်း လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့်** စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **မင်းဘူး(စကု)မြို့နယ်၊ အိုင်းမရွာနှင့် အိုးပြင်မဲရွာတို့ ဆက်သွယ်သောနေရာတွင် ရာသီမရွေးသွားလာနိုင်သော မန်းချောင်းတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမိုးရွှေ၊ ပူတာအို မဲဆန္ဒနယ်၏ **ပူတာအိုမြို့နယ်အတွင်းရှိ ပမ္မတီး- နမ်ရှယ်- မလိခေါင်လမ်းတွင် ကျောက်ချောလမ်းခင်းရန် ကျန်ရှိနေသော (၂) မိုင်၊ (၁)ဖာလုံ အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်း ဆက်လက် ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်နန်းခမ်းအေး၊ နမ္မတူ မဲဆန္ဒနယ်က **"ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် တင်ဒါများကို ဖိတ်ခေါ်ရာတွင် သက်ဆိုင်ရာလုပ်ငန်းများ၏ တည်နေရာ၊ Design Drawing နှင့် Estimate (ခန့်မှန်းရန်ပုံငွေများ)ကို ပြည့်စုံစွာဖော်ပြပြီး သက်ဆိုင်ရာဌာနများ၏ Website များတွင် စတင်ဖိတ်ခေါ်သည်သာမက တင်ဒါအောင်မြင်သွားသည့် ကုမ္ပဏီများကိုပါ အတူယှဉ်တွဲပြီး လုပ်ငန်းပြီးစီးသည်အထိ သက်ဆိုင်ရာ ဌာန၏ Website များတွင် တရားဝင်ဖော်ပြပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက **"အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်း"**ကို တင်သွင်းခြင်း၊

၉။ **"အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၀။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက တင်သွင်းသည့် **"အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပေးပို့သော **"အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများ"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုအပေါ် ပြင်ဆင်ချက်တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကပေးပို့သော **"တရားလွှတ်တော်ရှေ့နေများ ကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုအပေါ် ပြင်ဆင်ချက်တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၁၃။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ပေးပို့သော **"တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများ"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုအပေါ် ပြင်ဆင်ချက်တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၁၄။ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၁၅။ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၆။ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ တင်ပြခြင်း၊

၁၇။ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## သတ္တမနေ့မှတ်တမ်း

## ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

## (၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော် အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့အစီအစဉ် စတင်ပါတော့မယ်။

မူကြမ်း

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၂ ဦးရှိသည့်အနက် ၃၇၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၅၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခုအစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြား သွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၂ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၈ ဦး ရှိကာ ယနေ့ခွင့်ပန်ကြားသူ ၄၇ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၅ ရက်၊

(၂) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊

(၃) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၃ ရက်၊

(၄) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၁ ရက်၊

(၅) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၆) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၅ ရက်၊

(၇) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၄ ရက်၊

(၈) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှငွေဝင်း ခွင့် ၅ ရက်၊

(၉) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၁၀) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊

(၁၁) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၃ ရက်၊

(၁၂) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၁၃) ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၁၄) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ခွင့် ၅ ရက်၊

(၁၅) တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ခွင့် ၁ ရက်၊

(၁၆) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို ခွင့် ၁ ရက်၊

(၁၇) ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊

(၁၈) ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း ခွင့် ၁ ရက်၊

(၁၉) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၃ ရက်၊

(၂၀) နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် ၁၂ ရက်၊

(၂၁) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး ခွင့် ၂ ရက်၊

(၂၂) တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊

(၂၃) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊

(၂၄) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်စင် ခွင့် ၁ ရက်၊

(၂၅) ရွာတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၁ ရက်၊

(၂၆) လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ခွင့် ၁ ရက်၊

(၂၇) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၂ ရက်၊

(၂၈) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၅ ရက်၊

(၂၉) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ငွေး ခွင့် ၁ ရက်၊

(၃၀) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့် ၁ ရက်၊

(၃၁) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၁ ရက်၊

(၃၂) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့် ၁ ရက်၊

(၃၃) စဥ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် ခွင့် ၁ ရက်၊

(၃၄) လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီခွင့် ၁ ရက်၊

(၃၅) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၆) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၁ ရက်၊

(၃၇) တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်သီဟ ခွင့် ၃ ရက်၊

(၃၈) တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦး ခွင့် ၅ ရက်၊

(၃၉) တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနိုင်လင်း ခွင့် ၁ ရက်၊

(၄၀) သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ခွင့် ၅ ရက်၊

(၄၁) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်၊

(၄၂) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၄၃) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၄၄) ပုဗ္ဗန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊

(၄၅) ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ခွင့် ၁၂ ရက်၊

(၄၆) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၁ ရက်နှင့်

(၄၇) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၄၇ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၄၃၂ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၄၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၅၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မြစ်သားမြို့တွင် နှစ်စဉ်နှစ်တိုင်း ရေကြီးမှုဒဏ်ကို ခံစားနေရသော ဘူတာရပ်ကွက်နှင့် ယွေးကျေးရွာရှိ ပြည်သူများအတွက် ရေကြီးရေလျှံမှုများမှ ကာကွယ်တားဆီးရန် လုပ်ငန်းအစီအမံများ အမြန်ဆုံးချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာလင်းလင်းကျော်(မြစ်သားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော်ပဲဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မှာ မြစ်သားမြို့မှာရှိတဲ့ ဘူတာရပ်ကွက်နှင့် ယွေးကျေးရွာရှိ ရေကြီးရေလျှံ ရေဝင်ရောက်မှုဒဏ်ကိုခံစားနေတဲ့ ပြည်သူများကိုယ်စား မေးခွန်း မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြစ်သားမြို့နယ်မှာ အဓိကကျတဲ့ မြစ်နှစ်စင်းရှိပါတယ်။ အဲဒီမြစ်တွေကတော့ ပန်းလောင်မြစ်နဲ့ စမုံမြစ်တွေပဲဖြစ်ပါတယ်။ ဒီမြစ်တွေကြောင့်ပဲ ကျွန်တော်တို့မြို့နယ်သာမက တခြားနီးစပ်နဲ့ မြို့နယ်တွေမှာပါ ကောင်းကျိုးများစွာကို စံစားခံစားရသော်လည်းပဲ ကျွန်တော်တို့

မြို့နယ်မှာရှိတဲ့ မြစ်ဘေးကရွာတွေကျတော့ ရေကြီးရေလျှံမှုဒဏ်ကို နှစ်စဉ်ခံစားနေရပါတယ်။ ဒါကြောင့်မို့လို့လည်း ကျွန်တော် ပြည်သူ့လွှတ်တော်မှာပဲ စမုံမြစ်ဘေးနားကရွာတွေရော၊ ပန်းလောင်မြစ်ဘေးနားရွာတွေရော ရေကြီးရေလျှံမှုဒဏ်ကို ရေတို၊ ရေရှည်စီမံကိန်းများနှင့် မည်သို့ဆောင်ရွက်မလဲဆိုပြီး ကျွန်တော်မေးမြန်းတဲ့အပေါ်မှာတော့ အဲဒီတုန်းက သက်ဆိုင်ရာဝန်ကြီးဌာနက မြို့နယ်၊ တိုင်းဒေသကြီး၊ ခရိုင်များနှင့် ဌာနဆိုင်ရာတွေအားလုံးပူးပေါင်းပြီး ရေရှည်၊ ရေတိုစီမံကိန်းများနှင့် ဆောင်ရွက်မယ်လို့ ပြန်လည်ဖြေကြားမှုအပေါ်ကို ကြိုဆိုပါတယ်။

ဒါပေမဲ့လည်း ဘူတာရပ်ကွက်နှင့် ယွေးကျေးရွာအတွက် ဘာလို့ မေးခွန်းသီးခြားထပ်မေးရသလဲဆိုတော့ ဒီရွာတွေက ပန်းလောင်မြစ်၊ စမာရေလွှဲဆည်ရဲ့အောက်ဘက် အနိမ့်ပိုင်းမှာရှိပြီးတော့ မိုးတကယ်ရွာလာလို့ရှိရင် မြစ်ရေထောက်တဲ့ဒဏ်နဲ့ပေါင်းပြီးတော့ တစ်နှစ်ကိုတစ်ကြိမ်သာမကဘဲနဲ့ တစ်ခါတလေ တချို့နှစ်တွေမှာဆို နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ်၊ ငါးကြိမ်ထိအောင် ရေကြီးရေလျှံမှုဒဏ်ကို ခံစားနေရတဲ့အတွက် ဒီမေးခွန်းကို သီးခြားထပ်မံပြီး မေးခွန်းမေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။ ရေကြီးရေလျှံမှုဒဏ်ကို ကာကွယ်ရန်အတွက် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာလွှတ်တော်များမှာ ဆွေးနွေးခြင်း၊ မေးမြန်းခြင်း၊ ဌာနဆိုင်ရာများနှင့်ပေါင်းစပ်ပြီးတော့ ပြည်သူ့ကိုယ်စားတင်ပြခြင်းကိုလည်း ဆောင်ရွက်ခဲ့ကြပါတယ်။

လက်ရှိအနေအထားမှာ ကျွန်တော့်ရဲ့ကြယ်ပွင့်ပြမေးခွန်းကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ စမုံမြစ်နဲ့ပန်းလောင်မြစ်နှစ်စင်းမှာရှိတဲ့ ရေကြီးရေလျှံမှုဒဏ်ကို ကာကွယ်ရန်အတွက် မဟာဗျူဟာမြောက်စီမံကိန်းများကို ဆောင်ရွက်လျက်ရှိသည်မှာ မှန်ကန်ပါသော်လည်း၊ ကြိုဆိုပါသော်လည်း ယခုတင်ပြပါ ဘူတာရပ်ကွက်နှင့် ယွေးကျေးရွာအပိုင်းသည် လတ်တလော အမြန်ဆောင်ရွက်မှသာ ပြည်သူများ ရေဘေးဒုက္ခမှကင်းဝေးမည်ဖြစ်ပါသဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့

ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ နှစ်စဉ်နှစ်တိုင်း ရေကြီး ရေလျှံ ရေဝင်ရောက်မှုဒဏ်ကို ခံစားနေရသော မြစ်သားမြို့၊ ပန်းလောင်မြစ်ဘေးရှိ ဘူတာရပ်ကွက်နှင့်ယွေးကျေးရွာရှိပြည်သူများအတွက် နောင်တွင် ရေကြီးရေလျှံ ရေဝင်ရောက်မှုများမှ ကာကွယ်တားဆီးရန် ပြည်ထောင်စုအရေးပေါ်ရန်ပုံငွေမှဖြစ်စေ၊ တိုင်းဒေသကြီးအရေးပေါ် ရန်ပုံငွေမှဖြစ်စေ၊ အခြားဘဏ္ဍာရေးနှစ်ခေါင်းစဉ်မှဖြစ်စေသုံးစွဲပြီး လုပ်ငန်းအစီအမံများ အမြန်ဆုံးချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည်နှင့် မရှိပါက အဘယ်ကြောင့်နည်းဟု မေးမြန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလင်းလင်းကျော်၏ နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံ ရေဝင်ရောက်မှုဒဏ်ကို ခံစားနေရတဲ့ မြစ်သားမြို့၊ ပန်းလောင်မြစ်ဘေးရှိ ဘူတာရပ်ကွက်နှင့် ယွေးကျေးရွာရှိ ပြည်သူများအတွက် နောင်တွင် ရေကြီးရေလျှံ ရေဝင်ရောက်မှုများမှ ကာကွယ်တားဆီးရန် ပြည်ထောင်စုအရေးပေါ်ရန်ပုံငွေမှဖြစ်စေ၊ တိုင်းဒေသကြီးအရေးပေါ်ရန်ပုံငွေမှဖြစ်စေ၊ အခြားဘဏ္ဍာရေးနှစ်ခေါင်းစဉ်မှဖြစ်စေ သုံးစွဲပြီး လုပ်ငန်းအစီအမံများ အမြန်ဆုံးချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးမည်နည်း။ မရှိပါက အဘယ့်ကြောင့်နည်းဆိုတာကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းအပေါ် မန္တလေးတိုင်းဒေသကြီး

အစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့အတိုင်း မြစ်သားမြို့နယ်၊ စမုံမြစ်နှင့် ပန်းလောင်မြစ်ဘေးရှိ ကျေးရွာများအတွက် နောင်တွင် ရေကြီးရေလျှံဘေးသင့်မှုမှ ကင်းဝေးစေရန် ဖြေရှင်းဆောင်ရွက်ပေးရန်ရှိ/မရှိနှင့်စပ်လျဉ်း၍ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးမှာ ကိုယ်စားလှယ်တော်ကြီးရဲ့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့မှုအပေါ်တွင်လည်းကောင်း၊ မြစ်သားမြို့၊ ပန်းလောင်မြစ်၊ စမာသဲထုတ်အောက်ပိုင်း ရေကြီးနစ်မြုပ်မှုကာကွယ်ရန် သဲနုန်းတူးဖော်ခြင်းနှင့် တာပေါင်များပြုပြင်ရန် အစီအစဉ်ရှိ/မရှိကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှေ့ဌး(ခ)ဒေါ်အုန်းကြည်ရဲ့ ကြယ်ပွင့်မပြမေးခွန်းအပေါ်တွင်လည်းကောင်း၊ ပန်းလောင်မြစ် ရေကြီးရေလျှံမှု လျော့ပါးသက်သာစေရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများမှာ လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်ခြင်း၊ မြေယာလျော်ကြေးကိစ္စရပ် များအတွက် ဒေသခံပြည်သူများ၏ သဘောထားတူညီမှုမှုများရှိရန် များစွာညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ခြင်း၊ မြစ်ချောင်းနယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက်နေထိုင်သူများကို ရှင်းလင်းရမည် ဖြစ်ခြင်း၊ လုပ်ငန်းကုန်ကျစရိတ် လွန်စွာများပြားနိုင်ခြင်းနှင့် အသေးစိတ်လုပ်ငန်းများအတွက် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ခြင်းတို့ကြောင့် ဆောင်ရွက်သင့်သည့်အစီအမံများရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကို သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားထားခဲ့မှု ရှိကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က တင်ပြထားပါတယ်။

ထို့အပြင် မြစ်သားမြို့အောက်ပိုင်း ဘူတာရပ်ကွက်အတွင်း ရေကြီးရေလျှံ ကာကွယ်ရေးအတွက် အရေးပေါ်ဆောလျင်စွာပြုပြင်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်၏ မေးမြန်းခဲ့မှုအပေါ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်အစည်းအဝေးနှင့် (၁၅)ကြိမ်မြောက် အစည်းအဝေးတို့တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေလျာထားပြီး ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကိုလည်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြေကြားခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။ မြစ်သားမြို့၊ ဘူတာရပ်ကွက်တွင် မိုးရာသီ ရေများချိန်၌ နှစ်စဉ်ရေလွှမ်းမိုးလေ့ရှိသဖြင့် ယခုနှစ်မှာ ရုတ်တရက်ရေကြီးရေလျှံမှုမှ ကာကွယ်ရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစ်ကြောင်းတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တိုင်းတာတွေ့ရှိချက်များအရ ဆောင်ရွက်သင့်သည့်အစီအမံများရေးဆွဲပြီး ခန့်မှန်းကုန်ကျစရိတ်များ တွက်ချက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ရန်ပုံငွေတွင် လျာထားပေးမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြေကြားထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်သားမြို့၊ ဘူတာရပ်ကွက် ရေကြီးရေလျှံမှုကာကွယ်နိုင်ရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့အထိ ပန်းလောင်မြစ်ကြောင်းတစ်လျှောက် မြစ်သားမြို့ရှိ စမာသဲထုတ်ဆည်၏ အထက်ဘက် ၁.၁ ကီလိုမီတာနှင့် အောက်ဘက် ၃.၅ ကီလိုမီတာ စုစုပေါင်း ၄.၆ ကီလိုမီတာကို တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ ကွင်းဆင်းတိုင်းတာ စစ်ဆေးတွေ့ရှိချက်များအရ မြစ်သားမြို့အနီး ပန်းလောင်မြစ်မှာ စမာသဲထုတ်ဆည်တည်ဆောက်ပြီး နောက်ပိုင်းမှာ ဒေသရဲ့စိုက်ပျိုးရေးလုပ်ငန်းများ၌ စိုက်ပျိုးရေး

ရေရရှိရေးအတွက် အထောက်အကူဖြစ်ခဲ့သော်လည်း စမာသဲထုတ်ဆည်၏ အောက်ဘက်ရှိ ပန်းလောင်မြစ်အတွင်း နွေရာသီတွင် ရေစီးဆင်းမှုနည်းပါးခဲ့ပြီး မြစ်ကြမ်းပြင်မြင့်တက်လာခြင်း၊ ကမ်းပါးနယ်နှင့် မြစ်ချောင်းနယ်အတွင်း သစ်ပင်များပေါက်ရောက်လာခြင်းနှင့် လူတို့ရဲ့ ကျူးကျော် နေထိုင်ခြင်းများကြောင့် မိုးရာသီရေများချိန်မှာ ပန်းလောင်မြစ်အတွင်း ရေစီးဆင်းမှုအတွက် အဟန့်အတားများဖြစ်ခဲ့ပြီး မြစ်ရဲ့လိုအပ်တဲ့ အကျယ်နှင့်အနက်မရှိတော့သဖြင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိခဲ့ရပါတယ်။

ယခုအခါ တိုင်းတာရရှိတဲ့ ရေလမ်းအချက်အလက်များအရ ဆောင်ရွက်သင့်သည့် ဒီဇိုင်းများ ရေးဆွဲခြင်းနှင့် ခန့်မှန်းကုန်ကျစရိတ် တွက်ချက်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေတွင် ထည့်သွင်းနိုင်ရေး အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မြေပုံမြို့နယ်(အငူ-ထူးချေ)ကျေးရွာချင်းဆက် ပင်လယ်ကမ်းခြေပတ်လမ်း လှိုင်းကာကျောက်စီနံရံ အရှည် ၂၈၀၀ ပေ၏အမြင့်အား နှစ်ပေထပ်မံမြှင့်တင်ပေးရန်၊ မြေသားလမ်းနှစ်မိုင်အား ကျောက်ချော လမ်းခင်းပေးရန်၊ ရွာနှစ်ရွာကြားရှိ မတ်စောက်၍ အန္တရာယ်များသောတောင်အား ဖြတ်တောက်ပြီး လမ်းနှင့်ရွာအကြား တစ်ဆက်တစ်စပ်တည်းဖြစ်စေရန် မြေသားဖို့ပေးခြင်းနှင့် လိုအပ်နေသော ရေပြွန်များအတွက် မြေထိန်းနံရံများ တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိတို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေသဖွံ့ဖြိုးရေးနဲ့ဆိုင်တဲ့မေးခွန်းတစ်ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်တောင်ဘက် တစ်မိုင်အကွာမှာရှိတဲ့ အငူကမ်းခြေဟာဆိုရင် သာယာလှပတဲ့ကျေးရွာနဲ့ကမ်းခြေတည်ရှိတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ အဲဒီနေရာမှာ သဘာဝလှိုင်းလေအန္တရာယ်အကြိမ်ကြိမ်တိုက်ခတ်မှုကြောင့် အငူကမ်းခြေဟာ ပျက်စီးပြီးတော့ ကျေးရွာကလည်း ရေရှည်တည်တံ့ရေးအတွက် အန္တရာယ်ကျရောက်လျက်ရှိပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်အစိုးရရန်ပုံငွေဖြင့် အရှည် ၂၈၀၀ ပေရှိတဲ့ လှိုင်းကာကျောက်စီနံရံနှင့် နှစ်မိုင်ရှည်လျားတဲ့ အငူ-အထူးချေ ကျေးရွာချင်းဆက်လမ်းကို ဖောက်လုပ်ပေးခဲ့ပါတယ်။ ဒါပေမဲ့ လှိုင်းကာကျောက်စီနံရံဟာ နိမ့်ပြီးတော့ မိုးတွင်းကာလမှာ ဒီရေကျော်ဝင်ခြင်း၊ မြေသားလမ်းပျက်စီးခြင်း၊ လမ်းအကျယ်နည်းသဖြင့် ကျေးရွာနဲ့လမ်းအကြားမှာ တစ်ဆက်တစ်စပ်တည်းမတည်ရှိဘဲ လမ်းပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ပါတယ်။ ဒီလိုအခြေအနေကြောင့် ကျေးရွာချင်းဆက်လမ်းဖောက်လုပ်အပြီးမှာ နောက်ထပ်ရေပြွန်တွေမလုံလောက်တာ၊ တချို့နေရာတွေမှာ မြေထိန်းနံရံတွေလိုအပ်တာ၊ အချို့နေရာတွေမှာ ကျေးရွာနှစ်ရွာကြားမှာရှိတဲ့ တောင်ပေါ်ဖြတ်လမ်းဟာလည်းပဲ ကျဉ်းမြောင်းပြီးတော့၊ မတ်စောက်ပြီး အန္တရာယ်ကျရောက်နေတာကြောင့် အဆင်မပြေဖြစ်ခဲ့ရပါတယ်။

ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ မြေပုံမြို့နယ်ဟာဆိုရင် ကျွန်းစင်၊ ကျွန်းလွတ် ၁၀၀ ကျော်နဲ့ဖွဲ့စည်းထားတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ရေလမ်းကိုပဲ အဓိကအားကိုးနေရတဲ့မြို့နယ်ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ကြက်ဆင်တံတားကို တည်ဆောက်ပေးခဲ့တဲ့နောက်ပိုင်းမှာတော့ ကျွန်တော်တို့မြေပုံမြို့နယ်ဟာ စစ်တွေ-ရန်ကုန်

လမ်းမကြီးနဲ့ တစ်ဆက်တစ်စပ်တည်းတည်ရှိပြီးတော့ ခရီးသွား၊ ခရီးလာတွေလည်း မြေပုံမြို့နယ်ကို တိုက်ရိုက်လာရောက်လည်ပတ်ခွင့်ရရှိခဲ့ကြပါတယ်။ အဲဒီလိုခရီးသွားအပန်းဖြေလာတဲ့ပြည်သူတွေကို အဓိကဆွဲဆောင်တဲ့နေရာကတော့ အငူကျေးရွာရဲ့ ပင်လယ်ကမ်းခြေဖြစ်ပါတယ်။ အဲဒီအငူ ကမ်းခြေကို ခုနက ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း ကျေးရွာကိုလှိုင်းလေတွေရိုက်ခတ်တဲ့အတွက်နဲ့ ကျေးရွာမပျက်ရအောင်၊ ပြီးတော့ ကမ်းခြေလည်း ကျွန်းပတ်လမ်းဖြစ်အောင်ဆိုပြီးတော့ ပြည်နယ် အစိုးရရန်ပုံငွေကိုယူပြီးတော့ ဒီလှိုင်းကာကျောက်တန်းနဲ့ မြေသားလမ်းကိုဖောက်လုပ်ပေးခဲ့တာ ဖြစ်ပါတယ်။

မြင်နေရတာတော့ တောင်ပေါ်ဖြတ်လမ်းဖြစ်ပါတယ်။ အဲဒီတောင်ပေါ်ဖြတ်လမ်းဟာလည်းပဲ ကျဉ်းပြီးတော့ မတ်စောက်တဲ့အတွက်နဲ့၊ နောက်ပြီးတော့ အဆင်းတွေမှာကျောက်စီနံရံတွေမရှိတဲ့ အတွက် ဒီနေရာမှာ အန္တရာယ်ခဏခဏကြုံတွေ့ရပါတယ်။ နောက်ပြီးတော့ ရွာနဲ့လမ်းကြား မှာလည်း အခုလိုပဲမြေသားဖို့တာကျဉ်းတဲ့အတွက်နဲ့ အဲဒီလိုကွက်လပ်တွေဖြစ်ပြီးတော့ လမ်းဟာ ဆက်လက်ပြီးတော့ပျက်စီးနေပါတယ်။ ဒီလိုကွက်လပ်တွေဖြစ်နေပါတယ်။ ဒါကတော့ မိုးတွင်း ကာလမှာ ရေကျော်ဝင်တာဖြစ်ပါတယ်။ မိုးတွင်းကာလ ရေထရက်တွေမှာဆိုရင် ဒီလိုလှိုင်းရေတွေက ကျော်ဝင်တဲ့အတွက် ဆောက်လုပ်တဲ့လမ်းတွေဟာ ပျက်သွားတယ်။ ပြီးတော့ လှိုင်းကာကျောက်စီ နံရံဟာလည်း ရေကိုမတားဆီးနိုင်ပါဘူး။ အဲဒီလိုအခြေအနေတွေကြောင့် ဒီလမ်းကောင်းမွန်ရေး၊ ဒီကျေးရွာရေရှည်တည်တံ့ခိုင်မြဲရေးကို ဦးစားပေးပြီးတော့ ကျွန်တော့်အနေနဲ့ မေးခွန်းမေးမြန်း လိုပါတယ်။ (၁) လက်ရှိလှိုင်းကာကျောက်စီနံရံ ၂၈၀၀ ပေအမြင့်အား နှစ်ပေထပ်မံပြီးတော့မြှင့်တင် ပေးရန်နှင့် မြေသားလမ်းနှစ်မိုင်အား ကျောက်ချောလမ်းအဖြစ် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ၊ (၂) လက်ရှိယာဉ်သွားယာဉ်လာအတွက် မတ်စောက်၍အန္တရာယ်များသောတောင်အား ဖြတ်တောက် နှိမ့်ချပြီး ထွက်လာတဲ့မြေသားများအား လမ်းနှင့်ရွာအကြား တစ်ဆက်တစ်စပ်တည်းဖြစ်စေရန်

ဖို့ပေးနိုင်ခြင်းရှိ/မရှိ၊ (၃) လိုအပ်သောရေပြွန်များ၊ မြေထိန်းနံရံများအား တည်ဆောက်အကောင်အထည်ဖော်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းသုံးခုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း၏ မြေပုံမြို့နယ်(အငူ-ထူးချေ)ကျေးရွာချင်းဆက် ပင်လယ်ကမ်းခြေပတ်လမ်းခိုင်ခံ့ကောင်းမွန်ရေးအတွက် လက်ရှိလှိုင်းကာကျောက်စီနံရံ အရှည်ပေ(၂၈၀၀)၏ အမြင့်ကို နှစ်ပေ ထပ်မံမြှင့်တင်ပေးရန်နှင့် မြေသားလမ်းနှစ်မိုင်ကို ကျောက်ချောလမ်းအဖြစ်တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ၊ ရွာနှစ်ရွာကြားရှိ ယာဉ်သွားယာဉ်လာအတွက် မတ်စောက်၍အန္တရာယ်များသောတောင်ကို ဖြတ်တောက်နှိမ့်ချပြီး ထွက်လာသောမြေသားများကို လမ်းနှင့်ရွာအကြား တစ်ဆက်တစ်စပ်တည်းဖြစ်စေရန် ဖို့ပေးနိုင်ခြင်းရှိ/မရှိနှင့် လိုအပ်သောရေပြွန်များကိုမြေထိန်းနံရံများ တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်(အငူ-ထူးချေ)ကျေးရွာချင်းဆက် မြေသားလမ်း၏ လက်ရှိလှိုင်းကာကျောက်စီနံရံ အရှည်ပေ ၂၈၀၀ ကို နှစ်ပေထပ်ပြီးမြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၃၅ သန်းဖြင့်ဆောင်ရွက်ရန် လျာထားပါကြောင်းနှင့် ရွာနှစ်ရွာကြားရှိ မတ်စောက်သောတောင်တက်လမ်းကို ဖြတ်တောက်နှိမ့်ချပြီး

ထွက်လာသောမြေသားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းတာပေါင်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၉၅ သန်းဖြင့် ဆောင်ရွက်ရန်လျာထားပြီး ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဖြေကြားလာပါတယ်။

မြေသားလမ်း နှစ်မိုင်ကိုကျောက်ချောလမ်းအဖြစ် ဆောင်ရွက်မည်ဆိုပါက ကျပ် ၂၁၅ သန်း ခန့်၊ ရွာနှစ်ရွာကြားရှိလမ်း၏ခြောက်နေရာမှာ လိုအပ်တဲ့ရေပြွန်များဆောင်ရွက်မည်ဆိုပါက ကျပ်သန်း ၃၀ ခန့်နှင့် ထပ်မံလိုအပ်သော ကမ်းခြေထူးချေကျေးရွာကြားရှိ လှိုင်းကာကျောက်စီ မြေထိန်းနံရံ ပေ(၁၇၀၀)ဆောင်ရွက်မည်ဆိုပါက ကျပ်သန်း ၁၂၀ ခန့်အထိ အသီးသီးကုန်ကျမည် ဖြစ်ပါသဖြင့် နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားတင်ပြ သွားမည်ဖြစ်ပါကြောင်းနှင့် လတ်တလောတွင် ဆောင်ရွက်ပေးရန်အစီအစဉ်မရှိသေးပါကြောင်း ရခိုင် ပြည်နယ်အစိုးရအဖွဲ့ကိုယ်စားဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ကစ္စပနဒီ(ကုလားတန်)မြစ်ကူးတံတားကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ဆောင်ရွက်စီစဉ် ထားသော်လည်း ယခုတိုင် မဆောက်လုပ်နိုင်ခြင်းကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ **ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ မေးမြန်းဖို့ဖြစ်ပါတယ်။**

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော် ကတော့ ပေါက်တောမဲဆန္ဒနယ်က ဦးအောင်ကျော်ဇံ ဖြစ်ပါတယ်။ ကျွန်တော့်မေးခွန်းကို အထောက် အကူပြုဖို့ Power Point ပြပါခင်ဗျား။ ကျွန်တော့်မေးခွန်းကတော့ ပေါက်တော-ပုဏ္ဏားကျွန်းမြို့ ကိုဖြတ်၍ ဆောက်လုပ်မည့် ကစ္စပနဒီတံတား(ကုလားတန်)မြစ်ကူးတံတားကို ၂၀၁၆-၂၀၁၇

ဘဏ္ဍာရေးနှစ်မှစတင်ပြီး ဆောင်ရွက်ရန်စီစဉ်ထားသော်လည်းပဲ ယခုတိုင်ဆောက်လုပ်နိုင်ခြင်း မရှိသေးတာကို ဘာကြောင့်လဲဆိုတာ သိလိုလို့ဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်တဲ့ ကျွန်တော့်ရည်ရွယ်ချက်ကတော့ ကစ္စပနဒီတံတား ခေါ် ကုလားတန်မြစ်ကူးတံတား တည်ဆောက်ရန်အလို့ငှာ ကွင်းဆင်းတိုင်းတာခြင်း၊ စီမံကိန်းဖြစ်မြောက်နိုင်စွမ်း(Feasibility study)လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခန့်မှန်းကုန်ကျစရိတ်(Estimate)များ တွက်ချက်ခြင်းနဲ့ တာဝန်ရှိပုဂ္ဂိုလ်များက လွှတ်တော်တွင်သော်လည်းကောင်း၊ အခြားနေရာများတွင်သော်လည်းကောင်း လူသိရှင်ကြား တရားဝင်ပြောကြားခြင်းစသဖြင့် အစစအရာရာဆောင်ရွက်ပြီးကာမှ ယခုတိုင် လုပ်ငန်းမစတင်နိုင်ဘဲရှိနေသည်မှာ ဘဏ္ဍာရေးအခက်အခဲကြောင့်လား၊ နည်းပညာအခက်အခဲကြောင့်လားဆိုတာ သိချင်လို့ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၄-၂-၂၀၁၅ ရက်နေ့တွင် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်ကမေးလို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်ရဲ့ဖြေကြားချက်ကိုလည်းကောင်း၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ၄-၈-၂၀၁၆ ရက်နေ့မှာ ကျွန်တော်ကမေးလို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းခိုင်ရဲ့ ဖြေကြားချက်ကိုလည်းကောင်း ကောက်နုတ်ပြီးတော့ ကိုးကားတင်ပြလိုပါတယ်။ လူကြီးတွေပြောတာကတော့ ဒီတံတားကြီးကိုဆောက်လုပ်ရေးအတွက် ကျွန်တော်တို့က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ဖို့အစီအစဉ်လုပ်ထားသော်လည်းပဲ Feasibility Study နဲ့ Design များသေချာမှုမရှိတဲ့အတွက် ဆောက်လုပ်နိုင်ခြင်းမရှိဘဲနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာမှ စတင်ပြီးတော့ ရန်ပုံငွေလျာထားပြီးဆောက်လုပ်ဖို့စီစဉ်ထားပါတယ်။ ဒီအပြင် ပြည်ပနိုင်ငံများအကူအညီရရှိရန်လည်းပဲ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ဖို့ရှိပါကြောင်း၊ နောက်တစ်ချက်က ခန့်မှန်းမကုန်ကျစရိတ်တန်ဖိုး

ကတော့ တံတားလုပ်ငန်းအနေနဲ့ ကျပ်သန်းပေါင်း ၈၄၀၈၀ ဘီလီယံ၊ လမ်းလုပ်ငန်းအနေနဲ့ ကျပ်သန်းပေါင်း ၄၀၀၀ စုစုပေါင်းခန့်မှန်းခြေတန်ဖိုးကျပ်သန်းပေါင်း ၈၄၀၀၀ ကုန်ကျမည်ဖြစ်တဲ့အတွက် လုပ်ငန်းပမာဏအင်မတန်ကြီးမားသောလုပ်ငန်းဖြစ်တဲ့အကြောင်း တင်ပြလိုပါတယ်။

ဒါ့အပြင် စစ်တွေကနေ ရန်ကုန်သို့သွားတဲ့နေရာမှာ လက်ရှိလမ်းဖြစ်တဲ့ ပုဏ္ဏားကျွန်း-ပေါက်တော-ကျောက်တော်-မြောက်ဦး-မင်းပြား-နရမ်းလမ်းဆုံအပိုင်းဟာဆိုရင် ၈၆ မိုင် ကွာဝေးပါတယ်။ ပုဏ္ဏားကျွန်းကနေ လမ်းအသစ်ဖောက်လုပ်ပြီးတော့ အခုတင်ပြတဲ့ ကစ္စပနဒီတံတားကြီးနဲ့ဖြတ်သန်းလိုက်မယ်ဆိုရင်တော့ ပုဏ္ဏားကျွန်း-ပေါက်တော-မင်းပြား-နရမ်းလမ်းထိအောင်ကို မိုင် ၄၀ ကွာပါတယ်။ တစ်နည်းအားဖြင့် မိုင် ၄၀ သွားရတဲ့အတွက် ၄၆ မိုင်ခန့်ကျုံ့သွားတာဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ အဲဒါတွေကို အကုန်သိပါတယ်။ အဲဒီအတွက် တံတားရဲ့အရေးပါမှုကိုလည်း ကျွန်တော်တို့ဌာနအနေနဲ့ အစဉ်အမြဲပဲ အမြဲတမ်းကြိုးပမ်းပြီးတော့ ဖြစ်နိုင်တဲ့နည်းလမ်းတွေကို ကျွန်တော်တို့ စဉ်းစားနေပါတယ်။

နောက်တစ်ချက်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန အခုရှိနေတဲ့ ဒုတိယဝန်ကြီးအနေနဲ့က အိန္ဒိယကကမ်းလှမ်းလာတဲ့အစီအစဉ်ကြောင့် ပုဏ္ဏားကျွန်းကနေ မင်းပြားသို့ ဖောက်လုပ်မယ့်လမ်းကို ငါးနှစ်စီမံကိန်းအတွင်းမှာပါမယ်ဆိုတဲ့အကြောင်း တင်ပြလိုပါတယ်။ ကျွန်တော်တို့ဒီလမ်းကို ဖောက်ခြင်းအားဖြင့် အကျိုးကျေးဇူးကတော့ ကစ္စပနဒီလမ်းသစ်ဖောက်လိုက်ရင် ပေါက်တောမြို့နယ်က ရေပတ်လည်ဝိုင်းပြီး ချောင်ပိတ်နေတဲ့ ပေါက်တောက ထွက်ပေါက်ရသွားမှာဖြစ်ပါတယ်။ ဒါကြောင့် လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်သွားမှာဖြစ်ပါတယ်။ နောက်တစ်ဆင့်အနေနဲ့က ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောမြို့ကိုဖျက်ပြီးတော့မှ နယ်စပ်အရောက်သွားနိုင်တဲ့အတွက် မဟာဗျူဟာလမ်းတစ်လမ်းရမှာဖြစ်ပါတယ်။ နောက် ပေါက်တောမြို့နယ်ကနေ

ကုလားတန်မြစ် ကိုဆန်တက်ပြီးတော့မှ ကျောက်တော်ကနေပြန်ဆင်းလာတဲ့အခါမှာ မိုင် ၁၀၀ ကျော် စစ်တွေကို ရောက်ဖို့ အလှမ်းဝေးနေပါတယ်။

နောက်တစ်ချက်က ကုလားတန်မြစ်ကို မိုးတွင်းကာလဖြတ်ကူးပြီးတော့အခါမှ စစ်တွေကို သွားတဲ့အခါ အင်မတန်အန္တရာယ်များပါတယ်။ ၁၉၇၀ ခုနှစ်တုန်းက စက်လှေတစ်စင်းလုံးမှောက်လို့ လူ ၅၀ ခန့်မြို့သူမြို့သားများသေဆုံးဖူးပါတယ်။ အဲဒါတွေကြောင့် ကျွန်တော်တင်ပြရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ပေါက်တောကနေစထွက်မယ်ဆိုရင် ကျောက်တော်ကို ပတ်သွားရမယ့်အနေအထား ဖြစ်ပါတယ်။ အခုတံတားအသစ် ဆောက်လိုက်ရင်တော့ တိုတိုလေးပဲ မိုင် ၃၀ လောက်ပဲရှိတဲ့ အနေအထားဖြစ်ပါတယ်။ အဲဒါများရခဲ့ရင်တော့ ကျွန်တော်တို့ အားလုံးအဆင်ပြေမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဖံ မေးမြန်းထားတဲ့ ပေါက်တော-ပုဏ္ဏားကျွန်းမြို့များကို ဖြတ်၍ဆောက်လုပ်မည့် ကစ္ဆပနဒီ(ကုလားတန်)မြစ်ကူးတံတားကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး လျာထားဆောင်ရွက်ရန် စီစဉ်ထားပါသော်လည်း ယခုတိုင်မဆောက်လုပ်နိုင်ခြင်းနှင့် အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်းမှာ လမ်းပန်း ဆက်သွယ်မှုဖွံ့ဖြိုး တိုးတက်စေဖို့အတွက် လမ်း/တံတားများကို ဖောက်လုပ်တည်ဆောက်လျက် ရှိပြီးတော့ ဦးစားပေးအစီအစဉ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ အစိုးရသစ် တက်လာပြီးနောက်ပိုင်းမှာ ရခိုင်ပြည်နယ်သည် ဦးစားပေးနံပါတ်(၁) အစီအစဉ်အနေနဲ့ လမ်းညွှန်ချက်အရ ရခိုင်ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် ဦးစားပေးဆောင်ရွက်ခဲ့တဲ့ အစီအစဉ်များကို အကျဉ်းချုပ်တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော် ပထမဦးဆုံး ရခိုင်ပြည်နယ်ဖွံ့ဖြိုး တိုးတက်ဖို့အတွက် လမ်းပန်းဆက်သွယ်မှုအရေးပါမှုနှင့် ပတ်သက်ပြီး ကျွန်တော်တို့လေ့လာတဲ့ နေရာမှာ ရခိုင်ပြည်နယ်ရဲ့ သဘာဝအရင်းအမြစ်ဖြစ်တဲ့ ပင်လယ်ကမ်းရိုးတန်းကိုအမှီပြုပြီးတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအလားအလာအများဆုံး ဖြစ်ပါတယ်။ ငပလီကဲ့သို့လှပတဲ့ပင်လယ် ကမ်းခြေတွေသည် ငပလီနဲ့ကမ်းသာယာကြားမှာ လည်းကောင်း၊ ကမ်းသာယာနှင့် ဂွကြားမှာ လည်းကောင်း၊ ဂွနဲ့ကျောက်ချွန်ကြားမှာ သော်လည်းကောင်း များစွာရှိပါတယ်။ သို့သော်လည်းပဲ ဒီနေရာသည် မဖွံ့ဖြိုးခြင်း အကြောင်းအရင်းရဲ့လမ်းပန်းဆက်သွယ်ရေးကြောင့်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုကိုဦးစားပေးမယ်ဆိုပြီး ကျွန်တော်တို့ ပထမဦးဆုံး စီမံချက်များ ရေးဆွဲခဲ့ပါတယ်။

အခုအချိန်မှာ ချောင်းသာတို့၊ ငွေဆောင်တို့မှာ ပိတ်ရက်တွေမှာ လူတွေပြည့်ကျပ်နေတဲ့ ကိစ္စက လမ်းပန်းဆက်သွယ်ရေးကြောင့်ဖြစ်ပါတယ်။ တခြားနေရာတွေသွားဖို့ခက်တဲ့အခါမှာ ချောင်းသာနဲ့ ငွေဆောင်ကိုပဲ အကုန်လုံးပြည့်ကျပ်သွားပြီးတော့ အဲဒီနေရာမှာ လူတွေက Capacity ထက်ပိုပြီးတော့ ပြည့်ကျပ်နေတဲ့အနေအထားမျိုးရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့သည်

စစချင်းမှာ ကျွန်တော်တို့ ရန်ကုန်ကနေပြီးတော့ ပေလီကို ၁၅ နာရီလောက်မောင်းရပါတယ်။ အဲဒီနာရီဟာ လျှော့ချဖို့အရင်ဆုံးဆောင်ရွက်တဲ့နေရာမှာ အခုဆိုလို့ရှိရင်တော့ ကျွန်တော်တို့ သုံးနှစ်အတွင်းမှာ ဂွနဲ့ သံတွဲကြားမှာရှိတဲ့တောင်တွေကို ကျွန်တော်တို့က ခရုပတ်လမ်းအတိုင်းသွားတာကနေပြီးတော့ တောင်တွေကို အလယ်ကနေခွဲပြီးတော့ တောင် ၁၀ လုံးကို Dobule Cutting ခွဲလိုက်ပြီးတော့ ဆောင်ရွက်လိုက်တဲ့ကိစ္စတွေရှိပါတယ်။ တောင်ကျော်လမ်းအနေနဲ့ အခုအဲဒီနေရာမှာ အဓိကက ရန်ကုန်ကနေ ပေလီကိုခုနစ်နာရီနဲ့ရောက်အောင်သွားနိုင်လို့ရှိရင်တော့ ချောင်းသာနဲ့ ငွေဆောင်မှာ သွားနေတဲ့ ပြည်သူတွေတချို့တဝက်သည် ဂွနဲ့ ကမ်းသာယာ၊ ပေလီ ဒါတွေကို မျှပြီးရောက်သွားမယ်ဆိုပြီးတော့ ကျွန်တော်တို့က ခုနစ်နာရီနဲ့ရောက်ဖို့အတွက် Planning တွေချ ဆောင်ရွက်ခဲ့ပါတယ်။ ဒီနေရာမှာ ADB ကနေပြီးတော့ ရန်ကုန်-ပုသိမ်လမ်းကိုချေးငွေအကူအညီ ပေးတာဖြစ်သလို ကျွန်တော်တို့ ဂွ-ငါးသိုင်းချောင်းလမ်းကို JICA ကနေအကူအညီပေးထားပါတယ်။

နောက် ဗေဒါကနေ သံတွဲအထိ World Bank ကနေပြီး အခုချေးငွေတွေပေးထားပါတယ်။ World Bank ချေးငွေ၊ JICA ချေးငွေနဲ့ ADB ချေးငွေများဖြင့် ဆောင်ရွက်တဲ့လုပ်ငန်းတွေအားလုံး ပြီးသွားတယ်ဆိုရင်တော့ ရန်ကုန်ကနေပြီးတော့ ခုနစ်နာရီအတွင်းမှာပဲ ပေလီကိုရောက်မှာ ဖြစ်ပြီးတော့ ဒီကြားထဲမှာ ဂွ၊ ကမ်းသာယာ စတဲ့ကမ်းခြေများဆိုရင်တော့ ဒီထက်ပိုတိုတောင်းတဲ့အချိန်တိုအတွင်း ရောက်သွားမှာဖြစ်တဲ့အတွက် ကျွန်တော်တို့သည် ရခိုင်ပြည်နယ်နဲ့ပတ်သက်တဲ့လမ်းပန်းဆက်သွယ်ရေးတွေနဲ့ပတ်သက်ပြီးတော့ ပထမဦးဆုံးလမ်းကြောင်းကြီးဖြစ်ပါတယ်။ ဒုတိယလမ်းကြောင်းက မင်းဘူး-အမ်း-စစ်တွေလမ်းကြောင်းဟာ ဒါကျွန်တော်တို့ ရခိုင်ပြည်နယ်ရဲ့အဓိကဝင်ပေါက်ကြီးဖြစ်ပါတယ်။ ဒီလမ်းကြောင်းကလည်းပဲ စစချင်းမှာ ၁၅ နာရီလောက်ယာဉ်မောင်းချိန်သွားနေတဲ့အချိန်ကနေကြားထဲမှာ ကျွန်တော်တို့က မင်းဘူး-အမ်းလမ်းမှာရှိတဲ့ ၉၇ မိုင်မှာရှိတဲ့ တောင်တွေကို ဖျက်ချခြင်း၊ အမ်းနဲ့စစ်တွေကြားကိုလည်း ၁၈ ပေအကျယ် ကွန်ကရစ်လမ်း၊

ကတ္တရာလမ်းများခင်းခြင်းတို့ ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ဒီနေ့ဒီအချိန်အခါမှာဆိုရင်တော့ ယာဉ်မောင်းချိန် ၁၂ နာရီလောက်နဲ့ မင်းဘူးမှ စစ်တွေကိုရောက်ရှိပြီးဖြစ်ပါတယ်။

အဲဒါကို ကျွန်တော်တို့ရဲ့ရည်ရွယ်ချက်က ဒီငါးနှစ်တာကာလပြီးသွားရင် ကိုးနာရီနဲ့ရောက်ဖို့အတွက် ရည်ရွယ်ချက်တွေ၊ စီမံချက်တွေရှိပါတယ်။ အဓိကကတော့ တစ်လမ်းမောင်းတွေဖြစ်နေတဲ့ ဘေလီတံတားတွေရှိပါတယ်။ ဒါတွေအားလုံးကို နှစ်လမ်းသွားတံတားတွေအဖြစ် ဒီငါးနှစ်အတွင်းမှာ ပြောင်းလဲမယ်ဆိုတဲ့စီမံချက်တွေရှိသလို တစ်လမ်းသွားဖြစ်နေတဲ့ ၁၂ ပေလမ်းတွေအားလုံးကိုလည်း ကျွန်တော်တို့ ၁၈ ပေလမ်းတွေအဖြစ်ပြောင်းဖို့ စီမံချက်တွေချထားပြီးတော့ ဒီငါးနှစ်ပြီးသွားရင် ကျွန်တော်တို့သည် မင်းဘူးကနေစစ်တွေကို ကိုးနာရီနဲ့ရောက်အောင်မောင်းနိုင်ဖို့ ကျွန်တော်တို့ ဒီလို စီမံချက်များကိုရေးဆွဲပြီးတော့ တံတားတွေကိုလည်း တစ်ဆင့်ချင်းအဆင့်မြင့်ဖို့။ အခုဆိုလို့ရှိရင်လည်း လက်ချောင်းတံတားကြီးကပြီးနေပါပြီ။ ဖွင့်ပွဲသာမလုပ်ရသေးတာပါ။ ဒီပေါ်မှာရှိတဲ့ တိမ်ညို တံတားကြီးဟာဆိုလို့ရှိရင်လည်း ပြီးစီးနေပြီဖြစ်ပါတယ်။ ဒါတွေဟာ ယခင်က ဘေလီတံတားနဲ့ တစ်ဖက်က တစ်စင်းလာနေရင် တစ်ဖက်ကနေအကြာကြီးစောင့်နေရတဲ့တံတားတွေဟာ အခုပြီးစီးနေပြီဖြစ်ကြောင်းကိုလည်း ကိုယ်စားလှယ်တော်ကြီးများအသိ ဖြစ်ပါတယ်။ တစ်ဖက်မှာ ကျွန်တော်တို့က ပြည်-တောင်ကုတ်လမ်း ၁၀၂ မိုင်ကိုလည်းပဲ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ပြန်လည်သိမ်းယူပြီးတော့ အခုဆိုလို့ရှိရင်တော့ အဆင့်မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ဆောင်ရွက်လျက်ရှိကြောင်းနဲ့ ဒီကျွန်တော်တို့ အစိုးရသစ်သုံးနှစ်ခွဲတာကာလအတွင်းမှာ ရခိုင်ပြည်နယ်အတွင်းမှာ မိုင် ၃၇၀ လောက်ကို ကျွန်တော်တို့က ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းအဖြစ် ၁၈ ပေလမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အကြောင်း ဦးစွာပထမတင်ပြလိုပါတယ်။

တံတားကြီးတွေအနေနဲ့ကတော့ ကျွန်တော်တို့က ပေ ၁၈၀ အထက်တံတားတွေကိုပဲ ကျွန်တော့်အနေနဲ့ ဒီတံတားကြီးတွေပဲပြောမယ်ဆိုရင်တော့ အမ်း-စစ်တွေလမ်းပေါ်မှာရှိတဲ့ ဒါးလက်ချောင်းတံတား၊ တိမ်ညိုတံတား၊ ကြပ်စင်တံတား၊ ဆတ်ရိုးကျတံတား။ ဒါတွေဟာ ဖွင့်လှစ်ပြီးတော့၊ တည်ဆောက်ပြီးတော့ ပြည်သူတွေကိုဖြတ်သန်းခွင့်ပြုထားပါတယ်။ ဖွင့်ပွဲတောင် မလုပ်ရသေးပါဘူး။ အခုပြီးစီးနေတဲ့အနေအထားဖြစ်ပါတယ်။ ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းနဲ့ ရသေ့တောင်-ဘူးသီးတောင်လမ်းပေါ်မှာလည်း တောဖျားချောင်းတံတား၊ ထွန်းရဝေတံတား၊ ရသေ့တောင်တံတား၊ သောင်ဒရားတံတား၊ စိုင်တင်တံတားနှင့် ပန်ဇင်းချောင်းတံတားတို့ကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါတွေဟာ အစိုးရသစ်လက်ထက်မှာတိုးတက်လာတဲ့တံတားများ ဖြစ်ပါတယ်။ ယခုလက်ရှိ အချိန်မှာလည်းပဲ အမ်း-စစ်တွေလမ်းပေါ်မှာ ရာမောင်တံတား၊ အခုရာ မောင်တံတားသည်ကြိုးတံတားကြီး ဖြစ်ပါတယ်။ ကြိုးတံတားက Load Limit က ကားငယ်လေး တွေပဲသွားပြီး ကားကြီးတွေအားလုံးက ဇက်နဲ့ကူးနေရတဲ့အနေအထားဖြစ်တဲ့အတွက် အချိန်ဟာ အများကြီးရှိပြီးတော့ လမ်းပန်းဆက်သွယ်ရေး နှောင့်နှေးတယ်၊ ကုန်ဈေးနှုန်းကလည်း ဒါကြောင့် တက်နေတယ်။ ဒါကြောင့်မို့လို့ ဒီရာမောင်တံတားကြီးကို အမြန်ဆုံးပြီးစီးအောင် ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ရာမောင်တံတားဆိုတာ မင်းပြားနဲ့မြောက်ဦးကြားမှာရှိတဲ့တံတားဖြစ်ပြီး တော့ နေ့စဉ်နှင့်အမျှ ကျွန်တော်တို့ရဲ့ဝန်ထမ်းတွေ၊ အင်ဂျင်နီယာတွေဟာ စစ်တွေကနေပြီးတော့ ရာမောင်ကို ပစ္စည်းတွေသယ်ယူရတယ်။ ကုန်တွေသယ်ယူရတယ်။ ဘယ်လိုပဲစိန်ခေါ်မှုတွေရှိနေ ပါစေ ကျွန်တော်တို့အဖွဲ့တွေဟာ ရာမောင်တံတားကိုလည်းပဲ လာမယ့်ဇွန်လကို အပြီးတည်ဆောက် သွားမှာဖြစ်ပါတယ်။ ဒီပေါ်မှာ ကျွန်တော်တို့က မြောင်းဘွေတံတား၊ ကျောက်ဖြူ-ဇင်ချောင်းလမ်း ပေါ်မှာ ကင်းချောင်းတံတားအပြင် ကျွန်တော်တို့က ဒီလေးတောင်မှာရှိတဲ့ ကင်းချောင်းတံတား၊ အခု ကျွန်တော်တို့လာမယ့် ၂၀၂၀ ခုနှစ်တည်းမှာ ဖွင့်ပွဲကျင်းပနိုင်အောင် မေလ၊ ဇွန်လမှာ ဖွင့်ပွဲလုပ်ပါမယ်။ ဒါကိုလည်း အပြီးတည်ဆောက်သွားမှာဖြစ်ပါတယ်။

မူကြမ်း

အခုဆိုလို့ရှိရင် ဝွချောင်းတံတားဟာဆိုရင် ပြီးခဲ့တဲ့ရက်ပိုင်းမှာ ကျွန်တော်တို့ ပန္နက်တင် အခမ်းအနားလုပ်ပြီးတော့ တည်ဆောက်မှာဖြစ်ပြီးတော့ အမြန်ဆုံးပြီးစီးရေးအတွက် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ မေယု-တောင်ကျော်လမ်း လေးလမ်းပေါ်မှာလည်းပဲ တံတားအကြီး ၁၆ စင်း လက်ရှိ တည်ဆောက်လျက်ရှိပါတယ်။ အမ်း-စစ်တွေလမ်းပေါ်မှာ တံတားသုံးစင်းကျန်ပါတယ်။ အုန်းတည်ချောင်း၊ ယောချောင်းနှင့် ယိုးချောင်းတို့ဟာ လက်ရှိက ဘေလီတံတားဖြစ်နေတော့ တံတားသုံးစင်းကိုလည်း လာမယ့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အပြီး RC တံတားများအဖြစ်၊ နှစ်လမ်း သွားတံတားများအဖြစ် တည်ဆောက်ပေးဖို့ Planning လျာထားပြီးဖြစ်ပါတယ်။ ဒီနေရာမှာ တံတားသုံးစင်းကို ကျွန်တော်တို့က နှစ်လမ်းသွားအဖြစ်နဲ့တိုးမြှင့်လိုက်ရင် အမ်း-စစ်တွေလမ်းပေါ်မှာ ဟိုဘက်ဒီဘက် စောင့်ဆိုင်းရတဲ့တံတားအရှည်မရှိတော့ပါဘူး။ အဲဒီအပြင်ကို အခုမင်းပြား၊ မြောက်ဦးနဲ့ စစ်တွေကြားမှာ ၁၂ ပေလမ်း ၁၇ မိုင်ကျန်နေပါတယ်။ ဒီ ၁၇ မိုင်ကိုလည်းပဲ ၁၈ ပေ ကွန်ကရစ်လမ်းအဖြစ် ကတ္တရာလမ်းအဖြစ် ကျွန်တော်တို့အဖွဲ့တွေ အခုကို ဒီနေ့ကိုဆောင်ရွက်နေ ပါတယ်။ ဒါတွေအားလုံးဟာ ၂၀၁၉-၂၀၂၀ ဘတ်ဂျက်ပြီးတာနဲ့ မင်းပြား၊ မြောက်ဦးနဲ့ စစ်တွေ ကြားမှာ လမ်းအားလုံးသည် ၁၈ ပေ လမ်း ဒီနှစ်ဘတ်ဂျက်ကုန်ရင် ဖြစ်သွားမည်ဖြစ်ကြောင်းကိုလည်း ဒီနေရာကနေ တင်ပြအပ်ပါတယ်။ ဒီနေ့ဘယ်လိုပဲ စိန်ခေါ်မှုတွေရှိနေပါစေ၊ ဘယ်လိုပဲ အန္တရာယ်တွေရှိနေပါစေ ကျွန်တော်တို့ဝန်ထမ်းတွေဟာ အခုအချိန်မှာ ဒီလမ်းပေါ်မှာ မြောက်ဦးနားမှာ ရော၊ ပုဏ္ဏားကျွန်းမှာရော၊ မင်းပြားနားမှာရော ကျွန်တော်တို့အဖွဲ့တွေဟာ အလုပ်လုပ်နေရပါတယ်။ ဒါတွေဟာ ရခိုင်ပြည်နယ် ကြီးဖွံ့ဖြိုးတိုးတက်ဖို့ အတွက်လုပ်နေရတာဖြစ်ကြောင်းလည်း တင်ပြအပ် ပါတယ်ခင်ဗျား။ ကျွန်တော်တို့ အဲဒီအပြင်ကို JICA နဲ့ညှိထားတဲ့အတွက် ဘူးသီးတောင်-မောင်တောလမ်းနှင့် မောင်တော-ကြိမ်ချောင်း လမ်းတွေမှာ တံတားနဲ့ရေပြွန် ၆၇ စင်း အဆင့်မြှင့်တင်ဆောင်ရွက် သွားဖို့ရှိပါတယ်။

မူကြမ်း

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြလာတဲ့ ကစ္စပနဒီမြစ်ကူးတံတားကြီးနဲ့ ပတ်သက်ပြီး ရှင်းပြရမယ်ဆိုရင်တော့ ဒီမြစ်ကူးတံတားကြီးသည် ပထမဦးဆုံး ၂၀၁၂ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်ကြားမှာ အိန္ဒိယသံအမတ်ကြီးသည် ကစ္စပနဒီမြစ်ကူးတံတားကြီးတည်ဆောက်ဖို့အတွက် သူကိုယ်တိုင် ကွင်းဆင်းပြီးကြည့်ရှုခဲ့ပါတယ်။ ကြည့်ရှုခဲ့ပြီးတော့ ဒီဟာကိုတည်ဆောက်လိုက်လို့ရှိရင် ကျောက်တော်ကပတ်သွားတဲ့ မိုင် ၄၀ လောက်သက်သာသွားမယ်။ ဒီသံအမတ်ကြီးရဲ့ရည်ရွယ်ချက် က စစ်တွေမှာ အခုအိန္ဒိယအကူအညီနဲ့ စစ်တွေဆိပ်ကမ်းကြီးပြီးသွားရင် စစ်တွေဆိပ်ကမ်းက မူလ ရည်ရွယ်ချက်က ကျွန်တော်တို့က မစ်ဇူရမ်ပြည်နယ်ကထွက်ကုန်တွေကို ဒီကနေပြီး ကျွန်တော်တို့ရဲ့ ပလက်ဝ–ကလက်ဝ–မြစ်ဝလမ်းကတစ်ဆင့် စစ်တွေကိုလာ၊ လာပြီးတော့ အဲဒီကမှတစ်ဆင့် Export၊ Import လုပ်ဖို့ ရည်ရွယ်ချက်အပြင်ကို သူ့ရဲ့ရည်ရွယ်ချက်က ကျွန်တော်တို့မြန်မာနိုင်ငံက အဓိက အိန္ဒိယကိုပို့နေတဲ့ပဲ ရှိပါတယ်။ ပဲသည် ကျွန်တော်တို့က ရန်ကုန်မှာ ပဲခွဲသန့်စင်စက်တွေလုပ်ပြီးမှ ဒီကနေ ကွန်တိန်နာနဲ့ ကာလကတ္တားကိုပို့ အဲဒီကနေတစ်ဆင့် အိန္ဒိယကိုသယ်ယူပို့ဆောင်တဲ့စနစ် ဖြစ်ပါတယ်။ ဒါကို အိန္ဒိယသံအမတ်ကြီးက အဲဒီစနစ်အစားကို သူကစစ်တွေမှာပဲဝယ်ပြီးတော့မှ စစ်တွေကနေပြီးတော့ စစ်တွေကနေပဲ အိန္ဒိယအတွက်ဝယ်တော့မယ်။ အဲဒီဟာကို ဘယ်ကနေ သယ်မှာလဲဆိုတော့ ပဲထွက်တဲ့ မကွေးကနေပြီးတော့ စစ်တွေကိုသယ်ပို့မယ်။ ပြီးမှ အဲဒီကနေ စစ်တွေမှ ကာလကတ္တား။ အဓိကကတော့ သူ့ရဲ့ဆိပ်ကမ်းကြီးကို အသုံးပြုဖို့အတွက်ကို ဒီကစ္စပနဒီ တံတားကြီးကို တည်ဆောက်ပါ။ အိန္ဒိယကလည်း အကူအညီပေးပါမယ်ဆိုပြီးတော့ ကျွန်တော်တို့ တွေ Feasibility Study ကို Detail ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့နေရာမှာ မြစ်က နှစ်မိုင်ကျယ်တဲ့အတွက် အဓိက Main Bridge ကို နှစ်မိုင်လောက် တည်ဆောက်ရမှာဖြစ်ပြီးတော့ ချဉ်းကပ်လမ်းအနေနဲ့ လေးမိုင်လောက်ထိတည်ဆောက်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကုန်ကျ စရိတ်အနေနဲ့က အင်မတန်ကြီးမားပါတယ်။ ဒီ့အပြင် ပင်လယ်ဝမှာ တည်ဆောက်မှာဖြစ်တဲ့အတွက် မုန်တိုင်းဒဏ်တွေ အခုက ခေါင်းလောင်းပုံပင်လယ်ဝကြီး ဖြစ်ပါတယ်။ ခေါင်းလောင်းပုံပင်လယ်ဝမှာ

တည်ဆောက်တဲ့အခါကျတော့ မုန်တိုင်းဒဏ်တွေကို ခံနိုင်ဖို့ရှိပါတယ်။ ပင်လယ်လေနဲ့ ပင်လယ်ဆားငန်ရည် သံချေးတက်ခြင်းတွေကိုကာကွယ်ဖို့အတွက် တည်ဆောက်ဖို့ရှိပါတယ်။ နည်းပညာမြင့်မားပါတယ်။

သို့သော်လည်းပဲ အဓိကအကြောင်းအရာကတော့ Financial Assistance ပဲဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ အိန္ဒိယသံအမတ်ကြီး ပြောင်းသွားပြီးတဲ့နောက်ပိုင်းမှာ ရောက်လာတဲ့သံအမတ်ကြီးက ဒီကိစ္စအပေါ်မှာ ဆွေးနွေးခြင်းမပြုတော့တဲ့အတွက် ကျွန်တော်တို့အနေနဲ့ကတော့ Project Bank ထဲမှာထည့်ထားပြီးဖြစ်ပါတယ်။ Project Bank ထဲမှာထည့်ထားပြီးတော့ Project Band ထဲကနေပြီးတော့ ကျွန်တော်တို့ အခုချိန်မှာတော့ World Bank, ADB, JICA စသည်ဖြင့် International Development Partner တွေနဲ့ဆွေးနွေးတဲ့နေရာမှာ ဒီတံတားအကြောင်း အမြဲပါ ပါ တယ်။ ဆွေးနွေးပါတယ်။ သို့သော်လည်းပဲ Project ပမာဏကြီးမားခြင်း၊ အဲဒီဒေသရဲ့ အခြေအနေအရ လောလောဆယ်မှာ သူတို့အဖွဲ့တွေသွားရောက်စစ်ဆေးဖို့ အခက်အခဲရှိခြင်းတွေကြောင့် ကျွန်တော်တို့အခုချိန်ထိ နိုင်ငံခြားသားတွေကို အဲဒီကိုလွှတ်ဖို့ အခက်အခဲ၊ အကန့်အသတ်တွေ အများကြီးရှိပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့သည် Project Bank ထဲမှာထည့်ထားပါတယ်။ ဒီတံတားတည်ဆောက်ဖို့ကတော့ အခုဆိုလို့ရှိရင်တော့ ၂၀၂၂ ခုနှစ်မှ ၂၀၃၀ ခုနှစ်ကြားထဲမှာ နောက်ဆုံးပိတ်မှာ တကယ်လို့ Development Partner တွေဆီက အကူအညီမရဘူးဆိုရင်လည်း နိုင်ငံတော်ဘတ်ဂျက်ဖြင့် တစ်ဆင့်ချင်းတည်ဆောက်သွားဖို့ လျာထားကြောင်းကိုလည်း ကျွန်တော် ဒီနေရာကနေ ရှင်းလင်းတင်ပြအပ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော့်အနေနဲ့ ဒီနေရာကနေပြီးတော့ တင်ပြချင်တာက ကျွန်တော်တို့ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လမ်းပန်းဆက်သွယ်ရေးသည် အရေးကြီးတဲ့အတွက် ကျွန်တော်တို့သည် ဒီနေရာမှာ ကျွန်တော်တို့

ဝန်ကြီးဌာနအနေနဲ့ ကြိုးစားပြီးဆောင်ရွက်လျက်ရှိပါတယ်။ ဘယ်လိုပဲစိန်ခေါ်မှုတွေပဲရှိရှိ၊ ဘယ်လိုပဲ အန္တရာယ်တွေပဲရှိရှိ ကျွန်တော်တို့တွေ နေ့စဉ်နှင့်အမျှ ကျွန်တော်တို့ရဲ့ဝန်ထမ်းတွေကို Incentive အနေနဲ့ပြောရတာ မင်းတို့အဲဒီတာဝန်ပြီးလို့ရှိရင် မင်းတို့ကြိုက်တဲ့နေရာကိုပြောင်းပေးမယ်ဆိုတဲ့ ဒီလို Incentive မျိုးနဲ့ တာဝန်ပေးနေလို့ ဒီနေ့ဒီအချိန်အခါမှာ ရာမောင်တံတားကြီးမှာလည်း အခု တည်ဆောက်တဲ့နေရာမှာ ဝန်ထမ်းတွေနဲ့တည်ဆောက်နေသလို မြောက်ဦးမှာလည်း ကျွန်တော်တို့ ဝန်ထမ်းတွေက ၁၈ ပေ ကွန်ကရစ်လမ်းတွေ တည်ဆောက်နေတာရှိပါတယ်။ ဒီအတိုင်းပါပဲ။ မေယုတောင်ကျော်လမ်းလေးလမ်းမှာ ဒီနေရာမှာ ကျွန်တော်တို့ရဲ့ ကျွမ်းကျင်လုပ်သား တင်မင်း ထိုက်သည် ရသေ့တောင်အနီးမှာရှိတဲ့ ဘူးသီးတောင်လမ်းပေါ်မှာ တံတားဆောက်နေရင်းနဲ့ ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့က ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့ရပါတယ်။

နောက်ပြီးခဲ့တဲ့ အောက်တိုဘာလ ၂၆ ရက်နေ့မှာ ရွှေနဒီရေယာဉ်ပေါ်က ဖမ်းဆီးခံရတဲ့ထဲမှာ လည်း တံတားအင်ဂျင်နီယာ ကျော်ဇင်ထွန်းခေါ်တဲ့ တံတားအင်ဂျင်နီယာလေးတစ်ယောက် ဖမ်းဆီး ခေါ်ဆောင်သွားတာ ဒီနေ့အထိမလွတ်သေးပါဘူး။ အဲဒီတော့ ကျော်ဇင်ထွန်းဆိုလို့ရှိရင် အမေအိုကြီး ကို လုပ်ကိုင်ကျွေးမွေးနေတာဖြစ်ပြီးတော့ သုံးနှစ်အရွယ်ကလေးကကျန်နေပြီးတော့ နေ့စဉ်နဲ့အမျှ သူ့အဖေ ဘယ်တော့ပြန်လာမှာလဲဆိုတဲ့မေးခွန်းမျိုးကို မေးနေတာဖြစ်ပါတယ်။ မိခင်ကြီးဆိုလို့ရှိရင် လည်း ဖုန်းလာရင် သူ့သားများလားလို့ နေ့တိုင်းလိုလို ဒီလိုမျိုးသောကတွေနဲ့ ဖြစ်နေတာဖြစ်နေတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုပဲစိန်ခေါ်မှုတွေ၊ ဘယ်လိုပဲ အန္တရာယ်တွေရှိရှိ ရခိုင် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်တော်တို့ဆောင်ရွက်သွားပါမယ်။ ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်ပါမယ်။ ဒီလမ်းတွေအောင်မြင်ဖို့လည်း ကြိုးစားပါမယ်။ ခုနကပြောတဲ့ ကျော်ဇင်ထွန်း၊ တင်မင်းထိုက်တို့လို ကျွန်တော်တို့ရဲ့ ဒီအင်ဂျင်နီယာတွေ

ဆိုတာကလည်း အခုကျောင်းဆင်းလိုက်တာနဲ့ ချက်ချင်းဒီလိုတံတားအင်ဂျင်နီယာဆိုပြီး အစားထိုးလို့မရပါဘူး။ သူတို့ကို ကျွန်တော်တို့က အများကြီးနှစ်ပေါင်းများစွာလေ့ကျင့်ပြီးမှ တံတား အင်ဂျင်နီယာဖြစ်လာတာဖြစ်တဲ့အတွက် သူတို့တွေလွတ်မြောက်ရေးအတွက်ကိုလည်း အားလုံး ဝိုင်းဝန်းကြိုးပမ်းပေးဖို့ တင်ပြရင်းနဲ့ နိဂုံးချုပ် ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ ဒုတိယဝန်ကြီးဖြေသွား တာကိုအားရကျေနပ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော့်အနေနဲ့ ထွက်ပေါက်တစ်ခုအနေနဲ့ပေါ့ ဆက်စပ်မေးခွန်းတစ်ခုမေးချင်ပါတယ်။ ဒါကဘာလဲဆိုရင် မြစ်ကူးတံတားမဆောက်မီမှာ ယင်း တံတားဆောက်မယ့်နေရာဟိုဘက်/ဒီဘက်ကမ်းကို ဇက်ကူးတိုးနဲ့ နေ့စဉ်ခေါက်တုံ့ခေါက်ပြန်ကူးရင် လည်း ရနိုင်ပါတယ်။ ဒီဘက်ကပေါက်တော ကနေလက်ပံပြားထိ ကားလမ်းလည်းပေါက်ပြီး ဖြစ်ပါတယ်။ ဆိုတဲ့အခါကျတော့ အဲဒီဇက်ကူးတို့နဲ့သာကူးလိုက်ရင် ကျွန်တော်တို့ စစ်တွေမြစ်ကို ကန့်လန့်ဖြတ်ကူးရတဲ့ဒုက္ခ၊ အန္တရာယ်များတဲ့ဒုက္ခက လွတ်ငြိမ်းမှာဖြစ်ပါတယ်။ အဲဒါလေးစဉ်းစား ပေးနိုင်၊ မပေးနိုင်မေးလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်နားလည်တာ ကတော့ ဒီတံတားကိုအမြန်ဆုံးဆောက်ပေးဖို့ တင်ပြတယ်လို့ပဲ၊ တောင်းဆိုတယ်လို့ပဲ ကျွန်တော်ခုန နားလည်လိုက်ပါတယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီးတင်ပြရရင်တော့ ကျွန်တော့်အနေနဲ့ ဒီနောက် ၂၀၂၁ ဘဏ္ဍာနှစ်နောက်ပိုင်းကာလတွေမှာ တကယ်လို့များ Development အကူအညီတွေ မရခဲ့လည်း နိုင်ငံတော်ဘတ်ဂျက်ဖြင့် ကျွန်တော်တို့တင်ပြပြီး တည်ဆောက်သွားမည်ဖြစ်ပါကြောင်း ဒီကနေရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

မူကြမ်း

**လက်ပံတန်းမြို့နယ်ရှိ ကမ်းရင်းတာဟောင်းအား ကျေးရွာချင်းဆက်လမ်းအဖြစ်လမ်းအဆင့် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း မေးမြန်းဖို့ဖြစ်ပါတယ်ခင်ဗျား။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကျွန်တော် ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမယ့်မေးခွန်းကတော့ ကျွန်တော်တို့လက်ပံတန်းမြို့နယ်ထဲက ရောဝတီမြစ်အရှေ့ဘက်ကမ်းရင်းတာဟောင်းကို ကျေးရွာအုပ်စုချင်းဆက်လမ်းအဖြစ် သတ်မှတ်ပေးရန်နှင့် မြေသားလမ်းမှဂဝံလမ်းအဆင့်တိုးမြှင့်ပေးရန် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ညှိနှိုင်းပေါင်းစပ်ပြီး ဖြေကြားပေးဖို့အတွက် မေးမယ့်မေးခွန်းဖြစ်ပါတယ်။

လေးစားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းအတွက် Power Point ကိုအသုံးပြုခွင့်ပေးဖို့ ခွင့်ပြုစေလိုပါတယ်။ ဒီပုံကတော့ လက်ပံတန်းမြို့နယ်ရဲ့ မြေပုံဖြစ်ပါတယ်။ ဒီပုံမှာဆိုလို့ရှိရင် ရောဝတီမြစ်နဲ့မြစ်မခမြစ်တို့ဟာ မြို့နယ်အတွင်းမှာ မြောက်ကနေတောင်ဘက်ကို စီးဆင်းနေတာဖြစ်ပါတယ်။ မြစ်နှစ်စင်းရဲ့ဘေးက အနက်ရောင်မျဉ်းလိုင်းများကတော့ ရေကာတာအမှတ်အသားဖြစ်ပါတယ်။ ၎င်းရေကာတာများနှင့် ရောဝတီမြစ်ကမ်းနံဘေးမှာ နေထိုင်ကြတဲ့ ကျေးရွာများနဲ့ စိုက်ပျိုးမြေများကို ရေကြီးရေလျှံမှုကနေ ကာကွယ်ပေးထားတာဖြစ်ပါတယ်။ ရောဝတီမြစ်ရဲ့ ရေကာတာဟာ မိုးညိုမြို့နယ်ထိန်တောအစပ်ကနေပြီး ဇလွန်မြို့နယ်အစပ်အထိ ၂၇ မိုင် ၆ ဖာလုံ ရှည်လျားပါတယ်။ အဝါရောင်မျဉ်းလိုင်းကတော့ လက်ပံတန်း၊ ဟသ်ာတ မဟာဗျူဟာကားလမ်းဖြစ်ပြီး ရောဝတီရေကာတာနှင့် သာရဝေါ်ရွာမှာ ဆုံပါတယ်။ ၎င်းလမ်းဟာ လက်ပံတန်းမြို့ကနေပြီးတော့ မိုင် ၂၀ အကွာအဝေးရှိပါတယ်။

ဒီပုံကတော့ ဧရာဝတီမြစ်ရဲ့အရှေ့ဘက်ကမ်းရင်းတာ ဖြစ်ပါတယ်။ ဒီတာရဲ့အတွင်း တစ်လျှောက်မှာရှိနေကြတဲ့ ကျေးရွာအုပ်စု ရှစ်အုပ်စုဖြစ်တဲ့ ပျဉ်းကတိုးကုန်း၊ ကွမ်းသီးတပင်၊ အိုင်တစ်လုတ်၊ သာရဝေါ၊ စိန်တုံး၊ ရေလျှံ၊ ရှမ်းစု၊ ယွန်းသွယ်စတဲ့ ကျေးရွာအုပ်စုနှင့် ကျေးရွာပေါင်း ၄၄ ရွာဟာ ဟိုရှေးယခင်တည်းက ၎င်းတာကိုအုပ်စုချင်းဆက်လမ်းအဖြစ် အသုံးပြုနေတာဖြစ်ပြီး လက်ပံတန်း၊ ဟင်္သာတ မဟာဗျူဟာကားလမ်းကတစ်ဆင့် လက်ပံတန်းမြို့ကို နှစ်စဉ်သွားလာ နေကြတာဖြစ်ပါတယ်။ ၎င်းရေကာတာကိုပဲ လမ်းအဖြစ်အသုံးပြုနေရတာ ဖြစ်ပါတယ်။ မြေသားလမ်းဖြစ်နေလို့ မိုးတွင်းအခါမှာတော့ သွားရေးလာရေးအဆင်မပြေပါဘူး။ အခက်အခဲ ရှိပါတယ်။ ဒါကတော့ကမ်းရင်းတာဟောင်းရဲ့ အပြင်ဘက်ကနေပြီးတော့မှ မူလတာထက်ငါးပေ ပိုမြင့်တဲ့တာအသစ်တစ်လုံးကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်က ခွင့်ပြုရန်ပုံငွေဖြင့် ယန္တရားကြီး တွေနဲ့တည်ဆောက်နေတဲ့ပုံ ဖြစ်ပါတယ်။ ဒီပုံကတော့ ကျွန်တော်တို့ပြီးစီးသွားတဲ့ ရေကာတာ အသစ်ပုံဖြစ်ပါတယ်။ ဒီပုံကတော့လမ်းအဖြစ်ကျန်နေခဲ့တဲ့ မူလကမ်းရင်းတာအဟောင်းရဲ့ အစိတ် အပိုင်းဖြစ်ပါတယ်။ အဲဒီ ၂၇ မိုင် ၆ ဖာလုံ ရှည်တဲ့တာဟောင်းကို ကျေးရွာအုပ်စုချင်းဆက်လမ်း အဖြစ် အသုံးပြုနိုင်အောင်နဲ့ အသုံးပြုခွင့်ရမယ်ဆိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက် လမ်း၊ တံတားဦးစီးဌာနက တာဝန်ယူပြီးတော့ မြေသားလမ်းကို ဂဝံလမ်းအဆင့်မြှင့်တင်ပေးဖို့ အတွက် ဝန်ကြီးဌာနနှစ်ခု ပေါင်းစပ်ညှိနှိုင်းပြီး ၄၄ ရွာသော ပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအတွက် သွားရေးလာရေးလွယ်ကူအဆင်ပြေဖို့အတွက် ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်း ရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမဲဆန္ဒနယ် ပြည်သူ

လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းမေးမြန်းထားတဲ့ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ် အတွင်းရှိ ရော၀တီမြစ်အရှေ့ဘက် ကမ်းရင်းတာဟောင်းအား ကျေးရွာချင်းဆက် ဆက်သွယ်ရေး လမ်းအဖြစ် သတ်မှတ်ကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းတံတားဦးစီးဌာနမှ လမ်းအဆင့်တိုးမြှင့် ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ပေးပို့လာသော အချက်အလက်များဖြင့် ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနအနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ မိုးညိုမြို့နယ်များအတွင်း၌ ဆည်မြောင်း နှင့်ရေအသုံးချစီမံခန့်ခွဲရေး ဦးစီးဌာနမှတည်ဆောက်ထိန်းသိမ်းထားသော ရော၀တီမြစ်အရှေ့ဘက် ကမ်းတာမှာ မိုးညိုမြို့နယ်၊ ထိန်တောကျေးရွာမှ ရော၀တီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်အစပ်အထိ အရှည် ၂၇ မိုင် ၆ ဖာလုံရှိကာ လယ်ယာမြေ ၅၅၇၅၂ ဧကနှင့် မြို့ရွာများကို ရော၀တီမြစ်ရေကြီး နစ်မြုပ်မှုဘေးအန္တရာယ်မှ ကာကွယ်ပေးလျက်ရှိကြောင်း၊ ၂၀၁၅ ခုနှစ် မိုးရာသီတွင် ရော၀တီမြစ်ရေ စံချိန်တင်မြင့်တက်ခဲ့သောကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ဖြင့်မူလတာ၏အပြင်ဘက်မြစ်ဘက်ခြမ်းမှ မြစ်ရေအမြင့်ဆုံး မြင့်တက်ခဲ့သည့် ရေမှတ်အထက် အမြင့် ငါးပေရရှိအောင် တာပုံစံကျပြုပြင်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ မူလတာပေါ်မှာ ကုန်းတွင်းဘက်ခြမ်းတွင် ထိပ်ဝအကျယ် ၁၂ ပေရှိသော ပိုးတာအဖြစ်ရှိနေသည့်အတွက် တာတမံ၏ အရေးကြီးအစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဌာနမှစွန့်ပစ်ထားခြင်းမရှိဘဲ ထိန်းသိမ်းစီမံဆောင်ရွက်လျက် ရှိပါကြောင်း၊ တည်ဆောက်ထားသော ရေဘေးကာကွယ်ရေးတာများမှာ မြေသားတာတမံများ ဖြစ်သည့်အပြင် မိုးများသောဒေသဖြစ်ခြင်း၊ ရော၀တီမြစ်ရေစီးကြောင်း တိုက်စားခြင်းတို့ကြောင့် လုပ်ငန်းသဘောသဘာဝအရ စက်ယန္တရားများဖြင့် လိုအပ်သလိုပြုပြင်ထိန်းသိမ်းလျက်ရှိပါကြောင်း၊ တာတမံပေါ်တွင် ကျောက်ချောလမ်းခင်းပြီး ဝန်တင်မော်တော်ယာဉ်များ ဖြတ်သန်းသွားလာပါက

ဌာနမှဆောင်ရွက်လျက်ရှိသည့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များကို အနှောင့်အယှက်ဖြစ်ပေါ်စေနိုင်သောကြောင့်လည်းကောင်း၊ တာတမံ၏ကြံ့ခိုင်မှုကို ထိခိုက်စေနိုင်သောကြောင့်လည်းကောင်း၊ တာတမံပေါ်တွင် အခိုင်အမာကျောက်ချောလမ်းခင်းရန် မသင့်လျှော်ပါကြောင်းနှင့် ပြုပြင်ထိန်းသိမ်းရန် လွယ်ကူအဆင်ပြေသော နည်းလမ်းဖြစ်သည့်ဒေသအစီအစဉ်ဖြင့် ရိုစာခင်းခြင်းလုပ်ငန်းကိုသာ ဆောင်ရွက်သင့်ပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားချက်ပေးပို့လာပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်အတွင်းရှိ ရေဝတီမြစ်အရှေ့ဘက် ကမ်းရင်းတာဟောင်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လယ်ယာမြေများနှင့်ကျေးရွာများကို ရေကြီးနစ်မြုပ်မှုမှကာကွယ်ပေးထားသည့် မြစ်ရေထိန်းကမ်းရင်းတာဖြစ်ပြီးတော့ အဆိုပါတာဟောင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ခြင်းမရှိပါသဖြင့် ကျေးရွာချင်းဆက်လမ်းအဖြစ် သတ်မှတ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကျောင်းကုန်းမြို့နယ်ရှိ အစုကြီး-ကွမ်းခြံကုန်းလမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်ခင်းလမ်းအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးခွန်းကို Power Point ဖြင့်ခွင့်ပြုပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။ ကျောင်းကုန်းမြို့နယ်ရှိ အစုကြီး-ကွမ်းခြံကုန်း

ကျေးရွာမြေသားလမ်းအား ရာသီမရွေးသွားလာနိုင်တဲ့ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အစုကြီးရွာအဝင်လမ်းဖြစ်ပါတယ်။ အပေါ်ကအပြာလေးနဲ့ပြထားတဲ့လမ်းကတော့ ကျောင်းကုန်းနှင့် ကျုံပျော်သွားတဲ့ကတ္တရာလမ်းမကြီးဖြစ်ပါတယ်။ အစိမ်းနဲ့ပြထားတာကတော့ အစုကြီးရွာကိုသွားတဲ့လမ်းဖြစ်ပါတယ်။ အစုကြီးရွာကနေပြီးတော့မှ အောင်ဗန်းချောင်းရွာကို ကျေးရွာချင်းဆက်လမ်းဖြစ်ပါတယ်။ အဝါလေးနဲ့ပြထားတာကတော့ အဲဒီမှာရှိတဲ့မြောင်းကို ဆရာတော်သံဃာတော်များကနေပြီးတော့မှ သိန်းပေါင်း ၃၆၀ လောက်နဲ့ကိုယ်ထူကိုယ်ထတည်ဆောက်ထားတဲ့တံတားတစ်ခုဖြစ်ပါတယ်။

ပြီးတော့ အောင်ပန်းချောင်းကျေးရွာကနေပြီးတော့ ပျားဇလက်ကျေးရွာချင်းဆက်လမ်းဖြစ်ပါတယ်။ ပျားဇလက်ကျေးရွာနှင့် လယ်တီစုကျေးရွာရဲ့ ကျေးရွာချင်းဆက်လမ်းဖြစ်ပါတယ်။ လယ်တီစုရွာနဲ့ ကွမ်းခြံကုန်းရွာ ကျေးရွာချင်းဆက်လမ်းဖြစ်ပါတယ်။ ကွမ်းခြံကုန်းရွာနှင့် ကွမ်းခြံကုန်းရွာသစ်ကျေးရွာချင်းဆက်လမ်းဖြစ်ပါတယ်။ အဝါနဲ့ပြထားတာကတော့ ကျွန်တော်တို့ ရွှေညောင်ပင်အထက်တန်းကျောင်းခွဲ ဘုန်းတော်ကြီးသင်ကျောင်းဖြစ်ပါတယ်။ ဒါကတော့ အစုကြီးကနေပြီးတော့ ကွမ်းခြံကုန်းလမ်းအပိုင်း ကျောင်းကုန်းမြို့နယ်အပိုင်းကို တင်ပြထားခြင်းဖြစ်ပါတယ်။ ကျောင်းကုန်းကျော်သွားတာနဲ့ ပန်းတနော်ပိုင်ရောက်သွားပြီးတော့ ကွမ်းခြံကုန်းကနေပြီးတော့မှ အင်းမ-တာပတ်-ပန်းတနော်ကိုသွားပြီးတော့မှ အပြာနဲ့ပြထားတာကတော့ ပုသိမ်-ရန်ကုန်လမ်းမကြီးဖြစ်ပါတယ်။ အဲဒါကို ပန်းတနော်ပိုင် အင်းမရွာက တာပတ်ရွာကနေပြီးတော့မှ အဝေးပြေးလမ်းမကြီးကိုဖောက်ထွက်တဲ့လမ်းဖြစ်ပါတယ်။

အင်းမ-တာပတ်မှနေပြီးတော့ စောစောကလမ်းကို အကျယ်ချဲ့ပြီးပြထားခြင်းဖြစ်ပါတယ်။ အင်းမရွာထိပ်ကနေပြီးတော့ တာပတ်ကနေပြီးတော့ အဝေးပြေးလမ်းမကြီးကိုထွက်တဲ့လမ်း ဖြစ်ပါတယ်။ ဒါကတော့ အစုကြီးကျေးရွာအထက်တန်းကျောင်းဖြစ်ပါတယ်။ အဲဒီမှာကျောင်းသားပေါင်း

၁၃၀၀ လောက်ရှိပြီးတော့ ကျွန်တော်တို့လွန်ခဲ့တဲ့ ၂၂ ရက်နေ့ကပဲ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကိုယ်တိုင်လာပြီးတော့ သီတာဦး(ပဲမျိုးစုံရောင်းဝယ်ရေး)ကနေပြီးတော့ သိန်းပေါင်း ၆၈၅ သိန်းနဲ့လှူဒါန်းထားတဲ့ ပေ ၁၁၀ x ၃၆ ကျောင်းဖြစ်ပါတယ်။ ကျောင်းသားပေါင်း ၁၂၀၀ ကျော် လောက်ရှိပါတယ်။ အထက်တန်းကျောင်းဖြစ်ပါတယ်။ ဒါကတော့ အောင်ပန်းချောင်းကျေးရွာရဲ့ မူလ တန်းကျောင်းလေးဖြစ်ပါတယ်။ ဒါပျားဇလက်ကျေးရွာအလယ်တန်းကျောင်းလေးဖြစ်ပါတယ်။ မနှစ် ကနေပြီးတော့မှ အလယ်တန်းကျောင်းရရှိပြီးတော့မှ ပေ ၉၀ x ၃၀ ကျောင်းဆောင်သစ်ရထားတဲ့ အလယ်တန်းကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ အဲဒီလမ်းမပေါ်မှာပဲရှိပါတယ်။ ဒါကတော့ လယ်တီစု ကျေးရွာ ဘုန်းတော်ကြီးကျောင်းဖြစ်ပါတယ်။ ဒီဘုန်းတော်ကြီးကျောင်းကလည်း သူတို့ရဲ့ဆရာတော် တွေရဲ့စည်းရုံးပြီးတော့မှ ကျွန်တော်တို့ အဲဒီလမ်းမပေါ်မှာ အမာခံကျောက်ခင်းလမ်းအဖြစ် ကိုယ်ထူကိုယ်ထနှင့်ဆောင်ရွက်ထားတဲ့လမ်းအပိုင်းတွေဖြစ်ပါတယ်။

ကွမ်းခြံကုန်းကျေးရွာ မူလတန်းကျောင်းလေးဖြစ်ပါတယ်။ ဒါကတော့ ရွှေညောင်ပင် ဘုန်းတော်ကြီးသင်အခြေခံပညာအထက်တန်းကျောင်းခွဲဖြစ်ပါတယ်။ ဆရာတော်တွေ ဦးဆောင် ပြီးတော့မှ အထက်တန်းကျောင်းနဲ့အားလုံးသောကျောင်းသားပေါင်း ၆၀၀ ကျော်ကို လက်ရှိပညာ သင်ကြားနေတဲ့ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကျောင်းကုန်း မြို့နယ်၊ ကျုံပျော်မြို့နယ်၊ ပန်းတနော်မြို့နယ်မှာဆက်စပ်နေတဲ့ အစုကြီး-ကွမ်းခြံကုန်းရွာ ကျေးရွာ ချင်းဆက်မြေသားလမ်းအား ရာသီမရွေးသွားလာနိုင်သောကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေး နိုင်ခြင်းရှိ/မရှိသလိုရှိလိုကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါ တယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရေဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း မေးမြန်းထားတဲ့ ကျောင်းကုန်းမြို့နယ်ရှိ အစုကြီး-ကွမ်းခြံကုန်းလမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်ခင်းလမ်းအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ရေဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်တွင်းရှိ စာဖြူစု-အစုကြီး-ကွမ်းခြံကုန်း ဆက်သွယ်သည့်လမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ အဆိုပါလမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class(A) ဦးစားပေးအဆင့်(၂)လမ်းစာရင်းမှာ ပါဝင်သောကြောင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ရဲ့နောက်ပိုင်းကာလများမှာ ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ရန်ပုံငွေမှာထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**မင်းဘူး(စကု)မြို့နယ်၊ အိုင်မရွာနှင့် အိုးပြင်မဲရွာတို့ ဆက်သွယ်သောနေရာတွင် ရာသီမရွေးသွားလာနိုင်သော မန်းချောင်းတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းဘူး(စကု)မဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူး(စကု)မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမမေတ္တာများ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စကု–အိုင်းမလမ်းမှ အိုင်းမနှင့် အိုးပြင်မဲရွာကြားမှာရှိတဲ့ မန်းချောင်းနေရာမှာ တံတားတည်ဆောက်ပေးပါရန် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မင်းဘူး(စကု)မြို့နယ်မှာ စကု–အိုင်းမလမ်းကနေပြီးတော့ မန်းရွှေစက်တော်ကိုသွားတဲ့လမ်းမှာ အိုင်းမရွာနှင့် အိုးပြင်မဲရွာနှစ်ရွာကြားမှာ အမြဲတမ်းစီးဆင်းနေတဲ့ မန်းချောင်းရှိပါတယ်။ အဲဒီမန်းချောင်းကိုဖြတ်ပြီးမှ ရွှေစက်တော်ကိုဘုရားဖူးသွားရတာ ဖြစ်ပါတယ်။ အခုဆိုလို့ရှိရင် မန်းရွှေစက်တော်ဟာ ၁၂ လရာသီ တစ်နိုင်ငံလုံးမှာရှိတဲ့ ဘုရားဖူးတွေ ဘုရားဖူးသွားလာနိုင်ဖို့အတွက် လှေတင်တံတားကလည်း တည်ဆောက်ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ အခု ရွှေစက်တော်ကနေပြီး စကုမြို့ကိုဖြတ်ပြီးတော့ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကို သွားမယ်ဆိုလို့ရှိရင် အဓိကအသုံးပြုရတဲ့ လမ်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြင်သာဖို့အတွက် ကျွန်တော် Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒါက နှစ်စဉ် စည်ကားသိုက်မြိုက်စွာကျင်းပတဲ့ ရွှေစက်တော်ဘုရားပွဲတော် ဖွင့်ပွဲပဲဖြစ်ပါတယ်။ ဒါက ရွှေစက်တော် အထက်စက်တော်ရာဘုရားကို ရိုက်ပြထားခြင်းဖြစ်ပါတယ်။ ဒါက အောက်စက်တော်ရာ ဘုရားပဲဖြစ်ပါတယ်။ ဒါက ရွှေစက်တော် တောင်ပြင်ဈေးကို အထက်စက်တော်ရာကနေ ရိုက်ပြထားခြင်းဖြစ်ပါတယ်။ ဒါက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ရွှေစက်တော်ဘုရားဖူးလာရောက်တဲ့အချိန်တုန်းက မှတ်တမ်းပဲဖြစ်ပါတယ်။ ဒါက ရွှေစက်တော် ဘုရားဖူးလာတဲ့ နိုင်ငံအနှံ့ကပြည်သူတွေ၊ ဒေသခံပြည်သူတွေဟာ ရွှေစက်တော်ဘုရားတင် မဟုတ်ပါဘူး။ အခုဆိုလို့ရှိရင် အိုးပြင်မဲရွာ၊ အိုင်းမရွာကြားမှာရှိတဲ့ မန်းချောင်းထဲက တောင်ပြင်ဈေးကိုလည်း ဘုရားဖူး ပြည်သူတွေအားလုံးရောက်အောင် သွားတဲ့နေရာပဲဖြစ်ပါတယ်။ ဒါက ဆည်တော်လို့အသိများတဲ့ နေရာပဲဖြစ်ပါတယ်။ ဒါက ဆည်တော်မှာပဲဖြစ်ပါတယ်။ ဒါက အခုတံတားထိုးဖို့ တင်ပြတောင်းဆိုတဲ့နေရာမှာ ကျွန်တော်တို့က ဒီဆည်တော်နဲ့ အိုးပြင်မဲနဲ့အိုင်းမကြားမှာ

မန်းချောင်းကို ကျွန်တော်တို့က နှစ်စဉ်ဆည်တော်ဘုရားပွဲချိန်မှာ ယာယီတံတားထိုးရတာဖြစ်ပါတယ်။ ယာယီတံတားပဲဖြစ်ပါတယ်။ ဒါက ဒေသခံပြည်သူတွေက လမ်းညွှန်မြေပုံလေး သူတို့ကိုယ်တိုင်ဆွဲပြီးတော့ တင်ပြပေးပါဆိုလို့ တင်ပြရခြင်းဖြစ်ပါတယ်။ ပထမဦးဆုံး အဝါအဝိုင်းလေးကတော့ မန်းချောင်းနေရာမှာ တံတားထိုးဖို့အတွက် တောင်းထားတဲ့နေရာပဲဖြစ်ပါတယ်။ ဒီဘက်က အနီကတော့ ရွှေစက်တော်ဘုရားကို သွားတာပဲဖြစ်ပါတယ်။ အဲဒီကနေ ပန်းရောင်လမ်းလေးအတိုင်း သွားမယ်ဆိုလို့ရှိရင် ဟိုဘက်က အပြာရောင်လေးထောင့်ကွက်လေးက စကုမြို့ကိုရောက်မှာဖြစ်ပါတယ်။ စကုမြို့မှာ ဘုရားတွေ၊ နောက်ပြီးတော့ ကျောင်းတွေ၊ ဒါတွေကိုဖူးပြီးလို့ရှိရင် ဟိုဘက်က စိမ်းစိမ်းအနုလေးက ကျောင်းတော်ရာဘုရားပဲဖြစ်ပါတယ်။ စန္ဒကူးနံ့သာကျောင်းတော်ရာဆိုပြီး အများအသိများတာပဲဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့က ဝါနိစ္စဂါမရွာကြီး (ကုန်သည်ရွာကြီး)ဆိုပြီးတော့ သမိုင်းမှာ အထင်ကရရှိတဲ့နေရာကို မှတ်တိုင်ပြခြင်းဖြစ်ပါတယ်။ ဒါက ကျောင်းတော်ရာဘုရား မုခ်ဦးပဲဖြစ်ပါတယ်။ ဒါက ကျောင်းတော်ရာဘုရားကို ကျွန်တော်တို့က အားလုံးမြင်နိုင်အောင်လို့ ရှုခင်းကိုရိုက်ပြထားခြင်းဖြစ်ပါတယ်။ ဒါက ယခင်တုန်းက ကျွန်တော်တို့က ကျောင်းတော်ရာဘုရား ငါးကျွေးဆိပ်မှာ ဘုရားဖူးပြည်သူတွေနဲ့ ငါးကျွေးတဲ့ပြည်သူတွေ ငါးကျွေးလာတဲ့ အခြေအနေကို ကျွန်တော်တို့က ရိုက်ပြထားခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မင်းဘူး(စကု) ဒေသခံပြည်သူတွေသာမက တစ်နိုင်ငံလုံးမှလာတဲ့ ဘုရားဖူးပြည်သူတွေအတွက် အဓိကလမ်းအဖြစ် အသုံးပြုတဲ့ အိုးပြင်မဲနဲ့ အိုင်းမရွာကြားမှာရှိတဲ့ မန်းချောင်းနေရာမှာ တံတားထိုးပေးမယ်ဆိုလို့ရှိရင် ဘုရားဖူးပြည်သူတွေရော၊ ဒေသခံပြည်သူတွေရော အားလုံးအဆင်ပြေမှာဖြစ်တဲ့အတွက် အိုးပြင်မဲရွာနှင့် အိုင်းမရွာကြားမှာရှိတဲ့ မန်းချောင်းနေရာမှာ ရာသီမရွေးသွားလာနိုင်တဲ့ တံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း မေးမြန်းထားတဲ့ မင်းဘူး(စကု)မြို့နယ်၊ အိုင်းမရွာနှင့် အိုးပြင်မဲ ရွာတို့ကို ဆက်သွယ်သောနေရာတွင် ရာသီမရွေးသွားလာနိုင်သော မန်းချောင်းတံတားတည်ဆောက် ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ အိုင်းမ ကျေးရွာနှင့် အိုးပြင်မဲကျေးရွာသို့ ဆက်သွယ်ထားသောလမ်းပေါ်ရှိ မန်းချောင်းတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်း၊ တံတား စာရင်းတွင်ပါဝင်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ ကျွန်တော်တို့ ကွင်းဆင်းစစ်ဆေးလိုက် ပါတယ်ခင်ဗျား။ ကွင်းဆင်းစစ်ဆေးတဲ့အခါကျတော့ အဆိုပါတံတားသည် ရွှေစက်တော်ဘုရားသွား တဲ့ ဘုရားဖူးတွေအတွက်လည်း လိုအပ်သလို ရွှေစက်တော်ကနေပြီး ကျောင်းတော်ရာကိုသွားမယ့် ဘုရားဖူးတွေအတွက်လည်း ဖြတ်လမ်းသဘောမျိုး သုံးလို့ရတာတွေ့တဲ့အတွက် ဒေသအတွက် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ရဲ့ ဒါတွေဟာ လတ်တလောမှာက ရွာတွေကတည်ဆောက်ထားတဲ့ ဖွံ့ဖြိုးရေးလမ်းလေးပဲဖြစ်တဲ့အတွက် အရင်ဆုံးဆောင်ရွက်မယ့်ကိစ္စ ကတော့ ဒီလမ်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းပေးဖို့ဆိုပြီးတော့ စာရေးဖို့လိုပါတယ်။ အဲဒီလို စာရေးပြီးတဲ့အချိန်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ကျွန်တော်တို့ဝန်ကြီးဌာနကို သဘောထားမှတ်ချက်

မေးပြီးတော့ တရားဝင်လမ်းစာရင်း Gazette အဖြစ် ပြီးသွားပြီဆိုရင်တော့ လုပ်ထုံးလုပ်နည်း နဲ့အညီ ရန်ပုံငွေများ တင်ပြတောင်းခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းဝင်း(မင်းဘူး(စကု)မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ ရန် တောင်းခံအပ်ပါတယ်။ ဝန်ကြီးဖြေသွားတာက ဒီလမ်းက ဆောက်လုပ်ရေးလမ်း အမည် မပေါက်သေးဘူးလို့ ကျွန်တော်နားလည်ပါတယ်။ သိလိုက်ပါတယ်။ တကယ်တော့ ကျွန်တော်တို့ ဒီစကု-အိုင်းမလမ်းဟာ တိုင်းဒေသကြီးရန်ပုံငွေနဲ့ပဲဖြစ်ဖြစ်၊ ပြည်ထောင်စုရန်ပုံငွေ နဲ့ပဲဖြစ်ဖြစ် ၂၀၁၉-၂၀၂၁ ဘက်ဂျက်မှာကိုပဲ ဒီလမ်းအဆင့်မြှင့်ဖို့အတွက် ကျွန်တော်တို့က ဘတ်ဂျက်ပါထားတာ တွေ့ပါတယ်။ ကျွန်တော်သိတာကတော့ ဒေသခံပြည်သူတွေရော၊ ကျွန်တော်တို့ရောသိတာက ဒီလမ်းစာရင်းက အမည်ပေါက်ပြီးဖြစ်တယ်လို့ ကျွန်တော်တို့လည်း သိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒါနဲ့ပတ်သက်ပြီးတော့ တံတားထိုးဖို့ကိစ္စကိုတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ဦးစားပေးအနေနဲ့ လျာထားပြီးတော့ ပြန်လည်စိစစ်ပြီးတော့ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ လေးစား စွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ငါးမိုင်ဖြတ်လမ်းက အမည်ပေါက်ပြီးဖြစ်ပါတယ်။ ငါးမိုင်ဖြတ်လမ်းဆိုတာ အဝေးကြီးသွားရမယ့် အစား ငါးမိုင်ဖြတ်လမ်းဟာ အမည်လည်းပေါက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း အဆင့်မြှင့်တင်ထားပြီးဖြစ်ပါတယ်။ အဲဒီတော့ အဲဒါနဲ့ဆက်စပ်နေလို့ သူက လမ်းစာရင်းထဲမပါသေး ပါဘူးခင်ဗျား။ လမ်းစာရင်းအမည်ပေါက်ဖို့၊ Gazette ဖို့အတွက်ကတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး

အစိုးရအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့ကို ဒီလမ်း ဘယ်ကနေစတယ်။ ဘယ်မှာဆုံးတယ်။ ဒီလမ်းကို သီးခြားတင်ပြတောင်းခံပြီး လမ်းစာရင်း Gazette ပေးရမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်

**ပူတာအိုမြို့နယ်အတွင်းရှိ ပမ္မတီး-နမ်ရှယ်-မလိခေါင်လမ်းတွင် ကျောက်ချောလမ်းခင်းရန် ကျန်ရှိနေသော ၂ မိုင် ၁ ဖာလုံအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းဆက်လက်ခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမိုးရွှေ(ပူတာအိုမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး(၁၄)ကြိမ်မြောက် တတိယနေ့အစည်းအဝေးမှာ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ မေးမြန်းသွားမည့်မေးခွန်းကတော့ ပမ္မတီး-နမ်ရှယ်-မလိခေါင်လမ်းတွင် ကျောက်ချောလမ်းခင်းရန် ကျန်ရှိနေသော ၂ မိုင် ၁ ဖာလုံအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ကျောက်ချောလမ်းဆက်လက်ခင်းပေးရန် အစီအစဉ်ရှိ/မရှိမေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်ရှိ ပမ္မတီးကျေးရွာအုပ်စုတွင် အိမ်ခြေ ၈၄၀၊ လူဦးရေ ၈၄၀ ကျော် နေထိုင်လျက်ရှိပါတယ်။ သတ်မှတ်အဆင့်(A)လမ်းဖြစ်သော ကျေးရွာချင်းဆက် ပမ္မတီး-နမ်ရှယ်-မလိခေါင်လမ်းသည် ၅ မိုင် ၂ ဖာလုံရှိပြီး ၎င်းလမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ပြည်နယ်ဘဏ္ဍာငွေဖြင့် ၃ မိုင် ၁ ဖာလုံကို ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်လည်း ပြည်နယ်ရန်ပုံငွေဖြင့် နမ်ရှယ်-မလိခေါင်လမ်းပေါ်ရှိ နမ်ရှယ်ချောင်းကူးကြိုးတံတားအား

ကွန်ကရစ်ခုံခံနှစ်လွှာတစ်ထပ် သံပေါင်ဘေလီတံတားတစ်စင်းဆောင်ရွက်ပေးရန် ဘတ်ဂျက် လျာထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒေသခံမိဘပြည်သူများအားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ ရပါတယ်။ သို့သော် ဒေသခံမိဘပြည်သူများနှင့် တွေ့ဆုံရာတွင် မိဘများမှ အခက်အခဲများကို တင်ပြ ဆွေးနွေးရာ ကျောင်းသားကျောင်းသူများသည် ပမ္မတီးအခြေခံပညာအထက်တန်းကျောင်းသို့သွားရန် လမ်းဆောင်ရွက်မှုမရှိသေးသောလမ်းပိုင်းတွင် ခက်ခဲမှုများဖြင့် သွားလာနေရသောကြောင့် ကျန်ရှိနေ သော ၂ မိုင် ၁ ဖာလုံကို ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ပေးပါရန် တင်ပြလာ ပါသည်။ ဒေသခံမိဘပြည်သူများရဲ့ တင်ပြလာသော လမ်းအားဆောင်ရွက်ပေးပါက ဒေသခံမိဘ ပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုအစစအရာရာ ဖွံ့ဖြိုးတိုးတက်သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point ဖြင့်တင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံအပ် ပါတယ်။ ဒီပုံကတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းအဆင့် တိုးမြှင့် ခင်းပေးထားတဲ့ ၃ မိုင် ၁ ဖာလုံရဲ့ လမ်းပိုင်းအဆုံးပိုင်းဖြစ်ပါတယ်။ ဒီပုံကတော့ ကျွန်တော်တို့ မေးခွန်းမှာပါတဲ့ ၂ မိုင် ၁ ဖာလုံရဲ့ လမ်းအခြေအနေပုံဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ သို့ဖြစ်ပါ၍ ပမ္မတီး-နမ်ရှယ်-မလိခေါင်ကျေးရွာချင်းဆက်လမ်းပေါ်တွင် ကျောက်ချောလမ်းခင်းရန်ကျန်ရှိနေသော ၂ မိုင် ၁ ဖာလုံအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ကျောက်ချောလမ်းခင်းပေးနိုင်ပါရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်မိဘပြည်သူများကိုယ်စား ရိုသေစွာမေးမြန်းအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမိုးရွှေ မေးမြန်းထားတဲ့ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ်အတွင်းရှိ ဦးစားပေးအဆင့်(၁) ကျေးရွာချင်းဆက်လမ်းဖြစ်သော ပမ္မတီး-နမ်ရှယ်-မလိခေါင်လမ်းတွင် ကျောက်ချောလမ်းခင်းရန် ကျန်ရှိနေသော ၂ မိုင် ၁ ဖာလုံအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်အတွင်းရှိ ပမ္မတီး-နမ်ရှယ်-မလိခေါင်ကျေးရွာချင်းဆက်လမ်း အရှည် ၅ မိုင် ၂ ဖာလုံသည် ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ အဆိုပါကျေးလက် လမ်း၏ လမ်းအရှည် ၃ မိုင် ၁ ဖာလုံအား ကျောက်ချောလမ်းအဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ကျန်ရှိတဲ့လမ်းအရှည်က ၂ မိုင် ၁ ဖာလုံကျန်ရှိပြီးတော့ လမ်းအဆင့် သတ်မှတ်ချက်အရ ဦးစားပေးအဆင့်(၁)လမ်းစာရင်းတွင်ပါဝင်တဲ့လမ်းဖြစ်တဲ့အတွက် လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှာ ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှု အပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁:၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊၁၁:၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**ဒေါ်နန်းခမ်းအေး၊ နမ္မတူမဲဆန္ဒနယ်က ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ ဌာနအဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် တင်ဒါများကိုဖိတ်ခေါ်ရာတွင် သက်ဆိုင်ရာ လုပ်ငန်းများ၏ တည်နေရာ၊ Design Drawing နှင့် Estimate(ခန့်မှန်းရန်ပုံငွေများ)ကို ပြည့်စုံစွာဖော်ပြပြီး သက်ဆိုင်ရာဌာနများ၏ Website များတွင် စတင်ဖိတ်ခေါ် သည်သာမက တင်ဒါအောင်မြင်သွားသည့် ကုမ္ပဏီများကိုပါ အတူယှဉ်တွဲပြီး လုပ်ငန်းပြီးစီးသည်အထိ သက်ဆိုင်ရာဌာန၏ Website များတွင် တရားဝင် ဖော်ပြ ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်နန်းခမ်းအေးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ ရှမ်းပြည်နယ်၊ နမ္မတူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါရှင်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့မှာ ပြည်ထောင်စုတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများရဲ့ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် တင်ဒါများကို ဖိတ်ခေါ်ရာမှာ သက်ဆိုင်ရာလုပ်ငန်းများရဲ့ တည်နေရာ၊ Design Drawing နှင့် Estimate တွေကို ပြည်စုံစွာဖော်ပြပြီး သက်ဆိုင်ရာဌာနများရဲ့ Website များမှာ စတင်ဖိတ်ခေါ်သည်သာမက တင်ဒါအောင်မြင်သွားတဲ့ကုမ္ပဏီများကိုပါ အတူယှဉ်တွဲပြီး လုပ်ငန်းပြီးစီးသည်အထိ သက်ဆိုင်ရာဌာနရဲ့ Website တွေမှာ တရားဝင်ဖော်ပြပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကိုတင်သွင်းအပ်ပါတယ်။ ဒီအဆိုဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနတစ်ခုတည်းကို ဆိုလိုခြင်းမဟုတ်ဘဲ ဒီနိုင်ငံမှာရှိနေတဲ့ ဝန်ကြီးဌာနတိုင်းကို ဆိုလိုခြင်းဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရုံးရဲ့ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)မှာ အစိုးရဌာနအဖွဲ့အစည်းများရဲ့ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်ရာမှာ လိုက်နာရမယ့်တင်ဒါလုပ်ထုံးလုပ်နည်းက မည်သို့ပင်ညွှန်ကြားထားစေကာမူ ကွဲလွဲစွာဆောင်ရွက်နေကြတာကို ဖြတ်သန်းခဲ့တဲ့ဘဏ္ဍာရေးနှစ်တွေကို ပြန်လည်သုံးသပ်ကြည့်ခြင်းအားဖြင့် ငြင်းပယ်လို့မရနိုင်ပါဘူး။ ယခုအခါ(၁/၂၀၁၇)ကို ပိုမိုပြည့်စုံအောင် ပြန်လည်ပြင်ဆင်ရေးဆွဲနေပါတယ်လို့ ဒီအဆိုနဲ့ပတ်သက်ပြီးလာရောက်ဖြေကြားပေးမယ့် သက်ဆိုင်သူက ဖြေကြားကောင်း ဖြေကြာပေးပါလိမ့်မယ်။ ဒါပေမဲ့ နိုင်ငံအကျိုးထက်

ကိုယ်ကျိုးကို ပိုအလေးထားတဲ့ အတ္တကြီးသူကြောင့် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတွေကို ဘယ်လောက်ပဲကောင်းအောင် ပြင်ဆင်ရေးသားပြဋ္ဌာန်းထားစေကာမူ ထိန်းကျောင်းမှုကတော့ အားနည်းနေအုံးမှာ ဖြစ်ပါတယ်။ ထိန်းကျောင်းမှုအားကောင်းစေဖို့ ပြည်သူတွေပါဝင်မှုဟာ အဓိက ဖြစ်နေပါတယ်။ ပြည်သူတွေတာဝန်သိစွာ ပါဝင်လာနိုင်ဖို့အတွက် တင်ဒါနဲ့ပတ်သက်တာတွေကို ပွင့်လင်းမြင်သာစွာဖြင့် Website တွေမှာ တင်ပြထားဖို့လိုအပ်နေပါတယ်။ တချို့သောလုပ်ငန်းတွေမှာ အရည်အသွေးစံချိန်စံညွှန်း ပြည့်မီရေးစစ်ဆေးဖို့အတွက် Third Party ကို ကျင့်သုံးပေမဲ့ တချို့သောလုပ်ငန်းတွေမှာ ငွေမလုံလောက်တဲ့အတွက်ကြောင့် Estimate မှာ အရည်အသွေးစစ်ဆေးဖို့အတွက်ထည့်တွက်ထားခြင်းမရှိပါဘူး။ ပုံမှန်အားဖြင့် မြို့နယ်တည်ဆောက်ရေးကော်မတီမှ လုပ်ငန်းရဲ့ ၂၅ ရာခိုင်နှုန်းပြီးတဲ့အခါတိုင်းမှာ ကွင်းဆင်းစစ်ဆေးပါတယ်။ အဲဒါကြောင့် အရည်အသွေးစစ်ဆေးဖို့အတွက် သက်ဆိုင်ရာက ကွင်းဆင်းစစ်ဆေးမှုမပြုနိုင်ခင်ကြားမှာ ပြည်သူတွေက ကြည့်ရှုပြီးသတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းပါဝင်နိုင်ဖို့ လိုအပ်နေပါတယ်။ တည်ဆောက်မှုနဲ့ ပတ်သက်ပြီးတော့ တင်ဒါစည်းမျဉ်းစည်းကမ်း လိုက်နာမှုအားနည်းတဲ့အတွက်ကြောင့် နိုင်ငံအတွက် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နေတဲ့ သာဓကတွေကို သက်သေအထောက်အထားနဲ့ တင်ပြဆွေးနွေးနိုင်ပါတယ်။ အဲဒီလိုဆွေးနွေးလိုက်ခြင်းအားဖြင့် ဆွေးနွေးတဲ့လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဆက်စပ်တဲ့မြို့မှာရှိတဲ့ ဝန်ထမ်းတွေ၊ ဆွေးနွေးတဲ့အကြောင်းအရာမှာ ပါဝင်တဲ့လုပ်ငန်းနဲ့သက်ဆိုင်တဲ့ ဝန်ထမ်းတွေကို ဖိအားပေးခြင်း၊ ပြောင်းရွှေ့စေခြင်းဖြင့်အရေးယူပြီး လုပ်ထုံးလုပ်နည်းကတော့ ပြောင်းလဲမှုမရှိဘဲ ပုံမှန်ဆက်လက်လည်ပတ်နေပါတယ်။ အဲဒီလိုမူမှန်မဟုတ်တဲ့ ပုံမှန်လည်ပတ်မှုတွေဟာ မှန်ကန်တဲ့ဆောင်ရွက်ချက်မဟုတ်ပါဘူး။ တင်ဒါတစ်ခါဖွင့်ပြီးတိုင်းမှာ နီးစပ်ရာအသိုင်းအဝိုင်းကသာ တင်ဒါအောင်မြင်မှုရရှိခြင်း သတ်မှတ်ထားတဲ့ ဈေးနှုန်းတွေအတွက် လက်ဝါးချင်းရိုက်ဆောင်ရွက်ပါတယ်ဆိုတဲ့အသံတွေလည်း ထွက်ပေါ်နေဆဲဖြစ်နေပါတယ်။ တင်ဒါစတင်ခေါ်ကတည်းက Design Drawing နဲ့ Estimate တွေကို Website မှာ ဖော်ပြထားခြင်းဖြင့် တင်ဒါယှဉ်ပြိုင်ခွင့် ကန့်သတ်ချက်မူကြမ်း

တွေကိုလည်း သိရှိနိုင်တဲ့အပြင် အဂတိလိုက်စားမှုတွေ၊ စျေးကစားခြင်းတွေ မလျော်ညီဇာသုံးပြီး တစ်နည်းနည်းနဲ့ လွှမ်းမိုးဆောင်ရွက်မှုတွေကိုလည်း အဟန့်အတားဖြစ်နိုင်မှာ ဖြစ်ပါတယ်။ တင်ဒါဖွင့်လှစ်ပြီးတဲ့နောက် တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီကို လုပ်ငန်းရဲ့ Design Drawing နဲ့ Estimate တွေကို ပူးတွဲပြီး Website မှာ တင်ပြထားခြင်းဖြင့် Estimate တွေကို ပြန်လည်ပြင်ဆင်ရေးဆွဲနေပါတယ်ဆိုတဲ့ သံသယတွေမေးမှိန်ပြီး တင်ဒါအောင်မြင်တဲ့စျေးနှုန်းနဲ့ ခွင့်ပြုဘတ်ဂျက်ကွာဟချက်တို့ကိုလည်း သိရှိနိုင်မှာဖြစ်ပါတယ်။ ဥပမာ-တံတားရဲ့ Bored piles တွေကို တူးတဲ့အချိန်မှာ အောက်ခြေမှာ ကျောက်တွေ့တဲ့အခါမျာသော်လည်းကောင်း၊ အမြင်မှာ မြေသားဖြစ်နေပေမဲ့ တူးတဲ့အချိန်မှာ ကျောက်ဆောင်ဖြစ်နေခြင်းကြောင့်သော်လည်းကောင်း မလွှန်ဆန်တဲ့ဖြစ်ရပ်များကိုသာ ပြောင်းလဲခွင့်ပြုကြောင်းကို တစ်ပါတည်းဖော်ပြထားရန် လိုအပ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ နမ္မတူမြို့နယ်မှာ နယ်စပ်ရေးရာဝန်ကြီးဌာနမှ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ကမ္ဘဏီက ဝင်ရောက်လုပ်ကိုင်ပြီး သုံးရက်အကြာမှာမှ ရွာသူရွာသားတွေရဲ့ အကြောင်းကြားမှုနဲ့ တွေ့ရှိခဲ့ရပါတယ်။ မြေပြင်ကွင်းဆင်းစစ်ဆေးကြည့်တဲ့အခါမှာ ကုမ္ပဏီတွေဟာ လမ်းအူကြောင်းကို တိုင်းတာဖော်ဆောင်ထားခြင်းလုံးဝမရှိဘဲ စက်ယန္တရားတွေနဲ့ ပရမ်းပတာ ဖောက်လုပ်နေတာကို တွေ့ရှိခဲ့ရပါတယ်။ အဲဒီအပြင် မည်သည့်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေပါတယ်ဆိုတဲ့ ဆိုင်းဘုတ်တပ်ဆင်ထားခြင်းမရှိတဲ့အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးထံ ဖုန်းဆက်မေးကြည့်တဲ့အခါ သူ့ကိုလည်း အကြောင်းကြားခြင်းမရှိသေးပါကြောင်း သိရှိရပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ နမ္မတူမြို့နယ် အားကစားရုံအတွက် RC တစ်ထပ်ကို PZMT ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်မှုတစ်ခုရှိပါတယ်။ အင်ဂျင်နီယာပါသလားလို့ မေးယူရလောက်အောင် တည်ဆောက်ထားတဲ့ ပုံစံကိုတွေ့ရပြီး တည်ဆောက်မှုမှာ ပါဝင်တဲ့အလုပ်သမားတွေကို မေးကြည့်တဲ့အခါမှာ ၎င်းတို့ကလည်း မကျွမ်းကျင်တဲ့လုပ်ငန်းများကိုပါ ဆောင်ရွက်နေရပါကြောင်း ဖွင့်ဟဝန်ခံကြပါတယ်။ သက်ဆိုင်ရာဌာနမှ တာဝန်ခံတွေရဲ့ထောက်ပြချက်တွေ၊ အကြံပြုချက်တွေ

ကိုလည်း လက်ခံခြင်းမရှိဘဲ ဆက်လက်တည်ဆောက်ထားကြောင်းကို လေ့လာတွေ့ရှိရပါတယ်။ PZMT ကုမ္ပဏီဖြစ်ပါတယ်။ ကုမ္ပဏီကပြီးစီးပါပြီဆိုပြီး ဖော်ပြထားတဲ့လုပ်ငန်းဖြစ်ပါတယ်။ ကြမ်းခင်းတွေကို အချောသတ်ထားခြင်းမရှိပါဘူး။ ရေတိုင်ကီယိုစီးမှုတွေဖြစ်နေပါတယ်။ မြောင်းတွေကို ပုံပါအတိုင်းမြင်တွေ့ရမှာ ဖြစ်ပါတယ်။ အဲ့ဒါကြောင့် အကယ်၍ Website မှာ ဖော်ပြထားမယ်ဆိုလို့ရှိရင် နည်းပညာ အဆိုပြုလွှာမှာပါဝင်တဲ့ စံနှုန်းတွေအနက်အဓိကကျတဲ့ ကျွမ်းကျင်မှုပုဂ္ဂိုလ်များပါဝင်မှု၊ အင်ဂျင်နီယာပါဝင်မှုရှိ/မရှိနဲ့ အလုပ်သမားများက သက်ဆိုင်တဲ့လုပ်ငန်းတွေမှာ အံဝင်ခွင်ကျရှိ/မရှိသိနိုင်တဲ့အပြင် Sub Contrqct ပေးခြင်း ဟုတ်/မဟုတ်၊ ဆေးခန်းများ၊ ကျောင်းများတည်ဆောက်ရာမှာလည်း ၎င်းတို့ရဲ့ မူလမြေသားအောက်ခြေတွေကို ကျင်းတူးတဲ့နေရာမှာ Foundation အနက်တွေကိုလည်း ပါရှိတဲ့ Estimate အတိုင်း ဆောင်ရွက်ထားခြင်းရှိ/မရှိကိုလည်း သိရှိနိုင်မှာဖြစ်ပါတယ်။ အဲ့ဒါအပြင် Foundation လောင်းတဲ့ ကြမ်းခင်းကွန်ကရစ်ကို ၁:၂:၄ အစား ၁:၃:၆ ပြောင်းလဲဆောင်ရွက်နေခြင်းများ၊ တင်ဒါအောင်မြင်ပြီးသော ပစ္စည်းနှင့်ကွဲလွဲစွာ ဝယ်ယူအသုံးပြုမှုများ၊ ရောင်းချမှုများတို့ကိုလည်း ချက်ချင်းအသိပေးနိုင်မှာဖြစ်ပြီး စံချိန်စံညွှန်း လျှော့ချမှုကြောင့် အရည်အသွေးလျော့နည်းမှုများကိုလည်း အချန်မီအသိပေးပြနိုင်မှာ ဖြစ်ပါတယ်။ လမ်းနဲ့ပတ်သက်၍ ပထမအခြေခံအလွှာကို တစ်ဖက်တစ်ချက်မှာ ငါးပေစီချဲ့ရန် Design ဆွဲထားပေးပါသော်လည်းပဲ သုံးပေပြောင်းပြီး ဆောင်ရွက်ထားခြင်းမဖြစ်ရန်၊ လမ်းအလွှာများ လျှော့ခင်းခြင်း၊ လမ်းပခုံးလျှော့ခြင်း၊ တာပေါင်လျှော့ခြင်းတို့ကို ထိန်းကျောင်းနိုင်ရန် ကွန်ကရစ်လမ်းခင်းရာတွင် 4000PRI အတွက် သတ်မှတ်ထားတဲ့အချိုးဟာ ၁ း ၁ ၁/၂ း ၃ ကို ၁:၂:၄ ကို လျှော့ချတဲ့အတွက် လမ်းခံနိုင်အားကို လျှော့ချစေတာကိုလည်း ကာကွယ်နိုင်မှာဖြစ်ပြီးတော့ လုပ်ငန်းတွေနှောင့်နှေးကြန့်ကြာမှုနဲ့ ဒဏ်ကြေးတွေကိုလည်း နိုင်ငံအတွက် အလေအလွင့်မရှိအောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အဂတိလိုက်စားမှုတားဆီးကာကွယ်ဖို့အတွက် အသိပေးတင်ပြချက်မှာ နိုင်ငံတော်

သမ္မတရုံးရဲ့ ညွှန်ကြားချက်အမှတ်(၁/၂၀၁၇)ကို ဖောက်ဖျက်ရင် နိုင်ငံတော်ရဲ့ ငွေကြေး၊ ပစ္စည်း ထိခိုက်နစ်နာဆုံးရှုံးလျှင် အဂတိလိုက်စားမှုကျူးလွန်ခြင်းဖြစ်တဲ့အတွက် အရေးယူခံနိုင်ရမည် ဖြစ်ကြောင်း ပါရှိထားပါတယ်။ သို့ဖြစ်ပါ၍ အဂတိလိုက်စားမှုလျှော့ချရေးအတွက် အနည်းငယ် အထောက်အပံ့ဖြစ်နိုင်ရန်နှင့် လုပ်ငန်းတွေရဲ့ မူလစံချိန်စံညွှန်းသတ်မှတ်ချက်တွေနဲ့အညီဆောင်ရွက် ခြင်းဖြင့် လုပ်ငန်းအရည်အသွေးတွေ တိုးတက်စေရန် ပြည်သူကိုဗဟိုပြုပြီး အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်ရွယ်ပြီးတော့ Website တွေမှာ တရားဝင်ကြေညာထားရန် အတွက် ဤအဆိုကို တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းခမ်းအေး တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း ဖြစ်ပါတယ်။ ဒီကနေ့ နမ္မတူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စု တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူ ခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတင်ဒါများကို လုပ်ထုံးလုပ်နည်းနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ကြရန် နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားချက်အမှတ်(၁/၂၀၁၇)ကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်က ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ထုတ်ပြန်ရခြင်းရဲ့ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေတွေ လေလွင့်ဆုံးရှုံးမှုမရှိစေရန်၊ အဂတိလိုက်စားမှုများမရှိစေရန်၊ တင်ဒါကို တစ်ဦးတည်း၊ တစ်ယောက်တည်းကနေပြီးတော့ အစုလိုက်၊ အဖွဲ့လိုက်ဖြစ်စေ၊ လက်ဝါးကြီးအုပ်

ရယူခြင်း၊ ဈေးကစားခြင်းများမဖြစ်ပေါ်စေဘဲ မှန်ကန်မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်၊ နိုင်ငံတော်နှင့်အများပြည်သူအတွက် ထိရောက်တဲ့အကျိုးရှိစေရန် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့်ရောင်းချခြင်းများဖြစ်ရန်ဆိုပြီးတော့ ဒီရည်ရွယ်ချက်တွေနဲ့အတူ လုပ်ထုံးလုပ်နည်းကို ထုတ်ပြန်ရခြင်းဖြစ်ပါတယ်။

ထို့အပြင် သက်ဆိုင်ရာဝန်ကြီးဌာနအတွက်ကိုလည်းပဲ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမယ့် လုပ်ငန်းလမ်းညွှန်များကိုပါ ဖြန့်ဝေထားတာကိုလည်းပဲတွေ့ရှိရပါတယ်။ ညွှန်ကြားချက်(၁/၂၀၁၇)ရဲ့ အပိုဒ် ၁၀ အပိုဒ်ခွဲ(ဂ)မှာ ကျပ်သန်း ၁၀၀ အထက်တည်ဆောက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်ရမယ့်လုပ်ငန်းအမျိုးအစားကို ရှင်းလင်းစွာဖော်ပြပြီးတော့ အိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက်တစ်လကြိုတင်ပြီးတော့ နိုင်ငံပိုင်သတင်းစာတွေမှာ အနည်းဆုံးနှစ်ကြိမ် သိသာထင်ရှားစွာကြေညာ၍ တင်ဒါခေါ်ယူရမယ်။ အလားတူ ဝန်ကြီးဌာနရဲ့ Website တွေမှာလည်းပဲ အနည်းဆုံးတစ်လကြိုတင်ကြေညာရမယ်လို့ ဖော်ပြထားတာကိုလည်း တွေ့ရှိရပါတယ်။ တင်ဒါနဲ့ပတ်သက်ပြီးတော့ လမ်းညွှန်ချက်တွေ၊ Guide Line တွေ မည်မျှပင်ဖော်ပြထားသော်ငြားလည်း လက်တွေ့မြေပြင်အခြေအနေမှာ လမ်းညွှန်ချက်များနဲ့ များစွာကွဲလွဲနေသည်ကိုလည်းပဲ ဝမ်းနည်းဖွယ်တွေ့နေရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့မှာ နေပြည်တော်ဝန်ကြီးဌာန ရုံးတစ်ခုက တင်ဒါခေါ်ယူမှုမှာ Technical တင်ပါတယ်။ အောက်တိုဘာလ ၂၄ ရက်နေ့မှာ ဈေးဖွင့်ပါတယ်။ အဲဒီမှာ Estimate တင်စရာမလိုဘဲနဲ့ ဌာနကနေတွက်ချက်မှုတွေပေးပြီးတော့ တင်ဒါအောင်သွားပါတယ်။ တကယ်တမ်း တင်ဒါစည်းမျဉ်းစည်းကမ်းအရဆိုရင် တင်ဒါဝင်ရောက်ယှဉ်ပြိုင်သူက သတ်မှတ်ထားတဲ့ Detail Design Drawing တွေ၊ Estimate တွေ BQ တွေ၊

အဲဒီမှာ Detail Measurement၊ Specification ဒီဇိုင်းပုံစံတွေတွဲပြီးတော့ တင်ရမှာဖြစ်ပါတယ်။ ဒါကို အလွယ်တကူပဲ တင်ဒါပေးလိုက်ရတာကို သိခဲ့ရပါတယ်။

နောက်တစ်ခုက ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မှာပါ။ မြို့နယ်ပြည်သူ့ဆေးရုံကြီးရဲ့ လေးခန်းတွဲ လေးထပ်ဆောင်အဆောက်အဦ ဝန်ထမ်းအိမ်ရာ တည်ဆောက်တဲ့နေရာမှာ Third Party မှာပါဝင်တဲ့ အင်ဂျင်နီယာတစ်ဦးက အဲဒီအဆောက်အဦရဲ့ ကန်ထရိုက်တာတစ်ယောက်ဖြစ်နေတာကို တွေ့ခဲ့ရပါတယ်။ အဆောက်အဦရဲ့ Estimate ကို တောင်းကြည့်တဲ့အခါမှာ လွှတ်တော် ကိုယ်စားလှယ်ကို ပေးတဲ့ Estimate စာအုပ်ကတစ်မျိုး၊ မြို့နယ် အုပ်ချုပ်ရေးမှူးကိုပေးတဲ့ စာအုပ်က နောက်တစ်မျိုး၊ နောက် မြို့နယ်ဆရာဝန်ကြီးကို ပေးထားတဲ့စာအုပ်က နောက်တစ်မျိုးဆိုပြီးတော့ သုံးမျိုးကွဲနေတာကိုလည်း တွေ့ခဲ့ရပါတယ်။ တာဝန်ခံအင်ဂျင်နီယာကိုတွေ့ဖို့ ကျွန်တော်သွားတာ လေးခေါက်တိတိ ရှိပါတယ်။ မတွေ့ခဲ့ရပါဘူး။ သေချာချိန်းတဲ့နေ့မှာလည်းပဲ လာရောက်မတွေ့ဆုံခဲ့ပါဘူး။ နောက်တစ်ခုက ကျွန်တော်တို့မြို့နယ် ပြည်သူ့ဆေးရုံမှာရှိနေတဲ့ ခွဲစိတ်ခန်းတည်ဆောက်ရေး လုပ်ငန်းမှာ တင်ဒါအောင်သွားတဲ့ကုမ္ပဏီက သူတင်ဒါအောင်သွားတဲ့ စံသတ်မှတ်ချက်မှာ သတ်မှတ်ထားတဲ့ အရည်အချင်းပြည့်မီမှုနှင့် လုပ်ငန်းအတွေ့အကြုံဆိုတဲ့အချက်နဲ့ ကွဲလွဲနေတာကို တွေ့ရပါတယ်။ တာဝန်ခံအင်ဂျင်နီယာကို မေးတဲ့အခါမှာ လူကိုယ်တိုင် ကျွန်တော့်ကိုလာမတွေ့ပါဘူး။ ကျွန်တော်လည်း မတွေ့ခဲ့ရပါဘူး။ ငါးခေါက်တိတိ ကျွန်တော်အဲဒီကိုသွားပါတယ်။ အဲဒီမှာ အလုပ်ကြပ်နဲ့ အလုပ်သမားတွေကိုထားခဲ့ပြီးတော့မှ ဆောင်ရွက်နေတာကို တွေ့ရတယ်။ Foundation တူးတဲ့အခါမှာလည်းပဲ အမှားမှားအယွင်းယွင်းတွေနဲ့ တွေ့ကြုံခဲ့ရပါတယ်။ ဆိုလိုတာက တင်ဒါကို ကိုယ်နဲ့နီးစပ်ရာလူကို တင်ဒါအအောင်ပေးလိုက်ပြီးတော့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်း အတိုင်း မလိုက်နာဘူးဆိုတာကို ဖော်ပြထားခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အဆိုရှင်တင်ပြထားတဲ့ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတွေကိုမည်မျှပင် ကောင်းအောင် ပြင်ဆင်ရေးသားပြဋ္ဌာန်းစေကာမူ ထိန်းကျောင်းမှုများကတော့ အားနည်းနေဆဲ ဖြစ်ပါတယ်။ ဒီလိုထိန်းကျောင်းမှုတွေအားကောင်းလာစေဖို့အတွက် ပြည်သူတွေကိုပါဝင်စေဖို့ တင်ဒါ နှင့်ပတ်သက်တဲ့အချက်အလက်တွေကို ပြည်သူလူထုသိအောင် သက်ဆိုင်ရာ Website တွေမှာ ဖော်ပြထားဖို့ လိုအပ်နေပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်က မူလတန်းကျောင်းတစ်ခုမှာ ပြင်/ထိန်း လုပ်ငန်းကိုဆောင်ရွက်ပါတယ်။ ကျွန်တော်တို့သွားကြည့်ပါတယ်။ ကျောင်းရဲ့ဆွေးနေတဲ့ တိုင်တွေ၊ ထုတ်တန်းတွေကိုဖယ်ထုတ်ရတယ်။ အဲဒီမှာကောင်းနေတဲ့တိုင်တွေ၊ သုံးလို့ရတဲ့တိုင်တွေအချို့ ပါပါ တယ်။ ဒါကိုအခြားရွာက ပြင်/ထိန်းကျောင်းကို ထော်လာဂျီနဲ့ပြန်ပြီးတင်ပို့လိုက်တယ်။ ဒါကို ရွာသား တစ်ဦးကမြင်တယ်။ အဟောင်းပြန်သုံးထားတာကို ပြန်ပြောပြပါတယ်။ ဒါဟာပြည်သူလူထုရဲ့ပါဝင်မှု တစ်ခုဖြစ်ပါတယ်။ ပိုပြီးကျယ်ကျယ်ပြန့်ပြန့် လူထုပါဝင်လာဖို့အတွက်ကို ခုနကပြောခဲ့သလို သက်ဆိုင်ရာ Website တွေကနေတစ်ဆင့် တည်ဆောက်ရေးနှင့်ပတ်သက်တဲ့ သတင်းအချက် အလက်များကို ဖြန့်ဝေရမှာဖြစ်ပါတယ်။ အခုလိုဆိုရင် လူတိုင်းနီးနီး မိုဘိုင်းဖုန်းများသုံးစွဲနေကြပြီး ဖြစ်ပါတယ်။

နောက်တစ်ခုက Sub Contract ကိစ္စဖြစ်ပါတယ်။ တင်ဒါအောင်ပြီးတဲ့ ကုမ္ပဏီက လူအရောက်ပေါက်နည်းတဲ့ဒေသတွေ၊ အစွန်အဖျားတွေမှာ Sub Contract ပြန်ပေးတာတွေလည်း ရှိပါတယ်။ ဒါကိုလည်းပဲ လက်တွေ့နယ်တွေမှာ တွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စု တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်သူများအမြင်တွင် သံသယ ရှင်းစေရန်အတွက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုများရယူခြင်း၊ ငှားရမ်းခြင်း နှင့်ရောင်းချခြင်းများအတွက်ဆောင်ရွက်တဲ့အခါမှာ တင်ဒါအောင်မြင်တဲ့ လုပ်ငန်းရှင်ကုမ္ပဏီများ ဟာ တရားမျှတရှိစွာနှင့် ပွင့်လင်းမြင်သာစွာဆောင်ရွက်သွားနိုင်ရန် Website များမှတစ်ဆင့်

တရားဝင်တင်ပြသွားနိုင်ရန်အဆိုကို ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ပါရန်နှင့် အဆိုကိုထောက်ခံတင်ပြဆွေးနွေးလိုက်ရပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၃ အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဒေါ်နန်းခမ်းအေး တင်သွင်းသွားမည့်အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဒေါ်နန်းခမ်းအေး၊ နမ္မတူမဲဆန္ဒနယ်က တင်သွင်းသော ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် တင်ဒါများကို ဖိတ်ခေါ်ရာတွင် သက်ဆိုင်ရာလုပ်ငန်းများ၏ တည်နေရာ၊ Design Drawing နှင့် Estimate(ခန့်မှန်းရန်ပုံငွေများ)ကို ပြည့်စုံစွာဖော်ပြပြီး သက်ဆိုင်ရာဌာနများ၏ Website များတွင် စတင်ဖိတ်ခေါ်သည်သာမက တင်ဒါအောင်မြင်သွားသည့် ကုမ္ပဏီများကိုပါ အတူယှဉ်တွဲပြီး လုပ်ငန်းပြီးစီးသည်အထိ သက်ဆိုင်ရာဌာန၏ Website များတွင် တရားဝင်ဖော်ပြပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဒေါ်နန်းခမ်းအေး၊ နမ္မတူမဲဆန္ဒနယ်ကတင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၅ အရ ဆွေးနွေးတဲ့လွှတ်တော်ကိုယ်စားလှယ် များအနေနဲ့ ၂၆-၁၁-၂၀၁၉ ရက် (အင်္ဂါနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဦးကြည်မင်း(ဒုတိယဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကြည်မင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အတည်ပြုရေးဆွဲခဲ့တဲ့ အမျိုးသား စာကြည့်တိုက်ဥပဒေ(မူကြမ်း)ကို ဆွေးနွေးစဉ်းစားပေးနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ကို အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။

မူကြမ်း

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနသည် အမျိုးသားစာကြည့်တိုက်၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များကို ပီပြင်စွာဆောင်ရွက်နိုင်ရန် ပြည်တွင်းပြည်ပမှစာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့်ဆက်သွယ်၍ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်တို့အတွက် သမိုင်း သုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် စာကြည့်တိုက် ပညာရှင်များ၊ စာကြည့်တိုက်လုပ်ငန်းများတွင် အတွေ့အကြုံရှိသောပြင်ပ ပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့်ပူးပေါင်း၍ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဥပဒေအကြံပြုချက်နှင့် သဘောထားများရယူ၍ အမျိုးသား စာကြည့်တိုက်ဥပဒေ(မူကြမ်း)အား ပြုစုရေးဆွဲခြင်းဖြစ်ပါသည်။ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာနက ပြုစုရေးဆွဲထားသော အမျိုးသားစာကြည့်တိုက်ဥပဒေ(မူကြမ်း)ကို အတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်က ဆွေးနွေး စဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင် ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်။ ပြည်သူ့လွှတ်တော် ဥပဒေ

ကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်က အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ လေးစားစွာတင်သွင်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့တဲ့ အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ (က)အရ ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးနိုင်ဖို့အတွက် ပြည်ထောင်စုလွှတ်တော်ရုံးရဲ့ ၁၇-၉-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၆/၁၂/၁၀(၂၇၂)/ပထစ-၂၀၁၉ အရ ပေးပို့လာပါတယ်။ သာသာနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဟာ အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းကို ရည်ရွယ်ချက်သုံးချက်အပေါ်မှာ အခြေခံပြီးရေးဆွဲထားခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါတယ်။ ဒီရည်ရွယ်ချက်တွေကတော့ အမျိုးသားစာကြည့်တိုက်ရဲ့ လုပ်ပိုင်ခွင့်နှင့်တာဝန်များကို ပီပြင်စွာဆောင်ရွက်နိုင်ရန်၊ မြန်မာ့ အမျိုးသားစာပေဆု အမွေအနှစ်ဗဟိုဌာနဖြစ်လာစေရန်ဆိုတဲ့ အမျိုးသားစာကြည့်တိုက်ရဲ့ မျှော်မှန်းချက်ကို ပီပြင်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ပြည်တွင်းပြည်ပမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် ကွန်ယက်ဆက်သွယ်ရေး စာကြည်တိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် စသည်တို့ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ၃၁-၁၀-၂၀၁၉ ရက်(ကြာသပတေးနေ့)မှာ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ

၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ပါတယ်။ စိစစ်လေ့လာတွေ့ရှိချက်တွေကတော့ လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဝေငှထားပြီးသား ဖြစ်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန်နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ဝ၅/ပသ-ဥပဒေကြမ်း/၂၀၁၉-၁၈၆

ရက်စွဲ ၊၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၇-၉-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၂၇၂)/ပထစ - ၂၀၁၉

မူကြမ်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ (က) အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းကို အောက်ဖော်ပြပါရည်ရွယ်ချက်များအပေါ် အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) အမျိုးသားစာကြည့်တိုက်၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များကို ပီပြင်စွာ ဆောင်ရွက်နိုင်ရန်၊

(ခ) မြန်မာ့အမျိုးသားစာပေစု အမွေအနှစ်ဗဟိုဌာန ဖြစ်လာစေရန်ဆိုသည့် အမျိုးသားစာကြည့်တိုက်၏ မျှော်မှန်းချက်ကို ပီပြင်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ဂ) ပြည်တွင်းပြည်ပမှ စာကြည့်တိုက်များ၊ စာကြည့်တိုက် အသင်းအဖွဲ့များနှင့် ကွန်ယက်ဆက်သွယ်၍ စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၃၁-၁၀-၂၀၁၉ ရက် ကြာသပတေးနေ့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ

၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းတွင် အခန်း (၇) ခန်းနှင့် အပိုဒ်ပေါင်း ၂၀ ပိုဒ် ပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးရှိ လဆန်း ဆိုသည့် စကားရပ်ကို လ ဟု ပြင်ဆင်ပါသည်။

(ဂ) အခန်း (၁) အပိုဒ် ၂ အပိုဒ်ခွဲ (က) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) အမျိုးသားစာကြည့်တိုက်ဆိုသည်မှာ ဤဥပဒေအရ တည်ထောင် ဖွဲ့စည်းသည့် နိုင်ငံတော်အဆင့် စာကြည့်တိုက်ဖြစ်ပြီး နိုင်ငံအတွင်းထုတ်ဝေသမျှ စာပေအနုပညာ ပစ္စည်းအားလုံး၏ သတ်မှတ်ထားသော အရေအတွက်ကို ဥပဒေတစ်ရပ်အရ ရယူစုဆောင်း၍ မြန်မာ့အမျိုးသား စာပေစုအမွေအနှစ်ဗဟိုဌာနအဖြစ် ဆောင်ရွက်ရသည့် စာကြည့်တိုက်ကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေ မပြဋ္ဌာန်းမီက တည်ထောင်ဖွင့်လှစ်ခဲ့သော အမျိုးသားစာကြည့်တိုက်များလည်း ပါဝင်သည်ဟု မှတ်ယူရမည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ (ခ) ရှိ ဤဥပဒေအရ တည်ထောင်သောဆိုသည့် စကားရပ် ကို သက်ဆိုင်ရာဟု ပြင်ဆင်ပါသည်။

(င) အခန်း (၂) အပိုဒ် ၃ အပိုဒ်ခွဲ (က) ရှိ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ဆိုသည့် စကားရပ်ကို တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဟု ပြင်ဆင်ပါသည်။

(စ) အပိုဒ် ၃ အပိုဒ်ခွဲ (ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) အမျိုးသားစာကြည့်တိုက်များကို အများပြည်သူ လေ့လာ၊ သုတေသနပြု အသုံးပြုနိုင်ရေးအတွက် နိုင်ငံ၏ စာပေအသိဉာဏ် အမွေအနှစ်များကို စုဆောင်းထိန်းသိမ်းသည့် မြန်မာ့အမျိုးသား စာပေစုအမွေအနှစ် ဗဟို ဌာန ဖြစ်လာစေရန်၊

(ဆ) အပိုဒ် ၃ အပိုဒ်ခွဲ (ဂ) ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်–

**(ဂ)** နိုင်ငံတော်အတွင်း ထုတ်ဝေသည့် စာအုပ်စာတမ်းနှင့်ပတ်သက်သော အကြောင်းအရာ အချက်အလက်များကို တစ်နိုင်ငံလုံး အတိုင်းအတာ ဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရန်၊

(ဇ) အပိုဒ် ၃ အပိုဒ်ခွဲ (ဃ) ရှိ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် ကွန်ယက် ဆက်သွယ်၍ ဆိုသည့် စကားရပ်ကို စာကြည့်တိုက် အသင်းအဖွဲ့များနှင့် ဆက်သွယ်၍ဟု ပြင်ဆင်ပါသည်။

(ဈ) အခန်း (၃) ကို အခန်း (၄) အဖြစ် ပြင်ဆင်ပြီး ခေါင်းစဉ်ကို အမျိုးသားစာကြည့် တိုက် ဖွဲ့စည်းခြင်းဟု ပြင်ဆင် ပါသည်။

(ည) အပိုဒ် ၄ ခြေဆင်းကို အပိုဒ် ၇ ခြေဆင်းအဖြစ် ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ ဖွဲ့စည်း တည်ထောင်ရမည်ဆိုသည့် စကားရပ်ကို ဖွဲ့စည်းရမည်ဟု ပြင်ဆင်ပါသည်။

(ဋ) အပိုဒ် ၄ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၇ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ အမျိုးသားယဉ်ကျေးမှုရှေးဟောင်းစာပေဆိုသည့် စကားရပ်ကို ရှေးဟောင်းစာပေ ဟု ပြင်ဆင်ပါသည်။

(ဌ) အပိုဒ် ၄ အပိုဒ်ခွဲ (ဂ) ကို အပိုဒ် ၇ အပိုဒ်ခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) စာကြည့်တိုက်လုပ်ငန်းများကို စာကြည့်တိုက် ပညာရပ်များနှင့်အညီ စနစ်တကျ ရှိစေရန်နှင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရန်။

(ဍ) အပိုဒ် ၅ ကို အပိုဒ် ၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၈။(က) ဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်း သင့်လျော်သည့်ဒေသတွင် အမျိုးသား စာကြည့်တိုက်ခွဲများ ဖွဲ့စည်းတည်ထောင်နိုင်သည်။

(ခ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းတည်ထောင်သော အမျိုးသားစာကြည့်တိုက်ခွဲများသည် သက်ဆိုင်ရာ အမျိုးသားစာကြည့်တိုက်၏ ကြီးကြပ်အုပ်ချုပ်မှု ကို ခံယူရမည်။

(ဎ) အခန်း (၄) ကို အခန်း (၃) အဖြစ် ပြင်ဆင်ပါသည်။

(ဏ) အခန်း (၄) အပိုဒ် ၆ ကို အခန်း (၃) အပိုဒ် ၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဌာနဆိုင်ရာများမှ စာကြည့်တိုက်ပညာ ကျွမ်းကျင်သူနှစ်ဦးနှင့် ခြောက်ဦးထက်မပိုသော စာကြည့်တိုက်ပညာ ပြင်ပကျွမ်းကျင်သူများက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အမျိုးသားစာကြည့်တိုက် ညွှန်ကြားရေးမှူး

(စာကြည့်တိုက်မှူး)က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သော အမျိုးသား စာကြည့်တိုက် ကြီးကြပ်မှုအဖွဲ့ကို ဖွဲ့စည်းရမည်။

(တ) အပိုဒ် ၅ နှင့် အပိုဒ် ၆ တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၅။ ကြီးကြပ်မှုအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံ၏ အမျိုးသားစာပေစု အမွေအနှစ်များကို စုဆောင်း၍ ခေတ်မီနည်းပညာရပ်များဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် တိုးတက်ပြန့်ပွားစေရန် မူဝါဒများချမှတ်ခြင်း၊

(ခ) စာကြည့်တိုက်စာစုများ (Library Collections) တိုးပွားစေရေးနှင့် စာကြည့်တိုက် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်း ပြည်ပမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ပြည်တွင်းရှိ စာကြည့်တိုက်များကို စာကြည့်တိုက် လုပ်ငန်းဆိုင်ရာ ဦးဆောင်မှုများပေးခြင်း၊

(ဃ) အမျိုးသားစာကြည့်တိုက်၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်မြင့်မား၍ စွမ်းဆောင်ရည် ပြည့်ဝစေရန် မူဝါဒများချမှတ်ခြင်းနှင့် ကြီးကြပ်လမ်းညွှန်ခြင်း၊

(င) နိုင်ငံတော်အတွင်း စာကြည့်တိုက်အသုံးပြုမှု တိုးတက်ရေးနှင့် စာဖတ်စွမ်းရည်မြင့်မားရေးအတွက် အမျိုးသား စာကြည့်တိုက်များကို လိုအပ်သည့် လမ်းညွှန်မှုများပေးခြင်း။

၆။ ကြီးကြပ်မှုအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပြည်တွင်း၌ ထုတ်ဝေသော စာပေအနုပညာပစ္စည်းများကို ဥပဒေနှင့် အညီ ရယူထိန်းသိမ်းခြင်း (National Depository)၊

(ခ) စာကြည့်တိုက်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပ စာကြည့်တိုက်များ၊ စာကြည့်တိုက်အဖွဲ့အစည်းများနှင့် သဘော တူစာချုပ်များချုပ်ဆိုခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်အရ ဆောင်ရွက်ခြင်း၊

(ဂ) ပြင်ပသို့ရောက်ရှိနေသော အမျိုးသားစာကြည့်တိုက်ပိုင် စာပေအနု ပညာပစ္စည်းများကို အမျိုးသားစာကြည့်တိုက်သို့ ပြန်လည်ပေးပို့ ထိန်းသိမ်းနိုင်စေရန် ဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်းပြည်ပရှိ အခြားစာကြည့်တိုက်ဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊

(င) စာကြည့်တိုက်လုပ်ငန်း စွမ်းရည်မြင့်မားရေးအတွက် ပြည်တွင်းပြည်ပ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများသို့ အမျိုးသားစာကြည့်တိုက် ဝန်ထမ်းများကို ရွေးချယ်စေလွှတ်ခြင်း။

(ထ) အခန်း (၅) ခေါင်းစဉ်အဖြစ် အမျိုးသားစာကြည့်တိုက်၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များဟု အသစ်ဖြည့်စွက်ပါသည်။

(ဒ) အပိုဒ် ၇ ခေါင်းစဉ်ကို အပိုဒ် ၉ ခေါင်းစဉ်အဖြစ် ပြင်ဆင်ပြီး ယင်းခေါင်းစဉ်ရှိ ကြီးကြပ်မှုအဖွဲ့၏ဆိုသည့် စကားရပ်ကို အမျိုးသားစာကြည့်တိုက်ဟု ပြင်ဆင်ပါသည်။

(ဓ) အပိုဒ် ၇ အပိုဒ်ခွဲ(က)ကို အပိုဒ် ၉ အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) နိုင်ငံတော်နှင့်သက်ဆိုင်သည့် စာစုများ၊ တိုင်းရင်းသားလူမျိုးများအားလုံး၏ စာပေအနုပညာပစ္စည်းများ အပါအဝင် အမျိုးသားစာပေစု အမွေအနှစ်များကို စုဆောင်း၍ ခေတ်မီနည်းပညာရပ်များဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တိုးတက်ပြန့်ပွားစေခြင်း၊

(န) အပိုဒ် ၇ အပိုဒ်ခွဲ (ဃ) (င) (စ) နှင့် (ဆ) ကို အပိုဒ် ၉ အပိုဒ်ခွဲ (ဃ) (င) (စ) နှင့် (ဆ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) စာကြည့်တိုက်များအတွက် စာကြည့်တိုက် စနစ်များနှင့် စာကြည့်တိုက်လုပ်ငန်းဆိုင်ရာလမ်းညွှန်၊ လက်စွဲစာအုပ်များ ပြုစုထုတ်ဝေခြင်း၊

(င) စာကြည့်တိုက်လုပ်ငန်းနှင့် စာကြည့်တိုက်ဆိုင်ရာ အသိပညာ၊ အတတ်ပညာပြန့်ပွားရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ အပါအဝင် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်ခြင်း၊

(စ) စာကြည့်တိုက်အသုံးပြုမှု မြင့်မားလာရေးနှင့် စာဖတ်စွမ်းရည် မြင့်မားလာရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဆ) အစိုးရဌာန ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများသာမက နိုင်ငံတကာမှ စာကြည့်တိုက်များ၊ စာကြည့်တိုက် အသင်းအဖွဲ့များနှင့် ဆက်သွယ်၍ စာကြည့်တိုက်စာစုများ တိုးပွားစေရေးနှင့် စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ပ) အပိုဒ် ၇ အပိုဒ်ခွဲ (ဇ) နှင့် (ဈ) တို့ကို အပိုဒ် ၉အပိုဒ်ခွဲ (ဇ) နှင့် (ဈ) တို့အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲ များရှိ နိုင်ငံတော်အတွင်း ဆိုသည့် စကားရပ်များကို ပြည်တွင်း၌ဟု ပြင်ဆင်ပါသည်။

(ဖ) အပိုဒ် ၈ ခြေဆင်း အပိုဒ်ခွဲ (က) နှင့် (ခ) ကို အပိုဒ် ၁၀ ခြေဆင်း အပိုဒ်ခွဲ (ခ) နှင့် (ခ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၀။ အမျိုးသားစာကြည့်တိုက်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပြည်တွင်း၌ ထုတ်ဝေသော စာပေအနုပညာပစ္စည်းများကို ဥပဒေနှင့် အညီ ရယူထိန်းသိမ်းရေး (National Depository) ဆောင်ရွက်ခြင်း၊

(ခ) အမျိုးသားစာကြည့်တိုက်၏ အဆောက်အအုံ၊ ပရိဘောဂနှင့် စာပေအနုပညာပစ္စည်းများကို သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့်အညီ အသုံးပြုခြင်း၊

(ဗ) အပိုဒ် ၈ အပိုဒ်ခွဲ (ဃ) ကို အပိုဒ် ၁၀ အပိုဒ်ခွဲ (ဃ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အစီအစဉ်ကို ပီပြင်စွာဆောင်ရွက်ခြင်း ဆိုသည့် စကားရပ်ကို အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဟု ပြင်ဆင်ပါသည်။

မူကြမ်း

(ဘ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၈ အပိုဒ်ခွဲ (စ) ကို ပယ်ဖျက်ပါသည်။

(မ) အခန်း (၅) ကို အခန်း (၆) အဖြစ် ပြင်ဆင်ပါသည်။

(ယ) အခန်း (၅) အပိုဒ် ၉ အပိုဒ်ခွဲ (က) (ခ) နှင့် (ဂ) တို့ကို အခန်း (၆) အပိုဒ် ၉ အပိုဒ်ခွဲ (က) (ခ) နှင့် (ဂ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) စာပေအနုပညာပစ္စည်းများအား နိုင်ငံတော်၏ စာပေစုအမွေအနှစ်အဖြစ် စုဆောင်းခြင်း၊

(ခ) စုဆောင်းရရှိထားသည့် စာပေအနုပညာပစ္စည်းများ မပျောက်မပျက်စေရေး အတွက် ခေတ်မီ နည်းပညာများဖြင့် ပြုပြင်ထိန်းသိမ်းခြင်း၊

(ဂ) စာပေအနုပညာပစ္စည်းများ၏ ပြည့်စုံသော အမျိုးသား စာစုစာရင်း (National Bibliography)ကို ပြုစုထုတ်ဝေခြင်း။”

(ရ) အပိုဒ် ၁၂ ကို အပိုဒ် ၁၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၄။ အမျိုးသားစာကြည့်တိုက်သည် လိုအပ်ပါက ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) အရ ပေးပို့သော စာပေအနုပညာပစ္စည်းများအနက် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအတွက် အရေးကြီးသော စာပေပစ္စည်းများကို ရွေးချယ်သတ်မှတ်ပြီး မူပိုင်ခွင့်ကို မထိခိုက်စေဘဲ အသွင်ပြောင်းလဲ၍ အမျိုးသားစာကြည့်တိုက်တွင် ရေရှည်တည်တံ့စေရန် ထိန်းသိမ်းနိုင်သည်။

(လ) အပိုဒ် ၁၃ ခေါင်းကို အပိုဒ် ၁၅ ခေါင်း အဖြစ် အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

၁၅။ အမျိုးသားစာကြည့်တိုက်သည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) အရ ပေးပို့သော စာပေ အနုပညာ ပစ္စည်းများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(ဝ) အခန်း (၆) ကို အခန်း (၇) အဖြစ် ပြင်ဆင်ပါသည်။

(သ) အပိုဒ် ၁၄ ကို အပိုဒ် ၁၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၆။ ကြီးကြပ်မှုအဖွဲ့သည် အောက်ပါပြုလုပ်မှု တစ်ခုခုပြုလုပ်သူကို စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်းဆောင်ရွက်ရမည်-

(က) အမျိုးသားစာကြည့်တိုက် သို့မဟုတ် အမျိုးသားစာကြည့်တိုက် ခွဲပိုင် စာပေအနုပညာပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲ အမျိုးသား စာကြည့်တိုက် သို့မဟုတ် အမျိုးသားစာကြည့်တိုက်ခွဲ၏ ပြင်ပသို့ ယူဆောင်သူကို ကျပ်တစ်ဆယ်သိန်း ဒဏ်ကြေးချမှတ်ရမည်။

(ခ) အမျိုးသားစာကြည့်တိုက် သို့မဟုတ် အမျိုးသားစာကြည့်တိုက်ခွဲပိုင် စာပေအနုပညာ ပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲတစ်နည်းနည်းဖြင့် မိတ္တူကူးယူခြင်း၊ မှုပွားခြင်း၊ အသွင်ပြောင်း ကူးယူခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်း ပြုလုပ်ပါက ထိုသူကို ကျပ်တစ်ဆယ် သိန်း ဒဏ်ကြေး ချမှတ်ရမည်။

(ဂ) စာပေအနုပညာပစ္စည်းများကို ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)ပါ သတ်မှတ် ချက်နှင့်အညီပေးပို့ရန် ပျက်ကွက်ပါက ကျပ်သုံးသိန်း ဒဏ်ကြေး ချမှတ်ရမည်။

(ဟ) အခန်း (၇) ကို အခန်း (၈) အဖြစ် ပြင်ဆင်ပါသည်။

(ဋ) အပိုဒ် ၁၅ ကို အပိုဒ် ၁၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၇။ ဝန်ကြီးဌာနသည် အမျိုးသားစာကြည့်တိုက်တွင် ထားရှိသင့်သည်ဟု ကြီးကြပ်မှုအဖွဲ့က သဘောတူဆုံးဖြတ်သော မည်သည့်စာပေအနုပညာ ပစ္စည်းကိုမဆို မူလပိုင်ရှင်ထံမှ တစ်နည်းနည်းဖြင့် ကူးယူ၍ဖြစ်စေ၊ သင့်လျော်သောနှုန်းဖြင့် ဝယ်ယူ၍ဖြစ်စေ၊ အခမဲ့ဖြစ်စေ၊ အမျိုးသားစာကြည့်တိုက်သို့ လွှဲပြောင်းထိန်းသိမ်းစေရန် ဆောင်ရွက်နိုင်သည်။

(ဌ) အပိုဒ် ၁၈ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကြီးကြပ်မှုအဖွဲ့ဝင်များသည် ဝန်ကြီးဌာနက ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီခွင့်ပြုသော စရိတ်နှင့်ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

( – ) အပိုဒ် ၁၉ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၉။ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနသည် ကြီးကြပ်မှုအဖွဲ့၏ ရုံးလုပ်ငန်းကိစ္စများကို တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ကြီးကြပ်မှုအဖွဲ့၏ အသုံးစရိတ်များကိုလည်းကျခံရမည်။

( – ) အပိုဒ် ၂၀ အပိုဒ်ခွဲ (က) နှင့် (ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကြီးကြပ်မှုအဖွဲ့တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

မူကြမ်း

၄။ သို့ဖြစ်ပါ၍ အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက တင်သွင်းသည့် အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၇-၁၁- ၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ သာသာနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပေးပို့သော အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အပေါ်ပြင်ဆင်ချက်တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပေးပို့လာသော အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာနည်းဥပဒေများကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၁ နှင့်အညီ ၂၂-၈-၂၀၁၉ ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၂ နှင့်အညီ ဖြန့်ဝေးတင်ပြထားသောနေ့မှ ရက်ပေါင်း ၉၀ အတွင်း ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန် အဆိုတင်သွင်းရမှာဖြစ်ပါတယ်။ ယခု ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ဦးကျော်စိုးလင်းက အဆိုပြုပြင်ဆင်ချက်များ တင်သွင်းလာပါတယ်။ အဆိုပြုပြင်ဆင်ချက်များကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဆိုပြုပြင်ဆင်ချက်များနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းလိုသူများသည် ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၇-၁၁-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပေးပို့သော တရားလွှတ်တော်ရှေ့နေကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေများနှင့်စပ်လျဉ်း၍ပြင်ဆင်ချက်အပေါ် ပြင်ဆင်ချက်တင်သွင်းလိုသည့်လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပေးပို့လာသော တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေများကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၁ နှင့်အညီ ၁၀-၉-၂၀၁၉ ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

ယင်းနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၂ နှင့် အညီ ဖြန့်ဝေတင်ပြထားသောနေ့မှ ရက်ပေါင်း ၉၀ အတွင်း ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန် အဆိုတင်သွင်းရမှာဖြစ်ပါတယ်။ ယခု ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ဦးကျော်စိုးလင်းက အဆိုပြု ပြင်ဆင်ချက်များ တင်သွင်းလာပါတယ်။ အဆိုပြုပြင်ဆင်ချက်များကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဆိုပြုပြင်ဆင်ချက်များနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၇-၁၁-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကပေးပို့သော တိုင်းရင်းသားလူမျိုးများအခွင့်အရေးကာကွယ်စောင့်ရှောက်သည့်နည်းဥပဒေများနှင့်စပ်လျဉ်း၍ပြင်ဆင်ချက်အပေါ် ပြင်ဆင်ချက်တင်သွင်းလိုသည့်လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းသာလူမျိုးများရေးရာဝန်ကြီးဌာနက ပေးပို့သော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၁ နှင့်အညီ ၃-၉-၂၀၁၉ ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ယင်းနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၂ နှင့်အညီ ဖြန့်ဝေတင်ပြသောနေ့မှ ရက်ပေါင်း ၉၀ အတွင်း ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန် အဆိုတင်သွင်းရမှာဖြစ်ပါတယ်။ ယခု တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှု ကော်မတီကအဆိုပြုပြင်ဆင်ချက်များ တင်သွင်းလာပါတယ်။ အဆိုပြုပြင်ဆင်ချက်

များကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဆိုပြုပြင်ဆင်ချက်များနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၇-၁၁-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက နှစ်ပတ်လည်အစီရင်ခံစာတင်ပြဖို့ဖြစ်ပါတယ်။ လွှတ်တော်အခွင့်အရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာလှမိုးဖြစ်ပါတယ်။ ကျွန်တော်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ ကော်မတီ၏ ဆောင်ရွက်ချက်များအား နှစ်ပတ်လည်အစီရင်ခံစာအဖြစ်ရေးသားပြုစု၍ ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်သွင်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော်မတီအစီရင်ခံစာကို ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အစိတ်အပိုင်းအချို့ကိုသာ ဖတ်ကြားတင်ပြခွင့်ပြုပါရန် လေးစားစွာဖြင့်တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ကော်မတီမှာ ဆောင်ရွက်ရန်အတွက်ပေးထားတဲ့တာဝန်များရှိပါတယ်။ ဒီတာဝန်များကတော့-

(က) ကော်မတီသည် မိမိထံလွှဲအပ်သောကိစ္စအသီးသီးကို အောက်ပါအတိုင်း စုံလင်စွာ စစ်ဆေးဆောင်ရွက်ရမည်-

(၁) ကော်မတီသို့ လွှဲအပ်သောကိစ္စများနှင့်စပ်လျဉ်းသော အချက်များကို အခြေပြု၍ လွှတ်တော်အခွင့်အရေးကို ဖောက်ဖျက်ရာရောက်/မရောက် စဉ်းစားဆုံးဖြတ်ခြင်း၊

(၂) မည်သို့သောကိစ္စ၊ မည်သို့သောအချက်များမှစတင်၍ အခွင့်အရေးဖောက်ဖျက်မှု ဖြစ်ပေါ်လာရခြင်းနှင့် မည်သို့မည်ပုံဖောက်ဖျက်ကြောင်းကို ဆုံးဖြတ်ခြင်း၊

(၃) ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က မည်ကဲ့သို့ အရေးယူသင့်ကြောင်း လွှတ်တော်သို့ အစီရင်ခံစာတင်ပြခြင်း၊

(ခ) အပိုဒ်ခွဲ(က)ပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ အစီရင်ခံစာတွင်ဖော်ပြပါရှိသော အကြံပေးချက်များကို ဖြစ်မြောက်အောင်ဆောင်ရွက်ရန် လွှတ်တော်က မည်သည့်နည်းလမ်းများကို ကျင့်သုံးသင့်ကြောင်းအစီရင်ခံစာတွင် အကြံပြုဖော်ပြခြင်း၊

(ဂ) လွှတ်တော်က ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်နိုင်ရေးအတွက် လိုအပ်ပါက လွှတ်တော်သို့တင်ပြနိုင်ခြင်း၊

ဒုတိယတာဝန်တစ်ခုကတော့ ကော်မတီသည် လွှတ်တော်ကျင်းပစဉ်ရက်အတွင်း လွှတ်တော်အစည်းအဝေးသို့တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုရမှာတို့ဖြစ်ပါတယ်။

မူကြမ်း

ဒီတာဝန်နှစ်ရပ်စလုံးကို လွှတ်တော်အခွင့်အရေးကော်မတီက ကျေပွန်စွာထမ်းဆောင်လျက် ရှိပါတယ်။ ဒီအစီရင်ခံတဲ့ကာလအတွင်းမှာ ကျွန်တော်တို့လွှတ်တော်၊ လွှတ်တော်ကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးများကို ဖောက်ဖျက်ကျူးလွန်ကြောင်းကိစ္စရပ်များနှင့် ပတ်သက်ပြီး လွှတ်တော်သို့တင်ပြလာရခြင်းမရှိပါသဖြင့် ယင်းတာဝန်နှင့်ပတ်သက်၍ အရေးယူ ဆောင်ရွက်ခဲ့ရခြင်းလည်း မရှိပါ။

ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီရင်ခံစာတင်ပြသည့်ကာလအတွင်း ကော်မတီက မေးခွန်းများအပေါ် ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်ပြီး (၁) သာစည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၊ (၂) မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မြင့် တို့ရဲ့ ကြယ်ပွင့်မပြမေးခွန်း၊ (၃) မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့် မေးမြန်းတဲ့ကြယ်ပွင့်ပြမေးခွန်းများကို ကျွန်တော်တို့ လွှတ်တော်အခွင့်အရေးကော်မတီက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဥပဒေများအပေါ် ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ကျွန်တော်တို့လွှတ်တော်အခွင့်အရေးကော်မတီအနေနဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆-၈-၂၀၁၆ ရက်နေ့မှာကျင်းပတဲ့ ပြည်ထောင်စု လွှတ်တော်အစည်းအဝေးမှာ မှတ်တမ်းတင်မှုအရ လွှတ်တော်အခွင့်အရေးကော်မတီက စိစစ်ရမယ့် ဥပဒေ ၃၉ ခုနဲ့ ဆက်စပ်ဥပဒေ ၁၀ ခု စုစုပေါင်း ၄၉ ခုရှိပါတယ်။ ၃၀-၁၀-၂၀၁၈ ရက်စွဲဖြင့် ပြည်သူ့ လွှတ်တော်မှာထပ်မံပေးပို့သောစာရင်းများအရ စိစစ်ရမယ့်ဥပဒေ ၄၁ ခုနဲ့ ဆက်စပ်ဥပဒေ ၁၀ ခု စုစုပေါင်း ၅၁ ခုရှိပါတယ်။ စိစစ်ရမယ့်ဥပဒေများအပေါ် ခေတ်နဲ့လျော်ညီစွာပြဋ္ဌာန်းနိုင်ရန်အတွက် ကော်မတီဝင်များနှင့် အခြားသောကော်မတီများပူးပေါင်း၍ စိစစ်လေ့လာ ဆောင်ရွက်လျက် ရှိပါတယ်။

ကော်မတီအနေနဲ့ အခြားကိစ္စရပ်များဆောင်ရွက်ထားမှုများလည်းရှိပါတယ်။ ဒါကတော့ Joint Coordination Committee (JCC)ကနေပြီးမှ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကျင့်ဝတ်၊ စည်းမျဉ်း(Code of Conduct)မူကြမ်းကိုရေးဆွဲပြီး ၂၈-၂-၂၀၁၉ ရက်နေ့မှာ ကော်မတီသို့ ပေးပို့ခဲ့ပါတယ်။ ကော်မတီက လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကျင့်ဝတ်နှင့်စည်းမျဉ်း(Code of Conduct) ကို ပြဋ္ဌာန်းနိုင်ရန်အတွက် စိစစ်လေ့လာဆောင်ရွက်လျက်ရှိပါတယ်။

ကော်မတီအနေနဲ့ လွှတ်တော်အပေါ်မှာ အကြံပြုသုံးသပ်ချက်နှစ်ချက်ရှိပါတယ်။ ကော်မတီသည် လွှတ်တော်နှင့်လွှတ်တော်ကိုယ်စားလှယ်များ ပိုမိုအကျိုးရှိနိုင်စေရန်အတွက် အောက်ပါအချက်များကို လွှတ်တော်သို့တင်ပြအပ်ပါတယ်-

(က) ပြည်သူ့လွှတ်တော်ရုံးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ဝန်ထမ်းများနှင့်ပူးပေါင်း၍ ပိုမိုအားစိုက်ဆောင်ရွက်ရန်။

(ခ) လွှတ်တော်ကိုယ်စားလှယ်များဆိုင်ရာကျင့်ဝတ် (**Code of Conduct**) ကို ၂၀၁၉ ခုနှစ်အတွင်း ပေါ်ပေါက်လာစေရန်အတွက် အလေးထားဆောင်ရွက်ရန်နှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ဖြစ်ကြပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဟာ ပေးအပ်ထားတဲ့ လုပ်ငန်းတာဝန်များနှင့်အညီ ပြည်သူ့လွှတ်တော်၊ လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်လျက်ရှိပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်၏ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာဥပဒေများတွင် ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် လိုအပ်မည့်အချက်အလက်များကို ရှာဖွေလေ့လာလျက်ရှိပြီး တွေ့ရှိချက်များကို လွှတ်တော်သို့ ဆက်လက်တင်ပြ၍ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ၏

အခွင့်အရေးဆိုင်ရာကိစ္စများနှင့် လွှတ်တော်ကအခါအားလျော်စွာ တာဝန်ပေးအပ်သည့် အခြား တာဝန်များကိုလည်း ကျေပွန်စွာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် အစီရင်ခံတင်ပြ အပ်ပါတယ်။ လွှတ်တော်အခွင့်အရေးကော်မတီ၊ ပြည်သူ့လွှတ်တော်။ အားလုံးကိုကျေးဇူးတင် ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာ**

**အစီရင်ခံစာအမှတ်စဉ် (၁/၂၀၁၉)**

**၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်မှ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်အထိ**

**နိဒါန်း**

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီသည် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ ကော်မတီ၏ဆောင်ရွက်ချက်များအား နှစ်ပတ်လည်အစီရင်ခံစာအဖြစ် ပြုစုရေးသား၍ ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်သွင်းအပ် ပါသည်။

**ကော်မတီဖွဲ့စည်းခြင်း**

၂။ ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅(က)နှင့် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေး၏ ဆုံးဖြတ်ချက်တို့အရ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်

(တနင်္လာနေ့)တွင် လွှတ်တော်အခွင့်အရေးကော်မတီကို အောက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးတီခွန်မြတ် | ကွတ်ခိုင်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးတင်ထွန်းနိုင် | ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးပိုက်ကို | ပခုက္ကူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးလင်းလင်းဦး | တနိုင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးစိန်ဗိုလ် | မြဝတီ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဒေါ်နန်းထွေးသူ | ဖားဆောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးခင်မောင်သိန်း | စစ်ကိုင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးအောင်စိုး | သရက်ချောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာမြင့်သိန်း | ညောင်လေးပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်သီ | လှိုင်လင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးစိုင်းစန်သိန်း | မိုးနဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးခွန်မောင်သောင်း | ပင်လောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးဦးထွန်းမောင် | ပုဏ္ဏားကျွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဎ) | ဗိုလ်ချုပ်တောက်ထွန်း | တပ်မတော်သား | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာဦးလှမိုး | အောင်မြေသာစံမဲဆန္ဒနယ် | အတွင်းရေးမှူး |

၃။ ယခုအချိန်၌ လွှတ်တော်အခွင့်အရေးကော်မတီတွင် အောက်ဖော်ပြပါ ကော်မတီဝင် (၁၅)ဦး၊ လေ့လာသူများအဖြစ် တာဝန်ပေးအပ်ထားသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် (၂) ဦး၊ စုစုပေါင်း(၁၇) ဦးတို့ဖြင့် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန် | နောင်ချို မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာစောနိုင် | တောင်ဥက္ကလာပ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးပိုက်ကို | ပခုက္ကူ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးလင်းလင်းဦး | တနိုင်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးစိန်ဗိုလ် | မြဝတီ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဒေါ်နန်းထွေးသူ | ဖားဆောင်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးခင်မောင်သိန်း | စစ်ကိုင်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးအောင်စိုး | သရက်ချောင်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာမြင့်သိန်း | ညောင်လေးပင် မဲဆန္ဒနယ် | အဖွဲ့ဝင် |

မူကြမ်း

| | | | |
|---|---|---|---|
| (ည) | ဦးခင်မောင်သီ | လှိုင်လင် မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးစိုင်းစန်သိန်း | မိုးနဲ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးသောင်းဌေးလင်း | ပုသိမ်ကြီး မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးဦးထွန်းမောင် | ပုဏ္ဏားကျွန်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်ချုပ်တင်ဆွေဝင်း | တပ်မတော်သား | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာဦးလှမိုး | အောင်မြေသာစံ မဲဆန္ဒနယ် | အတွင်းရေးမှူး |
| (တ) | ဒုတိယဗိုလ်မှူးကြီး ကျော်ဇင်ဝင်း | တပ်မတော်သား | လေ့လာသူ |
| (ထ) | ဗိုလ်မှူးဇင်လင်း | တပ်မတော်သား | လေ့လာသူ |

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီသည်-

(က) မိမိထံလွှဲအပ်သောကိစ္စအသီးသီးကို အောက်ပါအတိုင်း စုံလင်စွာစစ်ဆေးဆောင်ရွက်ရမည်-

(၁) ကော်မတီသို့ လွှဲအပ်သောကိစ္စများနှင့်စပ်လျဉ်းသောအချက်များကို အခြေပြု၍ လွှတ်တော်၏အခွင့်အရေးကို ဖောက်ဖျက်ရာ ရောက်/ မရောက် စဉ်းစားဆုံးဖြတ်ခြင်း၊

(၂) မည်သို့သောကိစ္စ၊ မည်သို့သောအချက်များမှစတင်၍ အခွင့်အရေးဖောက်ဖျက်မှု ဖြစ်ပေါ်လာရကြောင်းနှင့် မည်သို့မည်ပုံဖောက်ဖျက်ကြောင်းကို ဆုံးဖြတ်ခြင်း၊

(၃) ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က မည်ကဲ့သို့ အရေးယူသင့်ကြောင်းကို လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း။

(ခ) အပိုဒ်ခွဲ(က)ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အစီရင်ခံစာတွင် ဖော်ပြပါရှိသော အကြံပေးချက်များကို ဖြစ်မြောက်အောင်ဆောင်ရွက်နိုင်ရန် လွှတ်တော်က မည်သည့် နည်းလမ်းများကို ကျင့်သုံးသင့်ကြောင်း အစီရင်ခံစာတွင် အကြံပြုဖော်ပြခြင်း၊

(ဂ) လွှတ်တော်က ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ် နိုင်ရေးအတွက် လိုအပ်ပါက လွှတ်တော်သို့ တင်ပြနိုင်ခြင်း။

၅။ ကော်မတီသည် လွှတ်တော်ကျင်းပစဉ်ရက်အတွင်း လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုရမည်။

**အစီရင်ခံသည့်ကာလအတွင်း ဆောင်ရွက်ချက်များ**

၆။ အစီရင်ခံသည့်ကာလအတွင်း လွှတ်တော်၊ လွှတ်တော်ကော်မတီနှင့် လွှတ်တော် ကိုယ်စားလှယ်များ၏အခွင့်အရေးကို ဖောက်ဖျက်ကျူးလွန်ကြောင်းကိစ္စရပ်များကို လွှတ်တော်သို့ တင်ပြရခြင်းများမရှိပါသဖြင့် ယင်းတာဝန်နှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ခဲ့ရခြင်းလည်း မရှိပါ။

၇။ ကော်မတီသည် လွှတ်တော်အစည်းအဝေးကျင်းပသည့်ရက်တိုင်းတွင် အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုပြီး လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြဆောင်ရွက်မှုများကို လုပ်ဆောင်လျက်ရှိပါသည်။

၈။ လွှတ်တော်အခွင့်အရေးကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများတွင်ပါရှိသော လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်လျက်ရှိပြီး ပြင်ဆင်ရန်နှင့် ထပ်မံဖြည့်စွက်ရန် လိုအပ်သည့်အချက်အလက်များကို သုံးသပ်၍ ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ပြည်သူ့လွှတ်တော်မှ ဖွဲ့စည်းထားသော လွှတ်တော်ကော်မတီအသီးသီးထံမှသော်လည်းကောင်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ထံမှသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များထံမှသော်လည်းကောင်း အကြံပြုချက်များကို ရယူကာဆောင်ရွက်နိုင်ခဲ့ပါသည်။

၉။ ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာကိစ္စများကိုလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံတင်ပြ၍ ဆောင်ရွက်ပေးလျက် ရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ လုံခြုံမှုနှင့် အကာအကွယ်ပေးရေးကိုလည်း ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

**အစည်းအဝေးများကျင်းပမှု**

၁၀။ လွှတ်တော်အခွင့်အရေးကော်မတီသည် ၁-၆-၂၀၁၈ ရက်မှ ၃၀-၄-၂၀၁၉ ရက်အထိ ကော်မတီအစည်းအဝေးများကို (၆)ကြိမ်ကျင်းပခဲ့ပါသည်။ ယင်းအစည်းအဝေးများ၌ လွှတ်တော်ကိုယ်စားလှယ်များ၏ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံတင်ပြ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများတွင် ပြဋ္ဌာန်းပါရှိသည့် ဆောင်ရွက်ခွင့်ရှိသည်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။

**မေးခွန်းများအပေါ် ဆောင်ရွက်ထားရှိမှု**

၁၁။ ကော်မတီသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)၏ ကြယ်ပွင့်မပြမေးခွန်းဖြစ်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ကိုယ်စားအဖြစ် အခြား ပုဂ္ဂိုလ်တစ်ဦးကို လွှဲအပ်ဆောင်ရွက်စေခြင်းသည် တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်းရှိ/မရှိနှင့် တည်ဆဲဥပဒေနှင့် ညီညွတ်မှုမရှိပါက မည်ကဲ့သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုကြောင်း **ကြယ်ပွင့်မပြမေးခွန်းကို** ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၆၄ နှင့် ၆၅ တို့အရ လွှတ်တော်ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုထားခြင်း၊ လွှတ်တော်ကိုယ်စားလှယ်ရုံး အဖွဲ့များ ထားရှိဆောင်ရွက်နိုင်ခြင်း၊ ကိုယ်စားလှယ်ရုံးများမဖွင့်နိုင်သည့် မဲဆန္ဒနယ်များတွင် လွှတ်တော်ကိုယ်စားလှယ်၏ ကိုယ်စားလှယ်များထားရှိကာ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်၏ တာဝန်ယူတာဝန်ခံမှုဖြင့် မဲဆန္ဒရှင်ပြည်သူလူထုနှင့် ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ မြန်မာနိုင်ငံ၏ တည်ဆဲပဋိညာဉ်အက်ဥပဒေ အခန်း(၁၀) ကိုယ်စားလှယ်လွှဲခြင်းပုဒ်မ ၁၈၂၊ ၁၈၃၊ ၁၈၆ တို့အရ ကိုယ်စားလှယ်၏အာဏာကို အတိအလင်းဖြစ်စေ၊ လွှဲအပ်ရာအခွင့်ရောက်သည့် ပြုလုပ်မှုဖြင့်ဖြစ်စေ လွှဲအပ်နိုင်သည်ဟု ဖော်ပြထားပါသည်။

၁၂။ ထို့အပြင် နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆) နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ည)အရ အဆိုပါ ကိုယ်စားလှယ်သည် ပြည်သူ့ဝန်ထမ်းအဖြစ်သတ်မှတ်ထားပြီးဖြစ်ခြင်း၊ အစည်းအဝေးတက်ရောက်ချိန် ၌လည်း ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ လက်မှတ်ရေးထိုးချိန်တွင် လွှတ်တော် ကိုယ်စားလှယ်၏ကိုယ်စား ကိုယ်စားလှယ်လက်မှတ်ရေးထိုးခြင်းကို တက်ရောက်လာသူများက ကြိုတင်အသိပေးခြင်း၊ ကန့်ကွက်ခြင်းများပြုလုပ်နိုင်ခြင်း၊ မြို့နယ်အဆင့် ဆောင်ရွက်မည့်စီမံကိန်းများ အတည်ပြုသတ်မှတ်ခြင်းအတွက် လက်မှတ်ရေးထိုးရာတွင်လည်း လွှတ်တော်ကိုယ်စားလှယ်

ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်၏ ကိုယ်စားလှယ်က လက်မှတ်ရေးထိုးစေရမည်ဟူသော အမိန့် ညွှန်ကြားချက် တစ်စုံတစ်ရာသတ်မှတ်ဖော်ပြထားခြင်းလည်းမရှိခြင်း စသည့်အချက်များကြောင့် လွှတ်တော်ကိုယ်စားလှယ်၏ကိုယ်စား အခြားကိုယ်စားလှယ်တစ်ဦး တက်ရောက်ခြင်း၊ လက်မှတ်ရေးထိုးစေခြင်းစသောအမှုကိစ္စများသည် လုပ်ဆောင်နိုင်သောအရာများဖြစ်ကြောင်း လွှတ်တော်ကိုယ်စား ပြန်လည်ဖြေကြားခဲ့ပါသည်။

**မေးခွန်းများဆောင်ရွက်ထားရှိမှု**

၁၃။ ကော်မတီသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ပြည်သူ့လွှတ်တော်တွင် မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းများကို ချောမွေ့စွာဆောင်ရွက်လျက်ရှိရာ မေးခွန်းမေးမြန်းရန်ငါးမိနစ်၊ အဆိုဆွေးနွေးရန်ခြောက်မိနစ်အဖြစ် လွှတ်တော်မှ သတ်မှတ်ထားပါသဖြင့် အဆိုဆွေးနွေးသူကို ခြောက်မိနစ်အစား ငါးမိနစ်သို့လည်းကောင်း၊ မေးခွန်းမေးမြန်းသူကို ငါးမိနစ်အစား ခြောက်မိနစ်သို့ ပြောင်းလဲသတ်မှတ်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ပြည်သူ့လွှတ်တော်တွင် မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းများကို ချောမောစွာ ဆောင်ရွက်လျက်ရှိရာ မေးခွန်းမေးမြန်းရန် ငါးမိနစ်၊ အဆိုဆွေးနွေးရန် ခြောက်မိနစ်အဖြစ် လွှတ်တော်မှ သတ်မှတ်ထားပါသဖြင့် အဆိုဆွေးနွေးသူကို ခြောက်မိနစ်အစား ငါးမိနစ်သို့လည်းကောင်း၊ မေးခွန်းမေးမြန်းသူကို ငါးမိနစ်အစား ခြောက်မိနစ်သို့ ပြောင်းလဲသတ်မှတ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကိုလည်း ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ သတ်မှတ်ထားသည့်အချိန် ဆွေးနွေးချိန် ခြောက်မိနစ်သည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအတွက် ပြည့်စုံလုံလောက်စွာ ဆွေးနွေးနိုင်ပြီး မနည်းလွန်း မများလွန်းသည့်အချိန်ဖြစ်သဖြင့် ပြင်ဆင်ပြောင်းလဲရန်မရှိကြောင်းကို လွှတ်တော်ကိုယ်စား ဖြေကြားဆောင်ရွက်ခဲ့ပါသည်။

၁၄။ ဆက်လက်ပြီး ကော်မတီသည် ဦးမောင်မြင့် (မင်းကင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) ၏ ကြယ်ပွင့်မပြမေးခွန်းဖြစ်သည့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (စ)တွင် လျှို့ဝှက်စွာထိန်းသိမ်းထားရမည့် လွှတ်တော်ဆိုင်ရာစာရွက်စာတမ်းများ၊ အကြောင်းအရာများ၊ အချက်အလက်များ၊ ကိန်းဂဏန်းများ၊ ရုပ်ပုံကားချပ်များနှင့် အခြားအထောက်အထားများကို ပြင်ပသို့ပေါက်ကြားစေရန် ပြောဆိုခြင်း၊ ရေးသားခြင်း၊ ပုံနှိပ်ခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဆက်သွယ်ပေးပို့ခြင်းမပြုရ ဟုဖော်ပြပါရှိပါသည်။ လွှတ်တော်အနေဖြင့် ဆွေးနွေးသည့်ကိစ္စရပ်များကို ပွင့်လင်းမြင်သာဆွေးနွေးလျက်ရှိပြီး လွှတ်တော် Channel မှလည်း live ထုတ်လွှင့်ပေးလျက်ရှိပါသဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ(စ)ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ပါ အချက်များနှင့် ကွာဟနေသည်ဟုသုံးသပ်ရပါသဖြင့် ပိုမိုရှင်းလင်းစွာလိုက်နာနိုင်ရန်အတွက် ပုဒ်မ ၅၆ ပုဒ်မခွဲ(စ)ပါ အချက်အလက်များကို နမူနာနှင့်တကွ ရှင်းလင်းဖြေကြားပေးနိုင်ပါရန် မေးခွန်းကို ၂၀၁၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၄) ဥပဒေပြုရေး၌ပါရှိသည့် ပုဒ်မ ၈၉ နှင့် ပုဒ်မ ၁၃၂ တို့အရ လွှတ်တော်၏ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ လွှတ်တော်များ၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရဟု ဖော်ပြထားရှိခြင်း၊ လွှတ်တော်အနေဖြင့် ဆွေးနွေးသည့်ကိစ္စရပ်များကို လွှတ်တော် Channel မှ Live ထုတ်လွှင့်ပြသနေချိန် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် မေးခွန်းများ၊ အဆိုများ၊ အစီရင်ခံစာများနှင့်ဥပဒေကြမ်းများ မဆွေးနွေးမဆောင်ရွက်မီ လွှတ်တော်ဆိုင်ရာ စာရွက်စာတမ်းများ၊ အကြောင်းအရာများ၊ အချက်အလက်များ၊ ကိန်းဂဏန်းများ၊ ရုပ်ပုံကားချပ်များနှင့် အခြားအထောက်အထားများကို ပြင်ပသို့ပေါက်ကြားစေရန် ပြောဆိုခြင်း၊ ရေးသားခြင်း၊ ပုံနှိပ်ခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဆက်သွယ်ပေးပို့ခြင်း မပြုရပါ။ လျှို့ဝှက်စွာ ထိန်းသိမ်းထားရပါမည်။

၁၅။ လွှတ်တော်မှ အခါအားလျော်စွာ လုံခြုံရေးအဆင့်အတန်းဖြင့် သတ်မှတ်ထားသည့် လွှတ်တော်ဆိုင်ရာ စာရွက်စာတမ်းများ၊ အကြောင်းအရာများ၊ အချက်အလက်များ၊ ကိန်းဂဏန်းများ၊ ရုပ်ပုံကားချပ်များ၊ အခြားအထောက်အထားများ၊ ကြေငြာချက်များ၊ အသိပေးချက်များနှင့် ပန်ကြားလွှာများကို ပြင်ပသို့ပေါက်ကြားစေရန် ပြောဆိုခြင်း၊ ရေးသားခြင်း၊ ပုံနှိပ်ခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဆက်သွယ်ပေးပို့ခြင်းမပြုရပါ။ လျှို့ဝှက်စွာထိန်းသိမ်းထားရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

၁၆။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း၊ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းများ၌ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများစိစစ်ရာတွင် မိမိတို့ကော်မတီနှင့် ကော်မတီဝင်များကိုအခြေခံ၍ ဖွဲ့စည်းထားသော စိစစ်ရေးပူးပေါင်းအဖွဲ့(၁၆)ဖြင့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့၏ တင်ပြချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ စိစစ်သုံးသပ်ပြီး တွေ့ရှိချက်များအား ပြည်ထောင်စုလွှတ်တော်၊ စီမံကိန်းနှင့်ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေစိစစ်ရေးပူးပေါင်းအဖွဲ့ထံ အစီရင်ခံစာ တင်ပြခဲ့ပါသည်။

**နိုင်ငံခြားသွားရောက်မှုမှတ်တမ်း**

၁၇။ ပြည်ပလွှတ်တော်များ၏ ဖိတ်ကြားချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ဗိုလ်ချုပ်တင်ဆွေဝင်း(တပ်မတော်သားကိုယ်စားလှယ်)သည် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်မှ ၂၅ ရက်နေ့ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကျီလင်ပြည်နယ်သို့ လေ့လာရေးခရီးစဉ်ဖြင့် သွားရောက်လေ့လာဆောင်ရွက်ခဲ့ကြပါသည်။

မူကြမ်း

## ဥပဒေများအပေါ်တွင် ဆောင်ရွက်ထားရှိမှု

၁၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆-၈-၂၀၁၆ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၏ မှတ်တမ်းတင်မှုအရ လွှတ်တော်အခွင့်အရေး ကော်မတီက စိစစ်ရမည့်ဥပဒေ ၃၉ ခုနှင့် ဆက်စပ်ဥပဒေ ၁၀ ခု စုစုပေါင်း ၄၉ ခု ရှိပါသည်။ ၃၁-၁၀-၂၀၁၈ ရက်စွဲဖြင့် ပြည်သူ့လွှတ်တော်မှ ထပ်မံပေးပို့သောစာရင်းအရ စိစစ်ရမည့် ဥပဒေ ၄၁ ခုနှင့် ဆက်စပ်ဥပဒေ ၁၀ ခု စုစုပေါင်း ၅၁ ခုရှိပါသည်။ စိစစ်ရမည့်ဥပဒေများအပေါ် ခေတ်နှင့်လျော်ညီစွာ ပြဋ္ဌာန်းနိုင်ရန် ကော်မတီဝင်များပူးပေါင်း၍ စိစစ်လေ့လာဆောင်ရွက်နေပါသည်။

၁၉။ ကော်မတီသည် အစီရင်ခံစာတင်ပြသည့်ကာလအတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့်စပ်လျဉ်း၍ ၃၁-၅-၂၀၁၈ ရက်မှစတင်၍ အစည်းအဝေး ကျင်းပခဲ့ကြပါသည်။ အဆိုပါဥပဒေကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန (စစ်ဥပဒေချုပ်ရုံး)နှင့် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်တို့အား ဖိတ်ကြားခဲ့ပြီး အကြံဉာဏ်များရယူကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း ယခုအချိန်တွင် အဆိုပါဥပဒေပြင်ဆင်ခြင်းကို ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ခေတ္တဆိုင်းငံ့ထားပါသည်။

## အခြားကိစ္စရပ်များဆောင်ရွက်ထားရှိမှု

၂၀။ Joint Coordination Committee (JCC)သည် လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ် နှင့်စည်းမျဉ်း(Code of Conduct)(မူကြမ်း)ကို ရေးဆွဲပြီး ၂၈-၂-၂၀၁၉ ရက်တွင် ကော်မတီသို့ ပေးပို့ခဲ့ပါသည်။ ကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်နှင့်စည်းမျဉ်း (Code of Conduct) ကို ပြဋ္ဌာန်းနိုင်ရန်အတွက် စိစစ်လေ့လာဆောင်ရွက်လျက်ရှိပါသည်။

**အကြံပြုသုံးသပ်ချက်**

၂၁။ ကော်မတီသည် လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များအတွက် ပိုမိုအကျိုးရှိနိုင်ရန် အောက်ပါအကြံပြုချက်များကို လွှတ်တော်သို့ တင်ပြအပ်ပါသည်–

(က) ပြည်သူ့လွှတ်တော်ရုံးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ဝန်ထမ်းများနှင့်ပူးပေါင်း၍ ပိုမိုအားစိုက်ဆောင်ရွက်ရန်။

(ခ) လွှတ်တော်ကိုယ်စားလှယ်များဆိုင်ရာကျင့်ဝတ် (Code of Conduct) ကို ၂၀၁၉ ခုနှစ် အတွင်း ပေါ်ပေါက်လာစေရန်အတွက် အလေးထားဆောင်ရွက်ရန်အတွက် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

**နိဂုံး**

၂၂။ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီသည် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များနှင့်အညီ ပြည်သူ့လွှတ်တော်၊ လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်လျက်ရှိပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်များ၏ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာဥပဒေများတွင် ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် လိုအပ်မည့်အချက်အလက်များကို ရှာဖွေလေ့လာလျက်ရှိပြီး တွေ့ရှိချက်များကို လွှတ်တော်သို့ ဆက်လက်တင်ပြ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာကိစ္စများနှင့် လွှတ်တော်ကအခါအားလျော်စွာ တာဝန်ပေးအပ်သည့် အခြားတာဝန်များကိုလည်း ကျေပွန်စွာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ရှိပါက ၂၆-၁၁-၂၀၁၉ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီက နှစ်ပတ်လည်အစီရင်ခံစာ တင်ပြဖို့ ဖြစ်ပါတယ်။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဖိုးမြတ်(အဖွဲ့ဝင်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီရဲ့တာဝန်ပေးချက်အရ ကော်မတီရဲ့နှစ်ပတ်လည်အစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ ကျွန်တော် ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများထံ အစီရင်ခံစာကို

ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အချိန်ကိုလေးစားသောအားဖြင့် ကျွန်တော် ကောက်နုတ်ပြီး တော့ပဲ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ**

**စာအမှတ်၊ ၁၃/ပသ-နိုင်ငံသား/၂၀၁၉-၁၉၀**

**ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၇ရက်**

**သို့**

**ဥက္ကဋ္ဌ**

**ပြည်သူ့လွှတ်တော်**

**အကြောင်းအရာ။ ကော်မတီနှစ်ပတ်လည်အစီရင်ခံစာ(၁/၂၀၁၉)တင်ပြခြင်း။**

ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့အထိ နှစ်ပတ်လည်အစီရင်ခံစာ (၁/၂၀၁၉)ကို တင်ပြအပ်ပါတယ်။

**ရည်ရွယ်ချက်**

နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီသည် နိုင်ငံသားများထံမှ တင်ပြစာများ အပေါ် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေး နှင့်တာဝန်များ အခန်းရှိ ပုဒ်မ ၃၄၅ မှ ၃၉၀ အထိ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံသားများ၏မူလ

အခွင့်အရေးများ ဆုံးရှုံးနစ်နာမှုမရှိစေရေးအတွက် ဆောင်ရွက်ရန် ဖြစ်ပါတယ်။ ကော်မတီဖွဲ့စည်းခြင်း၊ ကော်မတီသက်တမ်း၊ ကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း၊ ကော်မတီရဲ့သက်တမ်းတိုးမြှင့်ခြင်း၊ ကော်မတီ၏တာဝန်များ၊ ကော်မတီ၏လုပ်ပိုင်ခွင့်များ၊ ကော်မတီဝင်၏ရပိုင်ခွင့်နှင့်အခွင့်အရေးများကို အစီရင်ခံစာရဲ့စာမျက်နှာ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇ နဲ့ ၈ တို့မှာ အသီးသီးဖော်ပြထားပါတယ်။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီတွင် လက်ရှိဥက္ကဋ္ဌ၊ အတွင်းရေးမှူးပါ အဖွဲ့ဝင် ၁၆ ဦး၊ လေ့လာသူနှစ်ဦး စုစုပေါင်း ၁၈ ဦးဖြင့် တာဝန်များကို ဆောင်ရွက်လျက်ရှိပါတယ်။

**ကော်မတီရဲ့ဆောင်ရွက်ချက်များ**

နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီသည် ဥပဒေကြမ်းကော်မတီမှ ဥပဒေကြမ်းအစီရင်ခံစာများနှင့်ပတ်သက်၍ လွှတ်တော်သို့မတင်မီ ကြိုတင်ညှိနှိုင်းပြင်ဆင်မှုပြုလုပ်ရာတွင် ကော်မတီ၏ သဘောထားမှတ်ချက်များပေးနိုင်ရေးအတွက် ဖိတ်ကြားလာသည့် အစည်းအဝေးများသို့ ၉၅ ကြိမ် တက်ရောက်ဆွေးနွေး အကြံပြုပေးနိုင်ခဲ့ပါသည်။ အစည်းအဝေးတက်ရောက်မှုအခြေအနေအား နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြထားပါတယ်။ ကော်မတီသို့ရောက်ရှိလာတဲ့ တင်ပြစာများကို ကော်မတီဝင်များမှ လေ့လာစိစစ်သုံးသပ် မှတ်ချက်ပြုပေးနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တစ်ပတ်လျှင်တစ်ရက ပြုလုပ်ပြီးကျန်ရက်များမှာတော့ တိုင်ကြားစာများနှင့်ပတ်သက်၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြပါတယ်။ ကော်မတီသည် ၂၆-၂-၂၀၁၈ ရက်နေ့မှ ၂၅-၂-၂၀၁၉ ရက်နေ့အထိ တင်ပြစာ ၁၁၂၂ စောင် လက်ခံရရှိခဲ့ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တင်ပြစာလက်ခံရရှိမှုအခြေအနေကို နောက်ဆက်တွဲ(ခ)ဖြင့် ဖော်ပြထားပါတယ်။

ကော်မတီသို့ရောက်ရှိလာတဲ့ တင်ပြစာ ၁၁၂၂ စောင်အား လေ့လာစိစစ်ရာတွင် ပြီးစီးမှုပေါင်း ၃၅၁ စောင်၊ အခြားဌာန/အဖွဲ့အစည်းများနှင့်အတူ ပူးတွဲပေးပို့လာတဲ့ တင်ပြစာနှစ်စောင်၊ မှတ်တမ်းတင်ထားရှိသည့် တင်ပြစာ ၄၆၆ စောင်နှင့် ဆောင်ရွက်ဆဲ ၃၀၃ စောင်ဖြစ်ကြပါတယ်။ တင်ပြစာများ ဆောင်ရွက်ထားရှိမှု အခြေအနေအား နောက်ဆက်တွဲ(ဂ)ဖြင့် ဖော်ပြထားပါတယ်။ ကော်မတီသည် တိုင်ကြားစာနှင့်ပတ်သက်၍ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာများ မဆုံးရှုံးစေရေးအတွက် သက်ဆိုင်သည့်ဌာန/အဖွဲ့အစည်းများသို့ သဘောထားမှတ်ချက်ပြု၍ ပေးပို့ခဲ့ပါသည်။ ထိုသို့ပေးပို့ခဲ့မှု များအပေါ် ဌာန/အဖွဲ့အစည်းတစ်ခုချင်းစီရဲ့ အကြောင်းပြန်ကြားမှု အခြေအနေအား နောက်ဆက်တွဲ (ဃ)ဖြင့် ဖော်ပြထားပါတယ်။

နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီသည် အစီရင်ခံစာ ကာလအတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး စုစုပေါင်း(၄၆)ကြိမ် ပြုလုပ်ခဲ့ပါတယ်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်မှု အခြေအနေကို နောက်ဆက်တွဲ(င)ဖြင့် ဖော်ပြထားပါတယ်။ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီဝင်များအနေဖြင့် တစ်နှစ်တာကာလအတွင်း ကြယ်ပွင့်ပြမေးခွန်း ၂၈ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၆၈ ခု မေးမြန်း၍ အဆိုသုံးခု တင်သွင်းခဲ့ပါတယ်။ မေးမြန်းခဲ့တဲ့ မေးခွန်းများနှင့် အဆိုများရဲ့ အခြေအနေများအား နောက်ဆက်တွဲ(စ) ဖြင့် ဖော်ပြထားပါတယ်။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီဝင်များသည် အစီရင်ခံသည့်ကာလအတွင်း ဌာန/အဖွဲ့အစည်း အသီးသီးမှ ကျင်းပသည့် Seminar, Workshop, Training များသို့ ၆၇ ကြိမ် တက်ရောက်ခဲ့ပါတယ်။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီသည် အစီရင်ခံသည့်ကာလအတွင်း ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများနှင့် ခြောက်ကြိမ်တွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံမှုအခြေအနေများအား နောက်ဆက်တွဲ(ဆ)ဖြင့် ဖော်ပြထားပါတယ်။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီမှ ကော်မတီဝင်သုံးဦးသည် ပြည်သူ့လွှတ်တော် အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ်အဖြစ်

ဟောင်ကောင်နှင့်အိန္ဒိယနိုင်ငံများသို့ သွားရောက်ခဲ့ပါသည်။ နိုင်ငံခြားသွားရောက်မှု အခြေအနေအား နောက်ဆက်တွဲ(ဇ)ဖြင့် ဖော်ပြထားပါတယ်။

နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီသည် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့အား စောင့်ကြည့်ထိန်းညှိပေးရမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အား ၁၆-၅-၂၀၁၈ ရက်နေ့နှင့် ၂၀-၁၂-၂၀၁၈ ရက်နေ့များမှာ ကော်မရှင်ရဲ့ဆောင်ရွက်ချက်များ၊ အစီရင်ခံစာတင်သွင်းမှုများ၊ ကော်မတီမှပေးပို့တဲ့ တိုင်ကြားစာများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ၁၃-၉-၂၀၁၈ ရက်နေ့နှင့် ၂၀-၂-၂၀၁၉ ရက်နေ့များမှာ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီးတော့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ကော်မတီဝင်များသည် ပြည်ထောင်စုလွှတ်တော်မှဖွဲ့စည်းတဲ့ ရငွေသုံးငွေများစိစစ်ရေးပူးပေါင်းအဖွဲ့(၁)တွင်ပါဝင်တဲ့ နိုင်ငံတော်သမ္မတရုံး (နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာနအပါအဝင်)၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး(ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အပါအဝင်)နှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတို့ရဲ့ ဘတ်ဂျက်များကိုလည်းကောင်း၊ ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့(၁၈)ဖွဲ့မှာပါဝင်တဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့ရဲ့ ဘတ်ဂျက်များကိုလည်း စိစစ်ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံသားများ၏မူလ အခွင့်အရေးဆိုင်ရာကော်မတီသည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်ရှိ ရမည်းသင်းအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူများရဲ့ အခွင့်အရေးဆိုင်ရာ စားသောက်ရေး၊ နေထိုင်ရေးနှင့် ကျန်းမာရေးအခြေအနေများကို ၂၉-၁၁-၂၀၁၈ ရက်နေ့မှာ ကွင်းဆင်းလေ့လာခဲ့ပါတယ်။ လေ့လာရေးအစီရင်ခံစာကို ၁၃-၁၂-၂၀၁၈ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသို့ တင်ပြခဲ့ပါတယ်။

**ကော်မတီ၏သုံးသပ်ချက်**

ကော်မတီသည် ကော်မတီလုပ်ငန်းတာဝန်များကို လက်တွေ့ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ ပိုမိုအောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အောက်ပါအတိုင်းသုံးသပ်ပါတယ်။

(က) ကော်မတီသည် နောင်လာမယ့် ဥပဒေကြမ်းဆိုင်ရာအစည်းအဝေးများတွင် ဆက်လက်တက်ရောက်ပူးပေါင်းဆောင်ရွက်သွားရန်၊

(ခ) ကော်မတီသို့ တင်ပြစာများနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်ကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားရန်၊

(ဂ) နိုင်ငံသားများရဲ့ မူလအခွင့်အရေးများ မြှင့်တင်ကာကွယ်နိုင်ရေးအတွက် မြန်မာနိုင်ငံမှ သဘောတူ အတည်ပြု ပါဝင်လက်မှတ်ရေးထိုးထားသော အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ်များနှင့် ဆက်စပ်လေ့လာဆောင်ရွက်သွားရန်၊

(ဃ) နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီနှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်တို့ တွေ့ဆုံမှုအကြိမ်တိုးမြှင့်၍ နိုင်ငံသားများ၏ မူလအခွင့် အရေးများကို ပိုမိုမြှင့်တင်ကာကွယ်ဆောင်ရွက်သွားရန်၊

(င) နိုင်ငံသားများ၏မူလအခွင့်အရေးချိုးဖောက်ခံရမှုများနှင့် ပတ်သက်၍ လိုအပ်ပါက ကွင်းဆင်းလေ့လာစုံစမ်းခြင်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ ခွင့်ပြုချက်ရယူပြီး ဒေသဆိုင်ရာ ဌာန/အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားရန်၊

(စ) အချို့သော ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြန်ကြားစာအချို့မှာ ယေဘုယျ ဆန်သော ပြန်ကြားစာများဖြစ်နေတဲ့အတွက် တိကျသေချာသော အဖြေများရရှိရေး

ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် ပြန်ကြားမှုအားနည်းသော ဌာနဆိုင်ရာအဖွဲ့အစည်းများသို့ ထပ်မံနှိုးဆော်အသိပေးအကြောင်းကြားသွားရန်၊

(ဆ) နိုင်ငံသားများရဲ့ မူလအခွင့်အရေးဆိုင်ရာကော်မတီက စိစစ်ရမည့်ဥပဒေများနှင့် ပတ်သက်ပြီး ဆက်လက်ပိုမိုကြိုးပမ်းဆောင်ရွက်သွားရန်။

နိဂုံးချုပ်အားဖြင့် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာ ကော်မတီ ရုံးမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ရုံးဝန်ထမ်းအသီးသီးသည် မိသားစုစိတ်ဓာတ် အပြည့်အဝဖြင့် ကော်မတီ၏လုပ်ငန်းတာဝန်များကို အားကြိုးမာန်တက် ကျေပွန်စွာဆောင်ရွက်ခဲ့ကြပါတယ်။ နိုင်ငံသားများရဲ့ မူလအခွင့်အရေးဆိုင်ရာကော်မတီအနေဖြင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများ မဆုံးရှုံးစေရန်နှင့် တိုးတက်မှုရှိစေရန် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။ နိုင်ငံသားများ၏ မူလ အခွင့်အရေးဆိုင်ရာကော်မတီ ပြည်သူ့လွှတ်တော်။ အားလုံးကို ကျေးဇူးတင်ပါသည်။

[အစီရင်ခံစာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏**

**နှစ်ပတ်လည်အစီရင်ခံစာ (၁/၂၀၁၉)**

**(၂၆-၂-၂၀၁၈ ရက်နေ့မှ ၂၅-၂-၂၀၁၉ ရက်နေ့အထိ)**

**နိဒါန်း**

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ (ဂ) နှင့် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇ ၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ တို့နှင့်အညီ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ်

ပြည်သူ့ လွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးတွင် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီကို အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

**ရည်ရွယ်ချက်**

၂။ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီသည် နိုင်ငံသားများထံမှ တင်ပြစာများ အပေါ် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေး နှင့်တာဝန်များ အခန်းရှိ ပုဒ်မ ၃၄၅ မှ ၃၉၀ အထိ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံသားများ၏မူလ အခွင့်အရေးများ ဆုံးရှုံးနစ်နာမှုမရှိစေရေးအတွက် ဆောင်ရွက်ရန် ဖြစ်ပါသည်။

**ဖွဲ့စည်းခြင်း**

၃။ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီကို ၂၀၁၂ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၆) ဖြင့် အောက်ပါပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် စတင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးစော | ညောင်ဦးမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုင်းထွန်းစိန် | မိုင်းပျဉ်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးကျင့်ရှင်းထန် | တီးတိန်မဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဃ) | ဦးစိုင်းမွန်း | လဲချားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးခင်မောင်လတ် | မြန်အောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးထွန်းမြင့် | ဗဟန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးမြင့်လွင် | ပုဇွန်တောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးငွေဝင်းအောင်(ခ)ဦးပြုံးချို | ဒေါပုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးနေလင်းအောင် | မင်းတပ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် | ဘီးလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးတင်ထွေး | ဝေါမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးခင်ဇော် | ကော့သောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဒေါ်သန္တာ | အိမ်မဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးကြီးမင်းသန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးဝင်းမြင့်အောင် | ဒီပဲယင်းမဲဆန္ဒနယ် | အတွင်းရေးမှူး |

၄။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

မူကြမ်း

**ကော်မတီ၏သက်တမ်း**

၅။ ကော်မတီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။

၆။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း**

၇။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၇) ဖြင့် ကြည်း ၂၃၁၅၈ ဗိုလ်မှူးကြီးမင်းသန်း(အစား) လေ ၁၇၇၃ ဗိုလ်မှူးချုပ်ဦးကျော်အား အဖွဲ့ဝင်အဖြစ် အစားထိုးလဲလှယ်ဖွဲ့စည်းခဲ့ပါသည်။

၈။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၇) ဖြင့် ဦးကျော်မင်း(ကမာရွတ်မဲဆန္ဒနယ်)နှင့် ဦးဘုန်းမြင့်အောင် (ဒိုက်ဦးမဲဆန္ဒနယ်) တို့အား အဖွဲ့ဝင်များအဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းခဲ့ပါသည်။

၉။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်အမှတ် (၁/၂၀၁၇) ဖြင့် ကြည်း ၂၃၁၅၈ ဗိုလ်မှူးကြီးမင်းသန်းနှင့် ကြည်း ၂၇၉၇၈ ဒုတိယဗိုလ်မှူးကြီးသန်းလှိုင်ဝင်းတို့အား ကော်မတီတွင် လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

၁၀။ ၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်အမှတ် (၂/၂၀၁၇) ဖြင့် ကြည်း ၂၃၁၅၈ ဗိုလ်မှူးကြီးမင်းသန်း (အစား) ကြည်း ၁၉၅၃၆ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်၊

ကြည်း ၂၇၉၇၈ ဒုတိယဗိုလ်မှူးကြီး သန်းလှိုင်ဝင်း (အစား) ကြည်း ၂၈၂၇၃ ဒုတိယဗိုလ်မှူးကြီး ဝင်းကိုတို့အား ကော်မတီတွင် လေ့လာသူများအဖြစ် အစားထိုးလဲလှယ်တာဝန်ပေးအပ်ခဲ့ပါသည်။

၁၁။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၇) ဖြင့်လေ ၁၇၇၃ ဗိုလ်မှူးချုပ်ဦးကျော် (အစား) ကြည်း ၁၈၁၆၂ ဗိုလ်မှူးချုပ်ဇော်ဝင်းအား အဖွဲ့ဝင်အဖြစ် အစားထိုးလဲလှယ်ဖွဲ့စည်းခဲ့ပါသည်။

၁၂။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီမှ အဖွဲ့ဝင် ဦးစိုင်းမွန်းသည် ၅-၁၂-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခဲ့ပါသည်။

၁၃။ ၂၀၁၈ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်အမှတ် (၁/၂၀၁၈) ဖြင့် ကြည်း ၂၈၂၇၃ ဒုတိယဗိုလ်မှူးကြီးဝင်းကို(အစား) ကြည်း ၃၀၃၇၁ ဒုတိယဗိုလ်မှူးကြီး ရဲထွန်းနိုင်အား ကော်မတီတွင် လေ့လာသူအဖြစ် အစားထိုးလဲလှယ် တာဝန်ပေးအပ်ခဲ့ပါသည်။

၁၄။ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၈) ဖြင့် ဦးစိုးငွေး(ကော့ကရိတ်မဲဆန္ဒနယ်)နှင့် ဦးစိုင်းဖိုးမြတ် (မူဆယ်မဲဆန္ဒနယ်)တို့အား အဖွဲ့ဝင်များအဖြစ် ထပ်မံထည့်သွင်း ဖွဲ့စည်းခဲ့ပါသည်။

၁၅။ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၈)ဖြင့် ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)အား ကော်မတီအဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်ပြီး ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၉) ဖြင့် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ ဥက္ကဋ္ဌအဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်ခဲ့ပါသည်။

၁၆။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၉)ဖြင့် ကြည်း ၁၈၁၆၂ ဗိုလ်မှူးချုပ်ဇော်ဝင်း(အစား) ကြည်း ၁၉၅၂၈ ဗိုလ်မှူးကြီးစိုးလွင်အား အဖွဲ့ဝင်အဖြစ် အစားထိုးလဲလှယ် ဖွဲ့စည်းခဲ့ပါသည်။

မူကြမ်း

၁၇။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၉) ဖြင့် အဖွဲ့ဝင် ဦးမြင့်လွင် (ပုဗ္ဗန်တောင်မဲဆန္ဒနယ်) အား ကော်မတီအဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်ပြီး ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၉) ဖြင့် တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်ခဲ့ပါသည်။

၁၈။ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီတွင် လက်ရှိ၌ အောက်ပါ အဖွဲ့ဝင် ၁၆ ဦး၊ လေ့လာသူ ၂ ဦး၊ စုစုပေါင်း ၁၈ ဦး ရှိပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးစော | ညောင်ဦးမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုင်းထွန်းစိန် | မိုင်းပျဉ်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးကျင့်ရှင်းထန် | တီးတိန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးခင်မောင်လတ် | မြန်အောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးထွန်းမြင့် | ဗဟန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို | ဒေါပုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးနေလင်းအောင် | မင်းတပ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် | ဘီးလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးခင်ဇော် | ကော့သောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ည) | ဒေါ်သန္တာ | အိမ်မဲ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဗိုလ်မှူးကြီးစိုးလွင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဌ) | ဦးကျော်မင်း | ကမာရွတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးဘုန်းမြင့်အောင် | ဒိုက်ဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဦးစိုးငွေ | ကော့ကရိတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဦးစိုင်းဖိုးမြတ် | မူဆယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (တ) | ဦးဝင်းမြင့်အောင် | ဒီပဲယင်းမဲဆန္ဒနယ် | အတွင်းရေးမှူး |
| (ထ) | ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင် | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ |
| (ဒ) | ဒုတိယဗိုလ်မှူးကြီး ရဲထွန်းနိုင် | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ |

**ကော်မတီ၏သက်တမ်းတိုးမြှင့်ခြင်း**

၁၉။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာ အမှတ် (၁၃/၂၀၁၉) ဖြင့် ၂၆-၂-၂၀၁၉ ရက်နေ့မှ ၂၅-၂-၂၀၂၀ ရက်နေ့အထိ သက်တမ်း တိုးမြှင့်ခဲ့ပါသည်။

**ကော်မတီ၏တာဝန်များ**

၂၀။ ကော်မတီသည်-

(က) နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ရမည်။

(ခ) နိုင်ငံသားတိုင်း တန်းတူညီမျှမှု အခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ ခံစားခွင့်ရှိရေး ဆောင်ရွက်ရမည်။

(ဂ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဃ) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၂၁။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်

ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်။

၂၂။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကို သော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီကအတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်း မပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၂၃။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၂၄။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင် တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၂၅။ ကော်မတီဝင်များသည် –

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

၂၆။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း၊

ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၂၇။ ကော်မတီဝင်များသည် –

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

**ကော်မတီ၏ဆောင်ရွက်ချက်များ**

၂၈။ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီသည် ဥပဒေကြမ်းကော်မတီမှ ဥပဒေကြမ်းအစီရင်ခံစာများနှင့် ပတ်သက်၍ လွှတ်တော်သို့မတင်မီ ကြိုတင်ညှိနှိုင်း ပြင်ဆင်မှု ပြုလုပ်ရာတွင် ကော်မတီ၏ သဘောထားမှတ်ချက်များ ပေးနိုင်ရေးအတွက် ဖိတ်ကြားလာသည့် အစည်းအဝေးများသို့ ၉၅ ကြိမ် တက်ရောက်ဆွေးနွေး အကြံပြုပေးနိုင်ခဲ့ပါသည်။ ထို့အပြင် ဥပဒေကြမ်းကော်မတီမှ လွှတ်တော်သို့ တင်သွင်းသည့် ဥပဒေကြမ်းများနှင့်ပတ်သက်၍ ကော်မတီဝင်များ၏ တစ်ဦးချင်းဆွေးနွေးခြင်းများကိုလည်း ပြုလုပ်နိုင်ခဲ့ပါသည်။ အစည်းအဝေးတက်ရောက်မှု အခြေအနေအား **နောက်ဆက်တွဲ(က)** ဖြင့် ဖော်ပြထားပါသည်။

၂၉။ ကော်မတီသို့ရောက်ရှိလာသော တင်ပြစာများကို ကော်မတီဝင်များမှ လှေ့လာစိစစ်သုံးသပ် မှတ်ချက်ပြုနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တစ်ပတ်လျှင် တစ်ရက် ပြုလုပ်ပြီး ကျန်လေးရက်တွင် တိုင်ကြားစာများနှင့်ပတ်သက်၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြပါသည်။

၃၀။ ကော်မတီသို့ ရောက်ရှိလာသော တင်ပြစာများကို စိစစ်ဆောင်ရွက်ရာတွင် –

(က) နိုင်ငံသားများ၏ မူလအခွင့်အရေးနစ်နာဆုံးရှုံးမှုများ၊ လယ်ယာမြေသိမ်းဆည်းခံရမှုများ၊ လယ်ယာမြေအငြင်းပွားမှုများ၊ အိုးအိမ်ခြံမြေအငြင်းပွားမှုများ၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များ စသည်ဖြင့် ပါဝင်လျက်ရှိရာ အချက်အလက် မပြည့်စုံသည့်စာများ၊ မိတ္တူပေးပို့သည့် စာများနှင့် တရားရုံး၌ အမှုစစ်ဆေးဆဲ စာများကို မှတ်တမ်းအဖြစ်ထားရှိပါသည်။

(ခ) ပြည့်စုံစွာတင်ပြလာသော တိုင်ကြားစာများကို ၎င်းတို့နှင့်သက်ဆိုင်သည့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုအဆင့်ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ ပြည်သူ့လွှတ်တော်ရုံးမှတစ်ဆင့်ပေးပို့ခြင်း၊ တွေ့ဆုံညှိနှိုင်းဆွေးနွေးမေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(ဂ) အချက်အလက်မပြည့်စုံသည့်စာများကို သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများသို့ ပြည့်စုံစွာတိုင်ကြားနိုင်ရေးအတွက် လိုအပ်သည့်အချက်များကို ထည့်သွင်းတင်ပြနိုင်ရေးအတွက် အကြံပြုပေးပို့ပြီး တရားစီရင်ရေးလမ်းကြောင်းဖြင့် ဖြေရှင်းသင့်သည့် အချို့စာများကို ကာယကံရှင်ကိုယ်တိုင် ဆောင်ရွက်သင့်ကြောင်း အကြံပြုပေးပို့ခဲ့ပါသည်။

(ဃ) သက်ဆိုင်ရာဌာနအသီးသီးမှ ကော်မတီသို့ ပြန်ကြားသည့် စာများနှင့်ပတ်သက်၍ ကော်မတီမှ ပြန်လည်စိစစ်ပြီး တိုင်ကြားသူများထံ ပြန်လည်အကြောင်းကြားခဲ့ပါသည်။

၃၁။ ကော်မတီသည် ၂၆-၂-၂၀၁၈ ရက်နေ့မှ ၂၅-၂-၂၀၁၉ ရက်နေ့အထိ တင်ပြစာ ၁၁၂၂ စောင် လက်ခံရရှိခဲ့ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တင်ပြစာလက်ခံရရှိမှုအခြေအနေအား **နောက်ဆက်တွဲ(ခ)**ဖြင့် ဖော်ပြထားပါသည်။

၃၂။ ကော်မတီသို့ရောက်ရှိလာသော တင်ပြစာ ၁၁၂၂ စောင်အား လေ့လာစိစစ်ရာတွင် ပြီးစီးမှု ပေါင်း ၃၅၁ စောင်၊ အခြားဌာန/အဖွဲ့အစည်းများနှင့်အတူ ပူးတွဲပေးပို့လာသည့် တင်ပြစာနှစ်စောင်၊ မှတ်တမ်းတင်ထားရှိသည့် တင်ပြစာ ၄၆၆ စောင်နှင့် ဆောင်ရွက်ဆဲ ၃၀၃ စောင် ဖြစ်ပါသည်။ တင်ပြစာများ ဆောင်ရွက်ထားရှိမှု အခြေအနေအား **နောက်ဆက်တွဲ(ဂ)** ဖြင့် ဖော်ပြထားပါသည်။

၃၃။ ကော်မတီသည် တိုင်ကြားစာနှင့်ပတ်သက်၍ နိုင်ငံသား မူလအခွင့်အရေးဆိုင်ရာများ မဆုံးရှုံးစေရေးအတွက် သက်ဆိုင်သည့် ဌာန/အဖွဲ့အစည်းများသို့ သဘောထား မှတ်ချက်ပြု၍ ပေးပို့ခဲ့ပါသည်။ ထိုသို့ ပေးပို့ခဲ့မှုများအပေါ် ဌာန/အဖွဲ့အစည်း တစ်ခုချင်းစီ၏ အကြောင်းပြန်ကြားမှု အခြေအနေအား **နောက်ဆက်တွဲ(ဃ)** ဖြင့် ဖော်ပြထားပါသည်။

၃၄။ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီသို့ ပြန်ကြားရန် ကျန်ရှိနေသည့် တင်ပြစာ များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် လည်းကောင်း၊ ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများသို့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် လည်းကောင်း ပြန်ကြားပေးရန် ထပ်မံအကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၃၅။ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီသည် အစီရင်ခံစာ ကာလအတွင်း လုပ်ငန်း ညှိနှိုင်းအစည်းအဝေး(၂၉) ကြိမ်၊ ပြည်ထောင်စုလွှတ်တော် ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့(၁) နှင့် အဖွဲ့(၁၈)၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးလေးကြိမ်၊ ပြည်ထောင်စုလွှတ်တော် ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့(၁)နှင့်အဖွဲ့ (၁၈)မှ သက်ဆိုင်သည့် ဝန်ကြီးဌာနများ၏ ဘတ်ဂျက်စိစစ်ခြင်း အစည်းအဝေး(၈)ကြိမ်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့်တွေ့ဆုံခြင်းတစ်ကြိမ်၊ မြန်မာနိုင်ငံအမျိုးသား

လူ့အခွင့်အရေးကော်မရှင်နှင့်တွေ့ဆုံခြင်း နှစ်ကြိမ်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တွေ့ဆုံခြင်းနှစ်ကြိမ် စုစုပေါင်း ၄၆ ကြိမ် ပြုလုပ်ခဲ့ပါသည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်မှု အခြေအနေအား **နောက်ဆက်တွဲ(င)**ဖြင့် ဖော်ပြထားပါသည်။

၃၆။ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီဝင်များအနေဖြင့် တစ်နှစ်တာကာလ အတွင်း ကြယ်ပွင့်ပြ မေးခွန်း ၂၈ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၆၈ ခု မေးမြန်း၍ အဆို ၃ ခု တင်သွင်း ခဲ့ပါသည်။ မေးမြန်းခဲ့သည့် မေးခွန်းများနှင့် အဆိုများ၏ အခြေအနေများအား **နောက်ဆက်တွဲ(စ)** ဖြင့် ဖော်ပြထားပါသည်။

၃၇။ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီဝင်များသည် အစီရင်ခံသည့် ကာလအတွင်း ဌာန/အဖွဲ့အစည်းအသီးသီးမှ ကျင်းပသည့် Seminar, Workshop, Training များသို့ ၆၇ ကြိမ် တက်ရောက်ခဲ့ပါသည်။

၃၈။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီသည် အစီရင်ခံသည့်ကာလအတွင်း ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် ခြောက်ကြိမ်တွေ့ဆုံခဲ့ပါသည်။ တွေ့ဆုံမှုအခြေအနေများအား **နောက်ဆက်တွဲ(ဆ)** ဖြင့် ဖော်ပြထားပါသည်။

၃၉။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီမှ ကော်မတီဝင် သုံးဦးသည် ပြည်သူ့ လွှတ်တော် အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ်အဖြစ် ဟောင်ကောင်နှင့်အိန္ဒိယနိုင်ငံများသို့ သုံးကြိမ် သွားရောက်ခဲ့ပါသည်။ နိုင်ငံခြားသွားရောက်မှု အခြေအနေအား **နောက်ဆက်တွဲ(ဇ)**ဖြင့် ဖော်ပြထားပါသည်။

၄၀။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီသည် နိုင်ငံသားများ၏မူလအခွင့်အရေး များကို ဥပဒေနှင့်အညီ ရရှိစေရန်အတွက် ပြည်သူလူထု၏ တိုင်ကြားလာမှုများကို ဆောင်ရွက်ပေးသည့် အပြင် နိုင်ငံသားအခွင့်အရေးချိုးဖောက်ခံရမှုဆိုင်ရာ သတင်းများကို ကော်မတီဝင်တစ်ဦးဦးက

တင်ပြလာပါက ကော်မတီတွင် ဆွေးနွေးဆုံးဖြတ်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံတင်ပြပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအား တွေ့ဆုံမေးမြန်းညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။

၄၁။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီသည် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့အား စောင့်ကြည့်ထိန်းညှိပေးရမည်ဖြစ်သဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အား ၁၆-၅-၂၀၁၈ ရက်နေ့နှင့် ၂၀-၁၂-၂၀၁၈ ရက်နေ့များတွင် ကော်မရှင်၏ ဆောင်ရွက်ချက်များ၊ အစီရင်ခံစာတင်သွင်းမှုများ၊ ကော်မတီမှ ပေးပို့ထားသည့် တိုင်ကြားစာများနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အား ၁၃-၉-၂၀၁၈ ရက်နေ့နှင့် ၂၀-၂-၂၀၁၉ ရက်နေ့များတွင် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

၄၂။ ကော်မတီဝင်များသည် ပြည်ထောင်စုလွှတ်တော်မှ ဖွဲ့စည်းသည့် ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့ (၁)တွင် ပါဝင်သော နိုင်ငံတော်သမ္မတရုံး(နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာနအပါအဝင်)၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး (ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအပါအဝင်)နှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတို့၏ ဘတ်ဂျက်များကိုလည်းကောင်း၊ ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့ (၁၈) တွင် ပါဝင်သော ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့၏ ဘတ်ဂျက်များကိုလည်းကောင်း စိစစ်ဆောင်ရွက်ခဲ့ပါသည်။

၄၃။ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီသည် ၂၆-၂-၂၀၁၇ ရက်နေ့မှ ၂၅-၂-၂၀၁၈ ရက်နေ့အထိ နှစ်ပတ်လည်အစီရင်ခံစာကို ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်၊ န၀မပုံမှန် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ၅-၉-၂၀၁၈ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ ဒုတိယအကြိမ် တင်သွင်းခဲ့ပါသည်။

၄၄။ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီသည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်း မြို့နယ်ရှိ "ရမည်းသင်းအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူများ၏ အခွင့်အရေးဆိုင်ရာ စားသောက်နေထိုင်ရေးနှင့် ကျန်းမာရေးအခြေအနေများ" အား ၂၉-၁၁-၂၀၁၈ ရက်နေ့တွင် ကွင်းဆင်း လေ့လာခဲ့ပါသည်။ ရမည်းသင်းအကျဉ်းထောင် လေ့လာရေး အစီရင်ခံစာကို ၁၃-၁၂-၂၀၁၈ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြခဲ့ပါသည်။

**ကော်မတီ၏သုံးသပ်ချက်**

၄၅။ ကော်မတီသည် ကော်မတီလုပ်ငန်းတာဝန်များကို လက်တွေ့ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံ များအရ ပိုမိုအောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အောက်ပါအတိုင်းသုံးသပ်ပါသည်-

(က) အစီရင်ခံသည့် ကာလအတွင်း ဥပဒေကြမ်းကော်မတီမှ အစည်းအဝေး ၉၅ ကြိမ် ဖိတ်ကြားခဲ့မှုအား ကော်မတီဝင်များ တက်ရောက်၍ နိုင်ငံသားများ၏မူလအခွင့်အရေး များ နစ်နာဆုံးရှုံးမှု မရှိစေရန် အလေးထား ဆောင်ရွက်ခဲ့ပြီး နောင်လာမည့် ဥပဒေကြမ်းဆိုင်ရာ အစည်းအဝေးများတွင်လည်း ဆက်လက်တက်ရောက်ပူးပေါင်း ဆောင်ရွက်သွားရန်၊

(ခ) ကော်မတီသို့ တင်ပြစာများနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်ကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားရန်၊

(ဂ) နိုင်ငံသားများ၏မူလအခွင့်အရေးများ မြှင့်တင်ကာကွယ်နိုင်ရေးအတွက် မြန်မာနိုင်ငံမှ သဘောတူ အတည်ပြု ပါဝင်လက်မှတ်ရေးထိုးထားသော အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ်များနှင့် ဆက်စပ်လေ့လာဆောင်ရွက်သွားရန်၊

(ဃ) နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီနှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်တို့ တွေ့ဆုံမှုအကြိမ်တိုးမြှင့်၍ နိုင်ငံသားများ၏ မူလအခွင့် အရေးများကို ပိုမိုမြှင့်တင်ကာကွယ်ဆောင်ရွက်သွားရန်၊

(င) နိုင်ငံသားများ၏မူလအခွင့်အရေးချိုးဖောက်ခံရမှုများနှင့် ပတ်သက်၍ လိုအပ်ပါက ကွင်းဆင်းလေ့လာစုံစမ်းခြင်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ ခွင့်ပြုချက်ရယူပြီး ဒေသဆိုင်ရာ ဌာန/အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားရန်၊

(စ) နိုင်ငံသားများ၏မူလအခွင့်အရေး ချိုးဖောက်ခံရခြင်း တိုင်ကြားစာများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများသို့ ဆက်လက်ပေးပို့သော်လည်း အချို့သော ဝန်ကြီး ဌာနများနှင့် အဖွဲ့အစည်းများမှ ပြန်ကြားစာအချို့မှာ ယေဘုယျဆန်သော ပြန်ကြား စာများဖြစ်နေသည့်အတွက် တိကျသေချာသော အဖြေရရှိရေး ကြိုးပမ်းဆောင်ရွက် သွားရန် နှင့် ပြန်ကြားမှုအားနည်းသော ဌာနဆိုင်ရာအဖွဲ့အစည်းများသို့ ထပ်မံနှိုးဆော် အသိပေးအကြောင်းကြားသွားရန်၊

(ဆ) နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီက စိစစ်ရမည့်ဥပဒေများနှင့် ပတ်သက်ပြီး ဆက်လက်ပိုမိုကြိုးပမ်းဆောင်ရွက်သွားရန်။

**နိဂုံး**

၄၆။ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီတွင် တာဝန် ထမ်းဆောင်လျက်ရှိသည့် ရုံးဝန်ထမ်းအသီးသီးသည် မိသားစုစိတ်ဓာတ်အပြည့်အဝဖြင့် ကော်မတီ၏ မူကြမ်း

လုပ်ငန်းတာဝန်များကို အားကြိုးမာန်တက် ကျေပွန်စွာဆောင်ရွက်ခဲ့ကြပါသည်။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီအနေဖြင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများ မဆုံးရှုံးစေရန်နှင့် တိုးတက်စေရန် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ

ပြည်သူ့လွှတ်တော်

**အစီရင်ခံစာအတည်ပြုခြင်း**

| | | | | |
|---|---|---|---|---|
| ၁။ | ဦးစော | ညောင်ဦး | ဥက္ကဋ္ဌ | ---------------- |
| ၂။ | ဦးစိုင်းထွန်းစိန် | မိုင်းပျဉ်းမဲဆန္ဒနယ် | အဖွဲ့ဝင် | ---------------- |
| ၃။ | ဦးကျင့်ရှင်းထန် | တီးတိန်မဲဆန္ဒနယ် | အဖွဲ့ဝင် | ---------------- |
| ၄။ | ဦးခင်မောင်လတ် | မြန်အောင်မဲဆန္ဒနယ် | အဖွဲ့ဝင် | ---------------- |
| ၅။ | ဦးထွန်းမြင့် | ဗဟန်းမဲဆန္ဒနယ် | အဖွဲ့ဝင် | ---------------- |
| ၆။ | ဦးငွေးဝင်းအောင်(ခ) ဦးပြုံးချို | ဒေါပုံမဲဆန္ဒနယ် | အဖွဲ့ဝင် | ---------------- |

မူကြမ်း

| | | | | |
|---|---|---|---|---|
| ၇။ | ဦးနေလင်းအောင် | မင်းတပ်မဲဆန္ဒနယ် | အဖွဲ့ဝင် | ---------------- |
| ၈။ | ဦးတင်ကိုကိုဦး(ခ) ဦးအတွတ် | ဘီးလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် | ---------------- |
| ၉။ | ဦးခင်ဇော် | ကော့သောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် | ---------------- |
| ၁၀။ | ဒေါ်သန္တာ | အိမ်မဲမဲဆန္ဒနယ် | အဖွဲ့ဝင် | ---------------- |
| ၁၁။ | ဗိုလ်မှူးကြီးစိုးလွင် | တပ်မတော်သား ကိုယ်စားလှယ် | အဖွဲ့ဝင် | ---------------- |
| ၁၂။ | ဦးကျော်မင်း | ကမာရွတ်မဲဆန္ဒနယ် | အဖွဲ့ဝင် | ---------------- |
| ၁၃။ | ဦးဘုန်းမြင့်အောင် | ဒိုက်ဦးမဲဆန္ဒနယ် | အဖွဲ့ဝင် | ---------------- |
| ၁၄။ | ဦးစိုးငွေ | ကော့ကရိတ်မဲဆန္ဒနယ် | အဖွဲ့ဝင် | ---------------- |
| ၁၅။ | ဦးစိုင်းဖိုးမြတ် | မူဆယ်မဲဆန္ဒနယ် | အဖွဲ့ဝင် | ---------------- |
| ၁၆။ | ဦးဝင်းမြင့်အောင် | ဒီပဲယင်းမဲဆန္ဒနယ် | အတွင်းရေးမှူး | ---------------- |

မူကြမ်း

နောက်ဆက်တွဲ(က)

**နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီမှ ဥပဒေကြမ်းကော်မတီ**

**အစည်းအဝေးသို့ တက်ရောက်မှုအခြေအနေ**

**(၂၆-၂-၂၀၁၈ မှ ၂၅-၂-၂၀၁၉ ထိ)**

| စဉ် | ရက်စွဲ | အကြောင်းအရာ | တက်ရောက်သူများ |
|---|---|---|---|
| ၁။ | ၈-၃-၂၀၁၈ | ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း | ဦးခင်မောင်လတ်<br>ဦးခင်ဇော်<br>ဦးထွန်းမြင့် |
| ၂။ | ၁၂-၃-၂၀၁၈ | တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း | ဦးဝင်းမြင့်အောင်<br>ဦးတင်ထွေး<br>ဦးခင်မောင်လတ်<br>ဦးတင်ကိုကိုဦး |
| ၃။ | ၁၃-၃-၂၀၁၈ | နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း | ဦးတင်ထွေး<br>ဦးခင်မောင်လတ်<br>ဦးကျော်မင်း<br>ဒေါ်သန္တာ<br>ဦးတင်ကိုကိုဦး |
| ၄။ | ၁၅-၃-၂၀၁၈ | တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း | ဦးဝင်းမြင့်အောင်<br>ဦးတင်ထွေး<br>ဦးခင်မောင်လတ်<br>ဦးတင်ကိုကိုဦး |
| ၅။ | ၁၆-၃-၂၀၁၈ | ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း | ဦးတင်ထွေး<br>ဒေါ်သန္တာ<br>ဦးခင်မောင်လတ်<br>ဦးခင်ဇော်<br>ဦးထွန်းမြင့် |

မှူကြမ်း

| စဉ် | ရက်စွဲ | အကြောင်းအရာ | တင်ပြသူများ |
|---|---|---|---|
| ၆။ | ၁-၄-၂၀၁၈ | မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ဦးဝင်းမြင့်အောင်<br>ဦးတင်ထွေး<br>ဦးတင်ကိုကိုဦး |
| ၇။ | ၁၂-၅-၂၀၁၈ | မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ဦးစော<br>ဦးခင်မောင်လတ်<br>ဦးတင်ထွေး |
| ၈။ | ၁၆-၅-၂၀၁၈ | စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ | ဦးတင်ထွေး<br>ဦးထွန်းမြင့်<br>ဦးပြုံးချို<br>ဦးကျော်မင်း<br>ဦးဘုန်းမြင့်အောင် |
| ၉။ | ၁၇-၅-၂၀၁၈ | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကြမ်း | ဦးစော<br>ဦးခင်မောင်လတ်<br>ဦးနေလင်းအောင်<br>ဦးတင်ထွေး<br>ဒေါ်သန္တာ |
| ၁၀။ | ၁၈-၅-၂၀၁၈ | မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း | ဦးစိုင်းထွန်းစိန်<br>ဦးခင်ဇော်<br>ဦးတင်ကိုကိုဦး |
| ၁၁။ | ၂၁-၅-၂၀၁၈ | စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ | ဦးတင်ထွေး<br>ဦးထွန်းမြင့် |

မူကြမ်း

| စဉ် | ရက်စွဲ | အကြောင်းအရာ | တက်ရောက်သူများ |
|---|---|---|---|
| | | | ဦးပြုံးချို<br>ဦးကျော်မင်း<br>ဦးဘုန်းမြင့်အောင် |

| စဉ် | ရက်စွဲ | အကြောင်းအရာ | တက်ရောက်သူများ |
|---|---|---|---|
| ၁၂။ | ၂၄-၅-၂၀၁၈ | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကြမ်း | ဦးစော<br>ဦးခင်မောင်လတ်<br>ဦးနေလင်းအောင်<br>ဦးတင်ထွေး၊<br>ဒေါ်သန္တာ |
| ၁၃။ | ၂၅-၅-၂၀၁၈ | မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်း | ဦးခင်ဇော်<br>ဦးတင်ကိုကိုဦး |
| ၁၄။ | ၂၈-၅-၂၀၁၈ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း | ဦးကျော်မင်း<br>ဦးခင်မောင်လတ် |
| ၁၅။ | ၂၉-၅-၂၀၁၈ | ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်း | ဦးဘုန်းမြင့်အောင်<br>ဦးနေလင်းအောင် |
| ၁၆။ | ၃၀-၅-၂၀၁၈ | စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း | ဦးခင်ဇော်<br>ဦးစိုင်းထွန်းစိန်<br>ဦးမြင့်လွင် |
| ၁၇။ | ၃၁-၅-၂၀၁၈ | ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်း | ဦးဘုန်းမြင့်အောင်<br>ဦးနေလင်းအောင် |

| စဉ် | ရက်စွဲ | အကြောင်းအရာ | တက်ရောက်သူများ |
|---|---|---|---|
| ၁၈။ | ၄-၆-၂၀၁၈ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း | ဦးကျော်မင်း<br>ဦးခင်မောင်လတ် |
| ၁၉။ | ၅-၆-၂၀၁၈ | မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်း | ဦးဘုန်းမြင့်အောင်<br>ဦးနေလင်းအောင်<br>ဒေါ်သန္တာ |

| စဉ် | ရက်စွဲ | အကြောင်းအရာ | တက်ရောက်သူများ |
|---|---|---|---|
| ၂၀။ | ၈-၆-၂၀၁၈ | မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ဦးဝင်းမြင့်အောင်<br>ဒေါ်သန္တာ<br>ဦးတင်ထွေး<br>ဦးတင်ကိုကိုဦး |
| ၂၁။ | ၁၂-၆-၂၀၁၈ | ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်း | ဦးဘုန်းမြင့်အောင်<br>ဦးနေလင်းအောင် |
| ၂၂။ | ၁၄-၆-၂၀၁၈ | မြန်မာ့သတ္တုတွင်းနည်းဥပဒေများ | ဦးခင်မောင်လတ်<br>ဦးဘုန်းမြင့်အောင် |
| ၂၃။ | ၁၄-၆-၂၀၁၈ | ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်း | ဦးဘုန်းမြင့်အောင်<br>ဦးနေလင်းအောင် |
| ၂၄။ | ၁၈-၆-၂၀၁၈ | မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်း | ဦးခင်ဇော်<br>ဦးတင်ကိုကိုဦး<br>ဦးနေလင်းအောင် |

| စဉ် | ရက်စွဲ | အကြောင်းအရာ | တက်ရောက်သူများ |
|---|---|---|---|
| ၂၅။ | ၁၆-၇-၂၀၁၈ | စားသုံးသူကာကွယ်ရေးဥပဒေကြမ်း | ဦးဝင်းမြင့်အောင်<br>ဦးကျော်မင်း<br>ဦးတင်ကိုကိုဦး |
| ၂၆။ | ၁၇-၇-၂၀၁၈ | အိမ်ခြံမြေဝန်ဆောင်မှု ဥပဒေကြမ်း | ဦးဝင်းမြင့်အောင်<br>ဦးကျော်မင်း<br>ဦးတင်ကိုကိုဦး<br>ဦးခင်ဇော် |
| ၂၇။ | ၁၈-၇-၂၀၁၈ | ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်း | ဦးစော<br>ဦးကျော်မင်း<br>ဦးတင်ကိုကိုဦး<br>ဦးခင်ဇော် |

| စဉ် | ရက်စွဲ | အကြောင်းအရာ | တက်ရောက်သူများ |
|---|---|---|---|
| ၂၈။ | ၂၀-၇-၂၀၁၈ | သစ်တောဥပဒေကြမ်း | ဦးခင်ဇော်<br>ဦးတင်ကိုကိုဦး |
| ၂၉။ | ၂၄-၇-၂၀၁၈ | စားသုံးသူကာကွယ်ရေးဥပဒေကြမ်း | ဦးဝင်းမြင့်အောင်<br>ဦးကျော်မင်း<br>ဦးတင်ကိုကိုဦး |
| ၃၀။ | ၂၅-၇-၂၀၁၈ | စားသုံးသူကာကွယ်ရေးဥပဒေကြမ်း | ဦးဝင်းမြင့်အောင် |
| ၃၁။ | ၃၀-၇-၂၀၁၈ | မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်း | ဦးစိုင်းထွန်းစိန် |

မူကြမ်း

| စဉ် | ရက်စွဲ | အကြောင်းအရာ | တက်ရောက်သူများ |
|---|---|---|---|
| | | | ဦးဘုန်းမြင့်အောင်<br>ဦးနေလင်းအောင် |
| ၃၂။ | ၃၁-၇-၂၀၁၈ | မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်း | ဦးစိုင်းထွန်းစိန်<br>ဦးဘုန်းမြင့်အောင်<br>ဦးနေလင်းအောင် |
| ၃၃။ | ၁-၈-၂၀၁၈ | မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေကြမ်း | ဦးခင်ဇော်<br>ဦးနေလင်းအောင် |
| ၃၄။ | ၂-၈-၂၀၁၈ | စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ | ဦးစော<br>ဦးထွန်းမြင့်<br>ဦးဘုန်းမြင့်အောင် |
| ၃၅။ | ၃-၈-၂၀၁၈ | အခြေခံပညာရေးဥပဒေကြမ်း | ဦးစော<br>ဦးစိုင်းထွန်းစိန် |
| ၃၆။ | ၈-၈-၂၀၁၈ | မြန်မာ့သတ္တုတွင်းနည်းဥပဒေများ | ဦးခင်မောင်လတ်<br>ဦးဘုန်းမြင့်အောင် |

| စဉ် | ရက်စွဲ | အကြောင်းအရာ | တက်ရောက်သူများ |
|---|---|---|---|
| ၃၇။ | ၈-၈-၂၀၁၈ | ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်း | ဦးစော<br>ဦးခင်ဇော် |
| ၃၈။ | ၁၀-၈-၂၀၁၈ | အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို<br>ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း | ဦးဝင်းမြင့်အောင် |
| ၃၉။ | ၁၃-၈-၂၀၁၈ | မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကြမ်း | ဦးပြုံးချို |

| စဉ် | ရက်စွဲ | အကြောင်းအရာ | တက်ရောက်သူများ |
|---|---|---|---|
| | | | ဦးတင်ကိုကိုဦး<br>ဒေါ်သန္တာ |
| ၄၀။ | ၁၄-၈-၂၀၁၈ | ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်း | ဦးဘုန်းမြင့်အောင်<br>ဦးနေလင်းအောင် |
| ၄၁။ | ၁၅-၈-၂၀၁၈ | ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်း | ဦးဘုန်းမြင့်အောင်<br>ဦးနေလင်းအောင် |
| ၄၂။ | ၁၆-၈-၂၀၁၈ | ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်း | ဦးဘုန်းမြင့်အောင်<br>ဦးနေလင်းအောင် |
| ၄၃။ | ၁၇-၈-၂၀၁၈ | ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်း | ဦးဘုန်းမြင့်အောင်<br>ဦးနေလင်းအောင် |
| ၄၄။ | ၂၀-၈-၂၀၁၈ | ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်း | ဦးဘုန်းမြင့်အောင်<br>ဦးနေလင်းအောင် |
| ၄၅။ | ၂၂-၈-၂၀၁၈ | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး ဥပဒေကြမ်း | ဦးစော<br>ဦးခင်မောင်လတ်<br>ဦးကျော်မင်း |
| ၄၆။ | ၂၃-၈-၂၀၁၈ | အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်း | ဦးစော<br>ဦးတင်ကိုကိုဦး |

| စဉ် | ရက်စွဲ | အကြောင်းအရာ | တက်ရောက်သူများ |
|---|---|---|---|
| ၄၇။ | ၂၇-၈-၂၀၁၈ | ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်း | ဦးမြင့်လွင်<br>ဦးကျော်မင်း |
| ၄၈။ | ၂၈-၈-၂၀၁၈ | ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်း | ဦးကျော်မင်း<br>ဦးခင်ဇော်<br>ဦးတင်ကိုကိုဦး |
| ၄၉။ | ၂၉-၈-၂၀၁၈ | စားသုံးသူကာကွယ်ရေးဥပဒေကြမ်း | ဦးဝင်းမြင့်အောင်<br>ဦးတင်ကိုကိုဦး<br>ဦးကျော်မင်း |
| ၅၀။ | ၃၁-၈-၂၀၁၈ | အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယ အကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း | ဦးဝင်းမြင့်အောင်<br>ဦးခင်မောင်လတ် |
| ၅၁။ | ၃၁-၈-၂၀၁၈ | ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်း | ဦးစော<br>ဦးခင်ဇော် |
| ၅၂။ | ၁၃-၉-၂၀၁၈ | တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုး စီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း | ဦးတင်ကိုကိုဦး |
| ၅၃။ | ၁၄-၉-၂၀၁၈ | မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်း | ဦးစော<br>ဦးခင်ဇော် |
| ၅၄။ | ၁၇-၉-၂၀၁၈ | ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း | ဦးစော<br>ဒေါ်သန္တာ |
| ၅၅။ | ၅-၁၁-၂၀၁၈ | ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း | ဦးမြင့်လွင် |
| ၅၆။ | ၆-၁၁-၂၀၁၈ | ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်း | ဦးဝင်းမြင့်အောင် |

မူကြမ်း

| စဉ် | ရက်စွဲ | အကြောင်းအရာ | တက်ရောက်သူများ |
|---|---|---|---|
| ၅၇။ | ၁၃-၁၁-၂၀၁၈ | မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ဦးတင်ကိုကိုဦး<br>ဦးနေလင်းအောင် |
| ၅၈။ | ၁၄-၁၁-၂၀၁၈ | မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ဦးကျော်မင်း<br>ဦးမြင့်လွင် |
| ၅၉။ | ၁၅-၁၁-၂၀၁၈ | စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း | ဦးကျော်မင်း<br>ဦးမြင့်လွင် |
| ၆၀။ | ၁၆-၁၁-၂၀၁၈ | စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း | ဦးကျော်မင်း |
| ၆၁။ | ၁၉-၁၁-၂၀၁၈ | လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ဦးစော<br>ဦးဝင်းမြင့်အောင် |
| ၆၂။ | ၂၆-၁၁-၂၀၁၈ | လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ဦးဝင်းမြင့်အောင် |
| ၆၃။ | ၂၇-၁၁-၂၀၁၈ | တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း | ဦးမြင့်လွင်<br>ဦးတင်ကိုကိုဦး |
| ၆၄။ | ၂၈-၁၁-၂၀၁၈ | လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ဦးစော |
| ၆၅။ | ၂၉-၁၁-၂၀၁၈ | လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ဦးစော |
| ၆၆။ | ၃၀-၁၁-၂၀၁၈ | တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း | ဦးမြင့်လွင်<br>ဦးတင်ကိုကိုဦး |
| ၆၇။ | ၃-၁၂-၂၀၁၈ | တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း | ဦးတင်ကိုကိုဦး |
| ၆၈။ | ၄-၁၂-၂၀၁၈ | ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း | ဦးကျော်မင်း<br>ဦးပြုံးချို |

| စဉ် | ရက်စွဲ | အကြောင်းအရာ | တက်ရောက်သူများ |
|---|---|---|---|
| ၆၉။ | ၅-၁၂-၂၀၁၈ | တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း | ဦးတင်ကိုကိုဦး |
| ၇၀။ | ၆-၁၂-၂၀၁၈ | တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း | ဦးတင်ကိုကိုဦး |

| စဉ် | ရက်စွဲ | အကြောင်းအရာ | တက်ရောက်သူများ |
|---|---|---|---|
| ၇၁။ | ၁၀-၁၂-၂၀၁၈ | မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကြမ်း | ဦးစော<br>ဦးကျော်မင်း |
| ၇၂။ | ၁၁-၁၂-၂၀၁၈ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း | ဦးစိုးငွေ |
| ၇၃။ | ၁၃-၁၂-၂၀၁၈ | မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကြမ်း | ဦးစော<br>ဦးကျော်မင်း |
| ၇၄။ | ၁၇-၁၂-၂၀၁၈ | နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်း | ဒေါ်သန္တာ |
| ၇၅။ | ၁၈-၁၂-၂၀၁၈ | နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်း | ဒေါ်သန္တာ<br>ဦးတင်ကိုကိုဦး |
| ၇၆။ | ၂၀-၁၂-၂၀၁၈ | လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ဦးစော |
| ၇၇။ | ၁၄-၁-၂၀၁၉ | တံတားကြီးများဥပဒေကြမ်း | ဦးစော<br>ဦးတင်ကိုကိုဦး |
| ၇၈။ | ၁၅-၁-၂၀၁၉ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း | ဦးတင်ကိုကိုဦး |
| ၇၉။ | ၁၉-၁-၂၀၁၉ | အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်း | ဦးတင်ကိုကိုဦး |
| ၈၀။ | ၂၂-၁-၂၀၁၉ | တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း | ဦးတင်ကိုကိုဦး |
| ၈၁။ | ၂၃-၁-၂၀၁၉ | ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်း | ဦးခင်ဇော် |

မူကြမ်း

| စဉ် | ရက်စွဲ | အကြောင်းအရာ | တက်ရောက်သူများ |
|---|---|---|---|
| | | | ဒေါ်သန္တာ |
| ၈၂။ | ၂၄-၁-၂၀၁၉ | နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်း | ဒေါ်သန္တာ<br>ဦးတင်ကိုကိုဦး |
| ၈၃။ | ၂၅-၁-၂၀၁၉ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း | ဦးစိုးငြေး |

| စဉ် | ရက်စွဲ | အကြောင်းအရာ | တက်ရောက်သူများ |
|---|---|---|---|
| ၈၄။ | ၃၀-၁-၂၀၁၉ | ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း | ဦးစော<br>ဦးတင်ကိုကိုဦး |
| ၈၅။ | ၃၁-၁-၂၀၁၉ | စားသုံးသူကာကွယ်ရေးဥပဒေကြမ်း | ဦးဝင်းမြင့်အောင်<br>ဦးတင်ကိုကိုဦး<br>ဦးကျော်မင်း |
| ၈၆။ | ၄-၂-၂၀၁၉ | တံတားကြီးများဥပဒေကြမ်း | ဦးတင်ကိုကိုဦး |
| ၈၇။ | ၇-၂-၂၀၁၉ | ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း | ဦးစော<br>ဦးတင်ကိုကိုဦး |
| ၈၈။ | ၈-၂-၂၀၁၉ | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကြမ်း | ဦးနေလင်းအောင်<br>ဒေါ်သန္တာ |
| ၈၉။ | ၁၄-၂-၂၀၁၉ | တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်း | ဦးစော<br>ဦးခင်မောင်လတ် |
| ၉၀။ | ၁၅-၂-၂၀၁၉ | ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်ခြင်းနှင့်ရေနံထုတ်လုပ် | ဦးပြုံးချို |

| စဉ် | ရက်စွဲ | အကြောင်းအရာ | တက်ရောက်သူများ |
|---|---|---|---|
| | | ခြင်းဆိုင်ရာ ဥပဒေကြမ်း | ဦးနေလင်းအောင် |
| ၉၁။ | ၁၈-၂-၂၀၁၉ | ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်ခြင်းနှင့်ရေနံ ထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေကြမ်း | ဦးပြုံးချို<br>ဦးနေလင်းအောင် |
| ၉၂။ | ၂၀-၂-၂၀၁၉ | ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်ခြင်းနှင့်ရေနံထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေကြမ်း | ဦးဝင်းမြင့်အောင် |
| ၉၃။ | ၂၁-၂-၂၀၁၉ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း | ဦးတင်ကိုကိုဦး |
| ၉၄။ | ၂၂-၂-၂၀၁၉ | ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း | ဦးခင်ဇော် |
| ၉၅။ | ၂၅-၂-၂၀၁၉ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း | ဦးနေလင်းအောင် |

နောက်ဆက်တွဲ (ခ)

## နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီသို့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တင်ပြစာလက်ခံရရှိမှုအခြေအနေ

**(၂၆-၂-၂၀၁၈ မှ ၂၅-၂-၂၀၁၉ ထိ)**

| စဉ် | ပြည်နယ်/ တိုင်း | ဖေဖော် ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩ ဂုတ် | စက်တင် ဘာ | အောက် တိုဘာ | နိုဝင် ဘာ | ဒီဇင် ဘာ | ဇန်နဝါ ရီ | ဖေဖော် ဝါရီ | စုစု ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်း | ၂ | ၁၆ | ၃ | ၁၁ | ၈ | ၁၁ | ၁၉ | ၉ | ၇၇ | ၂၇ | ၂၉ | ၁၈ | ၂၂ | ၂၅၂ |
| ၂ | မန္တလေးတိုင်း | ၃ | ၄ | ၃ | ၈ | ၆ | ၉ | ၂၀ | ၁၇ | ၄၈ | ၄၅ | ၂၁ | ၂၀ | ၁၃ | ၂၁၇ |
| ၃ | စစ်ကိုင်းတိုင်း | ၁ | ၈ | ၇ | ၈ | ၂၃ | ၁၅ | ၁၂ | ၇ | ၃၇ | ၁၆ | ၈ | ၁၁ | ၇ | ၁၆၀ |
| ၄ | ရှမ်းပြည်နယ် | ၁ | ၃ | ၂ | ၇ | ၁၁ | ၃ | ၁၂ | ၉ | ၂၀ | ၈ | ၆ | ၁၂ | ၇ | ၁၀၁ |
| ၅ | ကချင်ပြည်နယ် | - | ၂ | ၁ | ၂ | - | ၅ | - | - | ၁၃ | ၆၈ | ၁ | ၃ | ၁ | ၉၆ |
| ၆ | ပဲခူးတိုင်း | - | - | ၇ | ၃ | ၄ | ၄ | ၈ | ၁၂ | ၁၁ | ၇ | ၉ | ၈ | ၇ | ၈၀ |
| ၇ | ဧရာဝတီတိုင်း | - | ၃ | - | ၃ | ၂ | ၂ | ၉ | ၃ | ၃၁ | ၄ | ၁၁ | ၆ | ၄ | ၇၈ |
| ၈ | မကွေးတိုင်း | - | ၁ | - | ၁ | - | ၄ | ၅ | ၅ | ၆ | ၂ | ၆ | ၅ | ၅ | ၄၀ |
| ၉ | မွန်ပြည်နယ် | - | ၁ | ၁ | ၁ | ၃ | - | ၃ | ၁ | ၃ | ၈ | ၂ | ၁ | ၃ | ၂၇ |
| ၁၀ | တနင်္သာရီတိုင်း | - | ၁ | - | ၁ | - | ၁ | ၂ | ၂ | ၁ | ၁၈ | - | - | - | ၂၆ |
| ၁၁ | ကရင်ပြည်နယ် | - | ၁ | ၂ | ၁ | - | ၂ | ၂ | ၂ | ၆ | ၁ | ၁ | ၁ | ၁ | ၂၀ |
| ၁၂ | ရခိုင်ပြည်နယ် | - | ၁ | ၁ | - | - | - | - | ၃ | ၃ | ၂ | ၃ | ၄ | ၁ | ၁၈ |
| ၁၃ | နေပြည်တော် | - | - | ၂ | - | - | - | - | - | - | - | ၁ | - | - | ၃ |

မူကြမ်း

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၄ | ကယားပြည်နယ် | - | - | - | - | - | - | ၁ | - | - | - | ၂ | - | - | ၃ |
| ၁၅ | ချင်းပြည်နယ် | - | - | - | - | - | - | ၁ | - | - | - | - | - | - | ၁ |
| **စုစုပေါင်း** | | **၇** | **၄၁** | **၂၉** | **၄၆** | **၅၇** | **၅၆** | **၉၄** | **၇၀** | **၂၅၆** | **၂၀၆** | **၁၀၀** | **၈၉** | **၇၁** | **၁၁၂၂** |

နောက်ဆက်တွဲ(ဂ)

## နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီမှ တင်ပြစာများဆောင်ရွက်ထားရှိမှုအခြေအနေ (၂၆-၂-၂၀၁၈ မှ ၂၅-၂-၂၀၁၉ ထိ)

| **စဉ်** | **ဝင်စာပေါင်း** | **ဆောင်ရွက်ပြီးစီးမှုပေါင်း** | | | | **ဒုတိယ ဦးစားပေး (အခြားဌာနများနှင့် အတူ လိပ်မူပေးပို့လာခြင်း ဖြစ်)** | **မှတ်တမ်း** | **ဆောင်ရွက်ဆဲ** |
|---|---|---|---|---|---|---|---|---|
| | | သက်ဆိုင်ရာပို့ | တိုင်ကြားသူထံ အကြံပြု | အခြားကော်မတီသို့ လွှဲပြောင်း | စုစုပေါင်း | | | |
| ၁ | ၁၁၂၂ | ၂၃၇ | ၉၅ | ၁၉ | ၃၅၁ | ၂ | ၄၆၆ | ၃၀၃ |

မူကြမ်း

## နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီမှ
## တင်ပြစာများဆောင်ရွက်ထားရှိမှုအခြေအနေ
## (၂၆-၂-၂၀၁၈ မှ ၂၅-၂-၂၀၁၉ ထိ)

| စဉ် | ဝင်စာပေါင်း | ဆောင်ရွက်ပြီးစီးမှုပေါင်း | ဒုတိယ ဦးစားပေး (အခြားဌာနများနှင့်အတူ လိပ်မူပေးပို့ လာခြင်းဖြစ်) | မှတ်တမ်း | ဆောင်ရွက်ဆဲ |
|---|---|---|---|---|---|
| ၁ | ၁၁၂၂ | ၃၅၁ | ၂ | ၄၆၆ | ၃၀၃ |

နောက်ဆက်တွဲ(ဃ)

## နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီသို့ ပြန်ကြားစာရောက်ရှိမှုအခြေအနေ
## (၂၆-၂-၂၀၁၈ မှ ၂၅-၂-၂၀၁၉ ထိ)

| စဉ် | ဝန်ကြီးဌာန/ဗဟိုအဖွဲ့အစည်း/ ပြည်နယ်/တိုင်းအစိုးရ | ပေးပို့သည့် အရေအတွက် | ပြန်စာရရှိသည့် အရေအတွက် | ပြန်ကြားသည့် ရာခိုင်နှုန်း (%) |
|---|---|---|---|---|
| ၁ | ကာကွယ်ရေးဝန်ကြီးဌာန | ၆၀ | ၉ | ၁၅ % |
| ၂ | ပြည်ထဲရေးဝန်ကြီးဌာန | ၃၉ | ၁၆ | ၄၁.၀၂ % |
| ၃ | လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်း | ၃၀ | ၂ | ၆.၆၇ % |

မူကြမ်း

| စဉ် | ဝန်ကြီးဌာန/ဗဟိုအဖွဲ့အစည်း/ ပြည်နယ်/တိုင်းအစိုးရ | ပေးပို့သည့် အရေအတွက် | ပြန်စာရရှိသည့် အရေအတွက် | ပြန်ကြားသည့် ရာခိုင်နှုန်း (%) |
|---|---|---|---|---|
| | ခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ | | | |
| ၄ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂၂ | ၅ | ၂၂.၇၃ % |
| ၅ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | ၁၈ | ၉ | ၅၀ % |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁၇ | ၁ | ၅.၈၈ % |
| ၇ | ရှမ်းပြည်နယ်အစိုးရအဖွဲ့ | ၁၅ | ၄ | ၂၆.၆၇ % |
| ၈ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁၄ | ၄ | ၂၈.၅၇ % |
| ၉ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၁၃ | ၄ | ၃၀.၇၇ % |
| ၁၀ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁၃ | ၂ | ၁၅.၃၈ % |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁၂ | ၂ | ၁၆.၆၇ % |
| ၁၂ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၉ | ၃ | ၃၃.၃၃ % |
| ၁၃ | ကရင်ပြည်နယ်အစိုးရအဖွဲ့ | ၇ | - | ၀ % |
| ၁၄ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ၆ | ၃ | ၅၀ % |
| ၁၅ | ကချင်ပြည်နယ်အစိုးရအဖွဲ့ | ၆ | ၂ | ၃၃.၃၃ % |
| ၁၆ | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ၅ | ၄ | ၈၀ % |
| ၁၇ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၄ | ၂ | ၅၀ % |
| ၁၈ | ပညာရေးဝန်ကြီးဌာန | ၄ | ၃ | ၇၅ % |
| ၁၉ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၄ | ၂ | ၅၀ % |

| စဉ် | ဝန်ကြီးဌာန/ဗဟိုအဖွဲ့အစည်း/ပြည်နယ်/တိုင်းအစိုးရ | ပေးပို့သည့်အရေအတွက် | ပြန်စာရရှိသည့်အရေအတွက် | ပြန်ကြားသည့်ရာခိုင်နှုန်း (%) |
|---|---|---|---|---|
| ၂၀ | နေပြည်တော်ကောင်စီ | ၄ | ၂ | ၅၀ % |
| ၂၁ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၄ | - | ၀ % |
| ၂၂ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၄ | ၁ | ၂၅ % |
| ၂၃ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ၃ | - | ၀ % |
| ၂၄ | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ၃ | - | ၀ % |
| ၂၅ | ပြန်ကြားရေးဝန်ကြီးဌာန | ၂ | ၁ | ၅၀ % |
| ၂၆ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၂ | ၂ | ၁၀၀ % |
| ၂၇ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၂ | - | ၀ % |
| ၂၈ | မွန်ပြည်နယ်အစိုးရအဖွဲ့ | ၂ | - | ၀ % |
| ၂၉ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၁ | ၁ | ၁၀၀ % |
| ၃၀ | သမ္မတရုံးဝန်ကြီးဌာန | ၁ | - | ၀ % |
| ၃၁ | စက်မှုဝန်ကြီးဌာန | ၁ | - | ၀ % |
| ၃၂ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၁ | ၁ | ၁၀၀ % |
| ၃၃ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ၁ | ၁ | ၁၀၀ % |
| ၃၄ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၁ | ၁ | ၁၀၀ % |
| ၃၅ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၁ | ၁ | ၁၀၀ % |
| ၃၆ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၁ | - | ၀ % |
| ၃၇ | ရန်ကုန်တိုင်းစစ်ဌာနချုပ် | ၁ | - | ၀ % |
| | **စုစုပေါင်း** | **၃၃၃** | **၈၈** | **-** |

မူကြမ်း

နောက်ဆက်တွဲ (င)

## နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ အစည်းအဝေးပြုလုပ်မှုအခြေအနေ

## (၂၆-၂-၂၀၁၈ မှ ၂၅-၂-၂၀၁၉ ထိ )

| စဉ် | အကြောင်းအရာ | အကြိမ် အရေအတွက် |
|---|---|---|
| ၁။ | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး | ၂၉ ကြိမ် |
| ၂။ | ကော်မတီအဖွဲ့ဝင် ဦးကျော်မင်း(ကမာရွတ်မဲဆန္ဒနယ်)မှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ပြည်ထောင်စုလွှတ်တော်၊ ရငွေသုံးငွေများစိစစ်ရေး ပူးပေါင်း**အဖွဲ့(၁၈)**၏ လုပ်ငန်း ညှိနှိုင်းဆွေးနွေးခြင်း (၂၄-၇-၂၀၁၈)၊ (၂၅-၇-၂၀၁၈) | ၂ ကြိမ် |
| ၃။ | ကော်မတီဥက္ကဋ္ဌ ဦးစော(ညောင်ဦးမဲဆန္ဒနယ်)မှ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ပြည်ထောင်စုလွှတ်တော်၊ ရငွေသုံးငွေများစိစစ်ရေး ပူးပေါင်း**အဖွဲ့(၁)**၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးခြင်း (၂၅-၇-၂၀၁၈၊ ၃၀-၇-၂၀၁၈) | ၂ ကြိမ် |
| ၄။ | ကော်မတီအဖွဲ့ဝင် ဦးကျော်မင်း(ကမာရွတ်မဲဆန္ဒနယ်)မှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ပြည်ထောင်စုလွှတ်တော်၊ ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်း **အဖွဲ့(၁၈)**၏ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့အားတွေ့ဆုံခြင်း (၃၀-၇-၂၀၁၈) (၁-၈-၂၀၁၈) (၂-၈-၂၀၁၈) | ၅ ကြိမ် |
| ၅။ | ကော်မတီဥက္ကဋ္ဌ ဦးစော(ညောင်ဦးမဲဆန္ဒနယ်)မှ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ပြည်ထောင်စုလွှတ်တော်၊ ရငွေသုံးငွေများစိစစ်ရေး ပူးပေါင်း**အဖွဲ့(၁)**၏ နိုင်ငံတော်အတိုင်ပင်ခံရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့အား တွေ့ဆုံခြင်း (၃၁-၇-၂၀၁၈) | ၃ကြိမ် |
| ၆။ | တိုင်ကြားစာနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနအား တွေ့ဆုံခြင်း (၇-၈-၂၀၁၇) | ၁ ကြိမ် |
| ၇။ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အား တွေ့ဆုံခြင်း (၁၆-၅-၂၀၁၈)(၂၀-၁၂-၂၀၁၈) | ၂ ကြိမ် |

မှတ်ချက်

| | | |
|---|---|---|
| ၈။ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တွေ့ဆုံခြင်း (၁၃-၉-၂၀၁၈) (၂၀-၂- ၂၀၁၉) | ၂ ကြိမ် |
| **စုစုပေါင်း** | | **၄၆ ကြိမ်** |

နောက်ဆက်တွဲ(စ)

## နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီမှ လွှတ်တော်သို့ မေးမြန်းခဲ့သည့် မေးခွန်းများနှင့် အဆိုများ၏ အခြေအနေ

**(၂၆-၂-၂၀၁၈ မှ ၂၅-၂-၂၀၁၉ ထိ)**

| စဉ် | အမည် | တာဝန် | မဲဆန္ဒနယ် | မေးခွန်း | | အဆို |
|---|---|---|---|---|---|---|
| | | | | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | |
| (က) | ဦးစိုင်းထွန်းစိန် | အဖွဲ့ဝင် | မိုင်းပျဉ်း | ၃ | ၁၈ | - |
| (ခ) | ဦးခင်မောင်လတ် | ။ | မြန်အောင် | ၃ | - | - |
| (ဂ) | ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချို | ။ | ဒေါပုံ | - | ၅ | - |
| (ဃ) | ဦးနေလင်းအောင် | ။ | မင်းတပ် | ၄ | ၁၁ | ၁ |
| (င) | ဦးတင်ကိုကိုဦး(ခ) ဦးအတွတ် | ။ | ဘီးလင်း | ၄ | - | ၁ |
| (စ) | ဦးတင်ထွေး | ။ | ဝေါ | - | - | ၁ |
| (ဆ) | ဦးခင်ဇော် | ။ | ကော့သောင်း | ၆ | - | - |
| (ဇ) | ဒေါ်သန္တာ | ။ | အိမ်မဲ | ၃ | ၂ | - |

| | | | | | | |
|---|---|---|---|---|---|---|
| (ဈ) | ဦးကျော်မင်း | ။ | ကမာရွတ် | ၁ | - | - |
| (ည) | ဦးဘုန်းမြင့်အောင် | ။ | ဒိုက်ဦး | ၁ | - | - |
| (ဋ) | ဦးစိုးငွေး | ။ | ကော့ကရိတ် | - | ၅ | - |
| (ဌ) | ဦးစိုင်းဖိုးမြတ် | ။ | မူဆယ် | ၁ | - | - |
| (ဍ) | ဦးဝင်းမြင့်အောင် | အတွင်းရေးမှူး | ဒီပဲယင်း | ၂ | ၂၇ | - |
| **စုစုပေါင်း** | | | | **၂၈** | **၆၈** | **၃** |

နောက်ဆက်တွဲ(ဆ)

## နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီမှ

## ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ တွေ့ဆုံမှုအခြေအနေ

**(၂၆-၂-၂၀၁၈ မှ ၂၅-၂-၂၀၁၉ ထိ )**

| စဉ် | ရက်စွဲ | တွေ့ဆုံသည့် အဖွဲ့အစည်း | အကြောင်းအရာ | တက်ရောက်သူ အရေအတွက် |
|---|---|---|---|---|
| ၁။ | ၁၅-၃-၂၀၁၈ | Equality Myanmar | လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ | ၃၅ ဦး |
| ၂။ | ၆-၉-၂၀၁၈ | Joint Strategy Team | စစ်ဘေးရှောင်ပြည်သူများ၏ အခက်အခဲများနှင့် လူ့အခွင့်အရေး ဆုံးရှုံးနေမှုများ | ၆ ဦး |
| ၃။ | ၁၂-၁၁-၂၀၁၈ | APF စွမ်းဆောင်ရည် အကဲဖြတ်မှုအဖွဲ့ | လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ | ၆ ဦး |
| ၄။ | ၁၆-၁၁-၂၀၁၈ | အမေရိကန်သံရုံး | လူ့အခွင့်အရေးဆိုင်ရာကာကွယ်မှု များ | ၂ ဦး |

မူကြမ်း

| စဉ် | ရက်စွဲ | တွေ့ဆုံသည့် အဖွဲ့အစည်း | အကြောင်းအရာ | တက်ရောက်သူ အရေအတွက် |
|---|---|---|---|---|
| ၅။ | ၂၀-၁၁-၂၀၁၈ | Equality Myanmar | လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ ကြုံတွေ့နေရသည့် အခက်အခဲများ | ၂၆ ဦး |
| ၆။ | ၂၈-၁-၂၀၁၉ | မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန | ကလေးသူငယ်အခွင့်အရေး၊ မသန်စွမ်းအခွင့်အရေးနှင့် စီးပွားရေးလုပ်ငန်းများ၏ တာဝန်များ | ၃ ဦး |

နောက်ဆက်တွဲ(ဇ)

## နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီမှ ကော်မတီဝင်များ နိုင်ငံခြားသွားရောက်မှု အခြေအနေ

**(၂၆-၂-၂၀၁၈ မှ ၂၅-၂-၂၀၁၉ ထိ )**

| စဉ် | အမည် | နိုင်ငံ | သွားရောက်သည့်နေ့ရက် |
|---|---|---|---|
| ၁။ | ဦးစိုင်းထွန်းစိန် | ဟောင်ကောင် | ၉-၇-၂၀၁၈ မှ ၁၃-၇-၂၀၁၈ ထိ |
| ၂။ | ဦးထွန်းမြင့် | ဟောင်ကောင် | ၆-၁၁-၂၀၁၈ မှ ၁၂-၁၁-၂၀၁၈ ထိ |
| ၃။ | ဦးငွေဝင်းအောင်(ခ)ဦးပြုံးချို | အိန္ဒိယ | ၂၇-၁-၂၀၁၉ မှ ၃-၂-၂၀၁၉ ထိ |

## ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၆-၁၁-၂၀၁၉ ရက်နေ့ (အင်္ဂါနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နား ပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်းနှင့် ယနေ့အတွက်အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၂း၂၅**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

မူကြမ်း

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။


[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၂း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့

(၂၅.၁၁.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




Dr Linn Linn Kyaw | U Kyaw Myo




U Pe Than | U Kyaw Myo




U Kyaw Linn | U Aung Kyaw Zan




U Kyaw Linn | U Kyaw Min




U Kyaw Linn | U Thein Tun




U Kyaw Linn | U Win Win

pyithu.hluttaw.mm


U Kyaw Linn


U Moe Shwe

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်